ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

အမှတ် ( ၁၉ )

ဩဂုတ်လ၊ ၂၀၀၀ ခုနှစ်

# မြန်မာ့နည်းမြန်မာ့ဟန် ဖက်ဆစ်ဝါဒ လာဦးမည်လော

( ၁ )

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၀ ပြည့်နှစ်အကုန်တွင် အပြီးအပြတ် စစ်အစိုးရက ချေမှုန်းဖျက်သိမ်းတော့မည်ဟူသောသတင်း ကြားနေရပါသည်။

အမှန်တကယ် ချေမှုန်းလို၍ လူထုတုံ့ပြန်မှုကို အကဲစမ်းသည့်သဘော စစ်အစိုးရက တမင်ထုတ်လွှင့်လိုက်ခြင်းလော– သို့တည်းမဟုတ် ယခုအတိုင်း “ထန်းလျက်လုံး ခွေးလျက် ” ပေါ်လစီကို ဆက်လက်ကျင့်သုံးနိုင်ရန် ခြိမ်းလုံးခြောက်လုံး ပေးခြင်းလော – ဆိုသည်ကို ဝေခွဲရန် ခက်ပါသေးသည်။ စောင့်ကြည့်ရပါဦးမည်။

( ၂ )

စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို “ဦးတည်ရန်သူ” အဖြစ် သတ်မှတ်သည်မှာ ၁၉၉၀ ရွေးကောက်ပွဲ ပြီးကတည်းက ဖြစ်ပါသည်။ မြန်မြန်ချေမှုန်းပစ်ချင်ပါသည်။ ပြည်တွင်းပြည်ပ အခြေအနေများကြောင့်သာ ယခုလို အချိန်ဆွဲနေခြင်း ဖြစ်ပါသည်။

၁၉၉၀ ခုနှစ်မှ ယခုအထိ ( ၁၀ ) နှစ်အတွင်းတွင် တခါတရံ ဖိနှိပ်သည့်နည်း၊ တခါတရံ ခွဲပြီးဆွဲဆောင်သည့်နည်း – နည်းနှစ်နည်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖြိုခွဲခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်မချခင်က ဖိနှိပ်ခြိမ်းခြောက်သည့်နည်း သုံးပါသည်။ အိမ်ချုပ်ချစဉ် ကာလတွင်ကား တချို့ကိုဖိနှိပ် တချို့ကိုဆွဲဆောင်သည့် ပေါ်လစီ သုံးခဲ့ပါသည်။ အိမ်ချုပ်မှ လွှတ်ပေးပြီးသည့် ကာလတွင်ကား “ထန်းလျက်လုံးခွေးလျက် ” ပေါ်လစီဖြင့် တဖွဲ့လုံးကို တစတစ ချေမှုန်းရေးနည်း သုံးနေပါသည်။ ဖမ်းဆီးထောင်ချခြင်း၊ ‘ဧည့်ရိပ်သာ’ ဆိုသည်များတွင် ခေါ်ထားခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်၍ ထွက်စေခြင်း စသည်တို့သာမက ပြည်ပသို့ပြေးအောင်လည်း လုပ်ပါသည်။

ပြည်ပရောက်များကိုလည်း ထိုင်း (ယိုးဒယား) တွင် ကိစ္စဝိစ္စများ ဖြစ်ပြီးသောအခါတွင် တတိယနိုင်ငံပို့ရေး လုပ်ပါသည်။ ဤသို့ လုပ်ရာတွင် အမေရိကန်ကပါ စစ်အစိုးရ အကြိုက်လိုက်၍ ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။

( ၃ )

ဗမာလူမျိုးကြီးဝါဒနှင့် “အတုအယောင် ဆိုရှယ်လစ်ဝါဒ” ကို ပေါင်းစပ်ထားသော “မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ” ဆိုသည်ကို လုပ်လာကတည်းက “မြန်မာ့နည်းမြန်မာ့ဟန် ဖက်ဆစ်ဝါဒ” တနေ့တွင် စစ်အစိုးရက လုပ်လာနိုင်သည်ဟု ကျွန်တော်တို့ တွက်ဆခဲ့ပါသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အကုန်တွင် တကယ်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မတရားသင်း ကြေညာခြင်း၊ ခေါင်းဆောင်များကို ဖမ်းဆီးခြင်းလုပ်ခဲ့သော် ဒီမိုကရေစီလမ်းကို အပြီးအပိုင် ငြင်းပယ်စွန့်လွှတ်ကာ “မြန်မာ့နည်းမြန်မာ့ဟန် ဖက်ဆစ်ဝါဒ” သို့ စစ်အစိုးရက တက်လှမ်းသွားခြင်းပင် ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ပါတီကို ဦးကျော်ငြိမ်း လုပ်ခဲ့သလိုလည်း စစ်အစိုးရက လုပ်နိုင်ကြောင်းကို ထည့်တွက်ထားသင့်ပါသည်။ သခင်သန်းထွန်း (ဗကပ) ကို ထောင်ထဲပို့၊ တောထဲပို့ပြီး ချေမှုန်းရန်နှင့် ဦးသိန်းဖေ (မြင့်) ကို (ဗကပ) ဆိုင်းဘုတ်အပ်ရန် ကြံစည်ခဲ့ပါသည်။ ဦးသိန်းဖေ (မြင့်) တွင် ဇနီးကလွဲပြီး ထောက်ခံသူ လက်တဆုပ်စာပင် မရှိ၍ ဦးကျော်ငြိမ်း၏ အကြံအစည် ပျက်ခဲ့ပါသည်။ ဤသို့ဖြင့် ပြည်တွင်းစစ်မီးလည်း စတင်တောက်လောင်ခဲ့ပါသည်။ ထိုမီးသည် ယခုအထိ တောက်လောင်ဆဲ ဖြစ်ပါသည်။ ငြိမ်းချမ်းသောနည်းကို ကျွန်တော်တို့ အခါအခွင့် ပေးလိုပါသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ သည် ၂၁ ရာစု အထိ ပြည်တွင်းစစ်မီးကို မကူးစက်စေနှင့်ဟု သဘောထားခဲ့ပါသည်။

စစ်အစိုးရက ကျွန်တော်တို့ပါတီကို “ဦးတည်ရန်သူ” အဖြစ်ထားရာမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို “ဦးတည် ရန်သူ” အဖြစ် ပြောင်းထားပြီးကတည်းက ကျွန်တော်တို့သည် ကာယကံရှင်များ နှစ်ဦးနှစ်ဘက် တွေ့ဆုံဆွေးနွေးနိုင်ကြစေရန် နည်းနာအမျိုးမျိုး ရှာကြံ၍ အကြံပေးတင်ပြခဲ့ပါသည်။ “သုံးပွင့်ဆိုင်” ဆွေးနွေးရန် စစ်အစိုးရအတွက် ခက်နေပါက “နှစ်ပွင့်ဆိုင်” အရင်ဆုံးဆွေးနွေးဖို့ပင် အဆိုပြုခဲ့ပါသည်။

မဟာမိတ်အချို့၏ အထင်အမြင် အလွဲခံရမည်ကို သိလျက်နှင့် ဤသို့ အကြံပေးခဲ့ခြင်း ဖြစ်ပါသည်။ စစ်အုပ်စုကို ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းစေရန် အပျော့ပျောင်းဆုံးအဆိုကို တင်ပြခြင်း ဖြစ်ပါသည်။

ယခုလည်း အချိန်မနှောင်းမီ အဆို တခု တင်ပြပါမည်။ ပြည်သူ့ဆန္ဒအရ တင်မြှောက်သော ဒီမိုကရေစီအစိုးရစနစ် ပေါ်ထွက်ရေးကို ရှေ့ရှု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်အစိုးရတို့ ကြိုတင်စည်းကမ်းသတ်မှတ်ချက် မထားဘဲ ဆွေးနွေးကြရန် ဖြစ်ပါသည်။ နှစ်ဦးနှစ်ဘက် ကိုယ်စီစိတ်ဝင်စားရာ တိုင်းရေးပြည်ရာများကို တွေ့ဆုံဆွေးနွေးကြရန် ဖြစ်ပါသည်။

( ၄ )

စစ်ဝါဒသည် မည်သည့်တိုင်းပြည်ကိုမျှ အကျိုးမပေးခဲ့ပါ။ တရုတ်နှင့် ရုရှားအပေါ် ၁၈၉၅ နှင့် ၁၉၀၅ ခုနှစ်များက အောင်ပွဲရခဲ့သော ဂျပန်စစ်ဝါဒီတို့သည် အလွန်မာန ထောင်လွှားခဲ့ကြပါသည်။ ဤသို့ဖြင့် ဖက်ဆစ်ဝါဒအဖြစ် ကြီးထွားသွားကာ ဒုတိယကမ္ဘာစစ်တွင် ဝင်နွှဲခဲ့ပါသည်။ နာခေါင်းကျည်ပွေ့တွေ့ကာ ယခုအထိ စစ်ရေးအရ၊ နိုင်ငံရေးအရ နာလန်မထူနိုင်သေးပါ။ အမေရိကန်တပ်များ ချရပ်ထားခြင်း ခံနေရပါသည်။ အမျိုးသား ဂုဏ်သိက္ခာ ညှိုးနွမ်းခံနေရဆဲ ဖြစ်ပါသည်။ ဂျပန်၏အဖြစ်ကို သင်ခန်းစာ ယူသင့်ပါသည်။

နယ်ချဲ့နိုင်ငံကြီး ဖြစ်ခဲ့သော ဂျပန်အဖို့ဆိုပါက ဆင်ပိန်ကျွဲအဆင့် ကျန်နိုင်ပါသေးသည်။ ဗမာပြည်သာဆိုလျှင် မည်သည့်အဆင့်မျှ ရှိတော့မည် မဟုတ်သည်ကို သတိပြုစေလိုပါသည်။ တိုင်းပြည်အစိတ်စိတ် ပြိုကွဲကာ အချင်းချင်းတခြိမ်းခြိမ်း တိုက်နေရသည့်အဖြစ် ရောက်သွားပါလိမ့်မည်။

ယနေ့လို ကမ္ဘာ့အခြေအနေတွင် ဗမာပြည် မည်သို့ဖြစ်သွားနိုင်သည် ဆိုသည်ကို လူပြိန်းတွေး တွေးကြည့်လျှင်ပင် သိနိုင်ပါသည်။ စစ်အုပ်စုဝင်များမှာ လူပြိန်းများ မဟုတ်ကြ၍ တွေးကြည့်လျှင် အထင်အရှား မြင်နိုင်ပါလိမ့်မည်။ သမိုင်းတွင် မည်သို့ဖြစ်ပျက်ခဲ့ဖူးသည် ဆိုသည်ကိုလည်း ဆင်ခြင်ကြည့်သင့်ပါသည်။ ငါတကောကောလျှင် အငိုလွယ်၍ အရှုံက်ခက်ပါလိမ့်မည်။

စစ်အုပ်စုဝင်များတွင် ထင်ယောင်မှားမှုကြီးတခု ရှိနေပါသည်။ ၎င်းမှာ သူတို့လက်ထက်တွင် ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ပြီးပြီ။ ဖဆပလအစိုးရ၊ ပထစအစိုးရနှင့် သူတို့၏အကြီးအကဲ ဗိုလ်ချုပ်ကြီးအစိုးရများပင် မလုပ်နိုင်ခဲ့သော ပြည်တွင်းစစ် အနိုင်တိုက်ရေးကို သူတို့က ပရိယာယ်ဖြင့် လုပ်နိုင်ခဲ့ပြီဟု အထင်ရောက်နေခြင်း ဖြစ်ပါသည်။ ထိုထင်ယောင်မှားမှုက သူတို့ကို သွေးနားထင်ရောက်နေစေပြီး ဆင်ခြင်တုံတရား မဲ့စေခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာဖြင့် အကြမ်းပတမ်း ဖျက်သိမ်းပစ်ရေးကို လုပ်မိလျှင် ပြင်မရသောအမှား ကျူးလွန်ခြင်း ဖြစ်သွားပါလိမ့်မည်။ ဗမာပြည်၏သမိုင်းတွင် အာဏာပိုင်တို့၏ တဒင်္ဂဆုံးဖြတ်ချက် အမှားကြောင့် တိုင်းပြည်နစ်နာခဲ့ဖူးလှပါပြီ။ ၁၉၄၈ မတ်လက အမှားမျိုးကို ယခုစစ်အစိုးရက ထပ်မံမကျူးလွန်မိစေချင်ပါ။ ပွင့်နေသော ဒီမိုကရေစီလမ်းကြောင်းကို ပိတ်ပစ်ပြီး ပြည်တွင်းစစ်လမ်းကြောင်းအတိုင်း မလျှောက်လှမ်းမိစေရန် ဆင်ခြင်လိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။

( ၅ )

စစ်အုပ်စုက အာဏာမာန်ယစ်ကာ မည်သို့မျှ၊ မည်သူမျှ တားမရဘဲ ဇွတ်အတင်းလုပ်မည်ဆိုလျှင် ဒီမိုကရေစီအင်အားစုများသည် တိုက်ပွဲသဏ္ဍာန်သစ်၊ စည်းရုံးရေးသဏ္ဍာန်အသစ်ကို စဉ်းစားရပါမည်။ ကျွန်တော်တို့ကွန်မြူနစ်များသည် ဤသို့သော ဖြစ်နိုင်မှုအတွက် စဉ်းစားထားပြီး ဖြစ်ပါသည်။

ဒီမိုကရေစီရေးတိုက်ပွဲမှာ ကျွန်တော်တို့ မိဘဘိုးဘေးများ လက်ထက်ကစပြီး ယခုထိ တိုက်နေရသောတိုက်ပွဲ ဖြစ်ပါသည်။ (၁၉၄၅ – ၄၆) ခုနှစ်များကလို ဒီမိုကရေစီ စည်ပင်သော ကာလလည်းကြုံဖူး၊ ( ၁၉၆၂ – ၈၈ ) ထိကာလများလို ဒီမိုကရေစီ ဆိတ်သုဉ်းသော ကာလလည်း ဖြတ်သန်းခဲ့ဖူးသော ပြည်သူများသည် စစ်အုပ်စု လုပ်သမျှ လက်ပိုက်ကြည့်နေကြမည် မဟုတ်ပါ။

ပြန်၍နောက်ဆုတ်မရတော့သော စည်းကြောင်းကို ဖြတ်ရမည့် ကိစ္စဖြစ်၍ အထပ်ထပ်စဉ်းစားပါဟုသာ စစ်အုပ်စုကို အကြံပေးလိုက်ပါကြောင်း။

# နယ်ချဲ့ဆန့်ကျင်ရေးကို ဘာ့ကြောင့်ကွန်မြူနစ်တွေပြောနေရသလဲ

## တကယ့်နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ပါးစပ်နယ်ချဲ့ဆန့်ကျင်ရေး

**အနယ်နယ် အရပ်ရပ်မှ ဒီမိုကရေစီအရေးတော်ပုံ တိုက်ပွဲဝင်ရဲဘော်များ၏အမေးကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ၏ ဖြေကြားချက်**

**မေး** – နယ်ချဲ့စနစ် ရှိကောရှိသေးရဲ့လား။ နယ်ချဲ့စနစ်ကို တိုက်စရာ မလိုတော့ဘူးလို့ ကျွန်တော်တို့ မြင်နေပါတယ်။ တိုင်းပြည်တွေအများကြီး လွတ်လပ်လာကြတယ်။ ကမ္ဘာ့ကုလသမဂ္ဂမှာ လွတ်လပ်ရေးရလာတဲ့ တိုင်းပြည်တွေက အများစုကြီး ဖြစ်နေပြီ။ ကိုလိုနီတိုင်းပြည်ဆိုတာလည်း သိပ်မရှိတော့ဘူး။ ရှိတဲ့ဟာကလည်း လူဦးရေ မဆိုစလောက်ရှိတဲ့ ကျွန်းနိုင်ငံကလေးတွေပဲ။

**ဖြေ** – ကျွန်တော် မဖြေခင်မှာ တခုပြောထားချင်ပါတယ်။ ကျွန်တော့် ဖြေဆိုချက် ရှင်းလင်းပြတ်သားမှုရှိဖို့ ရှည်ရှည်ဖြေရပါလိမ့်မယ်။ ကျွန်တော် ဖြေနေတဲ့အတွင်းမှာ မရှင်းလင်းတာရှိရင် ချက်ချင်းမေးခွန်းထုတ်စေလိုပါတယ်။ အားမနာပါနဲ့။ နိုင်ငံရေးအတွေးအခေါ်ကိစ္စမှာ ရှင်းရှင်းလင်းလင်းဖြစ်ကြတာ အကောင်းဆုံးပါ။

စပြီးဖြေပါ့မယ်။ နယ်ချဲ့စနစ် ရှိနေဆဲပါ။ လွတ်လပ်ရေးရတာဟာ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲစဉ်ကြီးထဲက အဆင့်တဆင့် အောင်မြင်တာပါ။ လွတ်လပ်ရေးရလာတဲ့ တိုင်းပြည်တိုင်းဟာ ဘက်စုံအမှီခိုကင်းရေးဆီသို့ ချီတက်ရပါဦးမယ်။

တိုင်းပြည်တပြည်မပြောနဲ့ ပါတီတခု လူပုဂ္ဂိုလ်တဦးတယောက်ဟာ သူများအပေါ် မှီခိုနေရရင် ဘယ်လိုမှ မကောင်းပါဘူး။ မလွတ်မြောက်ပါဘူး။ မှီခိုရမှုဆိုတာဟာ နိုင်ငံရေးကိစ္စသက်သက်ပြောတာ မဟုတ်ပါဘူး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဘက်စုံကို ပြောတာပါ။

နယ်ချဲ့စနစ်ကို ပင်ဂွင်းတိုက်ကထုတ်တဲ့ နိုင်ငံတကာဆက်ဆံရေးများဆိုင်ရာ အဘိဓာန်က ဒီလိုအဓိပ္ပာယ် ဖွင့်ပြပါတယ်။ သဘောကိုပဲ ပြောပါမယ်။ ဗိုလ်ကျလွှမ်းမိုးတဲ့နိုင်ငံက လက်အောက်ခံနိုင်ငံများ၊ ပြည်သူများကို လွှမ်းမိုးချုပ်ချယ်ခြင်း ဖြစ်တယ်။ မိမိရဲ့အာဏာများကို မိမိတိုင်းပြည်မှာသာမက ပြင်ပတိုင်းပြည်များ အပေါ်သို့ပါ ဖြန့်ကြက်ခြင်းဖြစ်တယ်စသဖြင့် ဖွင့်ပါတယ်။ ကိုလိုနီဝါဒနဲ့ ဆက်စပ်နေပေမယ့် တသီးတခြား တဘာသာစီ ဖြစ်တယ်လို့လည်း ပြောပါတယ်။ ကိုလိုနီဝါဒနဲ့ နယ်ချဲ့ဝါဒ (စနစ်) တထပ်တည်းလို့ မထင်မြင်မိအောင် ရှင်းရှင်းပြောပါတယ်။

အမှန်ပါပဲ။ နယ်ချဲ့စနစ်နဲ့ ကိုလိုနီဝါဒ (အဟောင်း) ဟာ တထပ်တည်း မဟုတ်ပါဘူး။ ကိုလိုနီဝါဒ စတင်ကျင့်သုံးတုန်းက ဆိုရင် တချို့နယ်ချဲ့လက်ဝါးကြီးအုပ် အရင်းရှင်အုပ်စုတွေက ကိုလိုနီဝါဒကျင့်သုံးရေးကို သဘောမတွေ့ပါဘူး။ ကိုလိုနီအလုပ်ခံရတဲ့ အမျိုးသားတွေကို သူတို့က စာနာလို့တော့ မဟုတ်ပါဘူး။ သူတို့တွက်ကိန်းက စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအရ လွှမ်းမိုးထားနိုင်ရင်တော်ပြီ၊ ကိုလိုနီအဖြစ် သိမ်းသွင်းပြီး နိုင်ငံရေးအရပါ လွှမ်းမိုးချုပ်ကိုင်ထားရရင် စရိတ်စက ကြီးလေးမယ်။ တွက်ခြေမကိုက်ဘူးလို့ ထင်ခဲ့လို့ပါ။

သူတို့တွက်ကိန်းက တိုင်းပြည်တပြည်ကို ကိုလိုနီလုပ်ထားရင် လွတ်လပ်ရေးတိုက်ပွဲဝင် အမျိုးသားတွေရဲ့ ဆန့်ကျင်တော်လှန်မှုကို အမြဲတွန်းလှန်နေရမယ်။ အမျိုးသားတော်လှန်ရေးတွေကို ဖိနှိပ်ဖို့ အမြဲတမ်းစစ်တပ် ထားရမယ်။ ဗျူရိုကရေစီယန္တရားကြီး ထားရမယ်။ ရလာမယ့် အခွန်ဘဏ္ဍာနဲ့ စရိတ်ကာမိပါ့မလားလို့ ပူပင်တာပါ။
ဒါပေမဲ့ အဲဒီလို ပူပင်တဲ့အုပ်စုက အနည်းစုပါ၊ အများစုက ကိုလိုနီဝါဒ ကျင့်သုံးရေး ကြိုက်ပါတယ်။

ဒါကြောင့်လည်း ကိုလိုနီတွေ တကမ္ဘာလုံးမှာ ကွက်လပ်မကျန် ဖြစ်ကုန်တာပါ။ တကမ္ဘာလုံး ကိုလိုနီဖြစ်တယ် ဆိုရာမှာ အားလုံးတပြေးညီ ဖြစ်ကြတာ မဟုတ်ပါဘူး။ အမေရိကတိုက် (တောင်နဲ့မြောက် )၊ ဩစတြေးလျ ၊ နယူးဇီလန်တို့မှာ ပုံစံတမျိုးပါ။ လူမျိုးတုံးသုတ်သင်ပြီး ကိုလိုနီလုပ်တာပါ။ တိုင်းရင်းသားလူမျိုးတွေ မျိုးဖြုတ်ခံရတာပါ။ ဥပမာ – ဘရာဇီးဆိုပါတော့ – နယ်ချဲ့သမားတွေ မရောက်ခင်က တိုင်းရင်းသားလူမျိုး လူဦးရေငါးသန်း ရှိခဲ့တယ်။ အခုတော့ သုံးသိန်းသုံးသောင်းပဲ တောနက်ကြီးတွေထဲမှာ

ကျန်ရစ်တယ်။ အများစုကြီးက လူဖြူတိုင်းပြည် သို့မဟုတ် လူဖြူတပိုင်း တိုင်းပြည်တွေ ဖြစ်ကုန်ပါတယ်။

အာရှမှာ၊ အာဖရိကမှာက အဲဒီလို လူမျိုးတုံးလုပ်လို့ မရပါဘူး။ ရနိုင်တဲ့ အခြေအနေလည်း မရှိပါဘူး။ ဒီတော့ အိမ်ကြက်ချင်း အိုးမည်းသုတ်ရတယ်။ သွေးခွဲအုပ်စိုးရေး လုပ်ရတယ်။ တိုင်းရင်းသား အချင်းချင်းတိုက်တဲ့ စစ်ပွဲတွေ ဖန်တီးရတယ်။ အဲဒီလို နည်းမျိုးစုံသုံးပြီး ကိုလိုနီ သို့မဟုတ် ကိုလိုနီတပိုင်းဖြစ်အောင် လုပ်ရတာပဲ။ အိန္ဒိယနဲ့ တရုတ်ပြည်ရဲ့ သမိုင်းကို ကြည့်ပါ။

အာရှ ၊ အာဖရိကမှာ တချို့က ဘာသာကိုးကွယ်မှု ပြောင်းချင်ပြောင်းသွားမယ်၊ လူမျိုးတော့ ပြောင်းမသွားခဲ့ပါဘူး။

ကွဲပြားမှုကို သမိုင်းနဲ့ချီပြီး ပြောနေတာက ကိုလိုနီဝါဒအောက်က လွတ်ပုံချင်း မတူညီကြတာကို အထူးပြု ရည်ညွှန်းချင်လို့ပါ။

အခုကမ္ဘာမှာ ပြိုင်ဘက်ကင်းတဲ့ တဦးတည်းသော ဗိုလ်ကျလွှမ်းမိုးရေးသမား အမေရိကန်တိုင်းပြည် ကိုလိုနီဘဝက လွတ်လာပုံနဲ့ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ လွတ်လာပုံ မတူပါဘူး။ တောင်အမေရိကန်တိုင်းပြည်တွေ လွတ်လာပုံနဲ့ အာရှ ၊ အာဖရိက တိုင်းပြည်တွေ လွတ်လာပုံတွေ တခုနဲ့တခု မတူကြပါဘူး။

ဒါတွေဟာ သီးခြားလေ့လာရမယ့် သမိုင်းရေးကိစ္စတွေဖြစ်လို့ ထားပါတော့။ ကိုလိုနီတွေ လွတ်လပ်လာတာ မှန်ပါတယ်။ တိုင်းပြည်သစ်တွေ ပေါ်လာပါတယ်။ အားလုံးဟာ မိခင်နယ်ချဲ့နိုင်ငံကို အကြမ်းဖက်လို့တမျိုး၊ စိန်ခေါ်အားစမ်းလို့တဖုံ တိုက်ပွဲဝင်ပြီး လွတ်လပ်ရေး ရလာကြတာပါ။ ဘယ်နေရာမှာမှ ရှောရှောရှူရှူ ၊ အေးအေးသက်သာရတာ မဟုတ်ပါဘူး။

လွန်ခဲ့တဲ့ ရာစုနှစ်တခုက “တွက်ခြေကိုက်မှ ကိုက်ရဲ့လား”လို့ ပုပင်ခဲ့သူတွေ မြော်မြင်ခဲ့သလို – ကိုလိုနီ ဆက်လုပ်ထားရင် တွက်ခြေမကိုက်တော့လို့ ဒုတိယကမ္ဘာစစ်ကြီး အပြီးမှာ လက်လွှတ်ခဲ့ကြတာပါ။

လက်လွှတ်တယ်ဆိုတာ လုံးလုံးလွှတ်လိုက်တာ မဟုတ်ပါဘူး။ ကိုလိုနီစနစ်ဟောင်းကို ဆက်လက်မကျင့်သုံးတော့ဘဲ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမှာ မှီခိုနေရတဲ့ တိုင်းပြည်တွေဖြစ်အောင် လုပ်ပါတယ်။ ဒါကို ကျွန်တော်တို့က “ကိုလိုနီ စနစ်သစ် ” လို့ လွယ်လွယ်ခေါ်လိုက်ပါတယ်။ အတိအကျ ခေါ်မယ်ဆိုရင်တော့ မှီခိုနေရသော မလွတ်မြောက်သေးသည့် တိုင်းပြည်များလို့ ခေါ်ရမယ်ထင်ပါတယ်။

ဒီနေရာမှာ ကိုလိုနီစနစ်ဟောင်းအတိုင်း ဆက်ရှိနေကြတဲ့ “တိုင်းပြည် ”ကလေးတွေအကြောင်းပြောဖို့ လိုလာပါပြီ။ “တိုင်းပြည် ”ကလေးလို့ ခေါ်တာက တခြားဝေါဟာရ ရှာမရလို့ပါ။ သူတို့ရဲ့ သမိုင်းဖြစ်ပေါ်မှုက တော်တော်လေး နုနယ်ပါသေးတယ်။ အမျိုးသားများအဖြစ် ဖြစ်တည်လာနိုင်တဲ့ အခြေအနေလည်း မရှိခဲ့ပါ။ တချို့ကဆိုရင် လူမနေထိုင်တဲ့ သို့မဟုတ် ယာယီသာ နေထိုင်တဲ့ ကျွန်းကလေးတွေပါ။ လူဦးရေကလည်း အလွန့်ကို နည်းကြပါတယ်။ ပစိဖိတ်၊ အိန္ဒိယ၊ အတ္တလန်တိတ် သမုဒ္ဒရာတွေနဲ့ ကာရစ်ဘီယံဒေသက ကျွန်းတွေပါ။

ကုန်လွန်ခဲ့တဲ့ ရာစုနှစ်တွေတုန်းက မေ့လျော့ခံထားရတဲ့ ကျွန်းကလေးတွေဟာ အခုတော့ စစ်သေနင်္ဗျူဟာအရ အရေးပါတဲ့ ကျွန်းတွေ ဖြစ်နေပါပြီ။ ချူကာလီယာခေတ်၊ ဒုံးပျံခေတ်၊ ဂြိုဟ်တုခေတ်၊ ကွန်ပျူတာကွန်ယက်ခေတ်မှာ သူတို့ဟာ မနစ်မြုပ်နိုင်တဲ့ လေယာဉ်တင်သင်္ဘောတွေ ဖြစ်ခဲ့ပါပြီ။ သူတို့ရဲ့ အားနည်းချက်က လေယာဉ်တင်သင်္ဘောလို နေရာရွှေ့ပြောင်းလို့ မရတာပါ။ ဒါပေမဲ့ လူဦးရေနည်းတော့ လူတွေကိုတော့ နယ်ချဲ့သမားက ရွှေ့ပြောင်းနိုင်ပါတယ်။ အနုမြူဗုံး စမ်းချင်ရင် ရွှေ့ပစ်ပါတယ်။

အမျိုးသားလွတ်လပ်ရေး တောင်းလာမှာကိုလည်း နယ်ချဲ့သမားအဖို့ ပူစရာမလိုပါ။ ဦးနုရဲ့ ပြည်တော်သာမက်လုံး (လူတကိုယ် တိုက်တလုံး၊ ကားတစီး၊ ဝင်ငွေ ၈၀၀) ထက် အဆမတန်များတဲ့ မက်လုံးပေးပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့အရ ငွေတွေပစ်သုံးပြီး အညွှန့်ချိုး ချွေးသိပ်ထားပါတယ်။

ဒီလိုဆိုလို့ ပြဿနာ မရှိဘူးလို့ ပြောတာမဟုတ်ပါ၊ ရှိပါတယ်။ မကြာခင်ကပဲ ကာရစ်ဘီယံ ဒေသမှာရှိတဲ့ အမေရိကန်ပိုင် ကျွန်းကလေးတခုမှာ ဗုံးကြဲလေ့ကျင့်ရင်း မတော်တဆဖြစ်မှု ဖြစ်ပါတယ်။ ပြဿနာ တက်ကြပါတယ်။ နောက်ဆုံးတော့လည်း ငွေနဲ့ပေါက်ပြီး ဖြေရှင်းခဲ့တာပါပဲ။ ဒီကိစ္စမျိုးက ကျွန်းနိုင်ငံကလေးတွေမှ မဟုတ်ပါဘူး။ အမေရိကန်စစ်စခန်းရှိတဲ့ နေရာတိုင်းမှာ ဖြစ်တာပါ။ ကမြင်းကြောထ အတတ်ဆန်းပြီး လေယာဉ်ပျံမောင်းလို့ မတော်တဆမှုကြီးဖြစ်တာ (အီတလီ)၊ အမေရိကန် စစ်သားက မုဒိမ်းကျင့်တာ (ဂျပန်) ဖြစ်ခဲ့ပါတယ်။ အမေရိကန်က သူ့စစ်သား သူ့ဘာသာ စစ်မယ်ဆိုပြီး အပြစ်ဒဏ် လျှော့လျှော့ပေါ့ပေါ့ ပေးပါတယ်။ အဲဒါဟာ မဟာမိတ်တွေအပေါ် ဗိုလ်ကျတာပါပဲ။

ကမ္ဘာ့မြေပုံ (Atlas) တွေ ပြောင်းလဲပုံကိုလည်း သတိပြုလေ့လာကြည့်ပါ။ ဒုတိယကမ္ဘာစစ် မတိုင်မီမြေပုံ၊ စစ်ကြီးအတွင်း မြေပုံတွေနဲ့ လုံးလုံးမတူတော့ပါဘူး။ ဟိုတုန်းက ကမ္ဘာအနှံ့ ဖြန့်ကြက်ဖို့ အင်ပါယာကြီးတွေ ချဲ့ထွင်ကြပါတယ်။ မြေပုံမှာ ရောင်စုံခြယ်ကြပါတယ်။ ကိုလိုနီအများဆုံးပိုင်သူ၊ အကျယ်ဆုံးပိုင်သူ၊ လူဦးရေအများဆုံးကို ကျွန်ပြုနိုင်သူအဖြစ် ဝင့်ဝါဂုဏ်ယူကြပါတယ်။ နေမဝင် အင်ပါယာဆိုတာကို အမွှန်းတင်ပါတယ်။ အခု အဲဒီလို မဟုတ်တော့ပါဘူး။ ပြောင်းလဲသွားပါပြီ။

ဧကရာဇ် ( Emperor ) ဆိုတာ ဟိုတုန်းက ငမ်းငမ်းတက် ဖြစ်ချင်ကြတာပါ။ အခုအဲဒီလို မဟုတ်တော့ပါဘူး။

နယ်ချဲ့စနစ် ( ဝါဒ )ဆိုတာ ကွန်မြူနစ်တွေ ထွင်ခဲ့တဲ့ ဝေါဟာရ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်က လိုလိုချင်ချင် ကိုယ့်ဘာသာ မှည့်ခေါ်ခဲ့တာပါ။

နယ်ချဲ့စနစ် ( ဝါဒ ) မှာ အစိတ်အပိုင်းကြီး (အဓိကအားဖြင့်) ၃ ခု ရှိပါတယ်။ စီးပွားရေး၊ စစ်ရေးနဲ့ လူမှု/ယဉ်ကျေးမှု အရေးလို့ ခွဲနိုင်ပါတယ်။ ရဲဘော်တို့လည်း လေ့လာဖူးမှာပါ။ ( M )သုံးလုံးဆိုတာပါ။ နောက်ဆုံး (M) ခရစ်ယာန် သာသနာပြုရေးကတော့ အခုပြောင်းသွားပါပြီ။ “လူ့အခွင့်အရေး”ဆိုတာ ဖြစ်သွားပါပြီ။ ကျန်တဲ့ ( M ) ၂ လုံးကတော့ မပြောင်းပါ။ ပိုတောင် ကြီးမားကျယ်ပြန့် နက်ရှိုင်းပါတယ်။ အကျယ်မပြောတော့ပါ။ ဈေးကွက်စီးပွားရေးစနစ်မှာ ကိုယ်ကချည်း ဈေးကွက်အလုပ်ခံနေရတာ

ဖြစ်နေရင် အဲဒီတိုင်းပြည် ဘယ်တော့မှ နာလန်မထူပါဘူး။ လျော့တိုင်းနစ်ပါတယ်။ လှုပ်လေမြုပ်လေပါ။ ဒါ့ကြောင့် နယ်ချဲ့စနစ် ရှိနေသေးတယ်လို့ ကျွန်တော်တို့ ပြောနေရခြင်း ဖြစ်ပါတယ်။

**မေး** – နယ်ချဲ့ဆန့်ကျင်ရေးကို နဝတ – နအဖ ကလည်း ပြောနေ၊ ကွန်မြူနစ်ပါတီကလည်း ပြောနေတော့ တူမနေဘူးလား။

**ဖြေ** – နိုင်ငံရေးမှာ ပြောတာထက် လုပ်တာကို အလေးထားရပါမယ်။ သူပြောတာနဲ့ ကိုယ်ပြောတာ တူနေရင် သူ့အလုပ်ရဲ့ အနှစ်သာရကိုပဲ ကြည့်ရပါမယ်။ ၆၂ ခုနှစ်တုန်းကနဲ့ နောက်ပိုင်း (၂၆ ) နှစ်ကျော် နေဝင်းစစ်အုပ်စုက ဆိုရှယ်လစ်စနစ်ဆိုတာ ပြောခဲ့ပါတယ်။ သူ့တပ်ကိုလည်း ပြည်သူ့တပ်မတော်၊ သူ့ဆိုင်လည်း ပြည်သူ့ဆိုင် စသဖြင့် "ဆိုရှယ်လစ် " နဲ့ "ပြည်သူ" ဝေါဟာရကို ဖေါဖေါသီသီ သုံးခဲ့ပါတယ်။

"ဆိုရှယ်လစ် " နဲ့ "ပြည်သူ"ဆိုတာကို ရှေးပဝေသဏီကတည်းက လက်ဝဲအင်အားစုတွေ အထူးသဖြင့် ကွန်မြူနစ်တွေ သုံးခဲ့တာပါ။ နေဝင်းစစ်အုပ်စုကလုပြီး သုံးလာတော့ လက်ဝဲတွေ၊ ကွန်မြူနစ်တွေက သူနဲ့တူနေမှာ စိုးလို့ဆိုပြီး ကိုယ်ကလျှော့ပေး ရမလား။ အဲဒီလိုသာလုပ်မိရင် လုပ်သူတွေဟာ စစ်အုပ်စုနဲ့ ကြံရာပါတွေ၊ တလှေတည်းစီး တခရီးတည်းသွားသူတွေ ဖြစ်မှန်းမသိ ဖြစ်ပါလိမ့်မယ်။ သူ့"ဆိုရှယ်လစ် " နဲ့ သူ့ "ပြည်သူ" တွေဟာ အတုအယောင်ပဲ ဆိုတာကို ဖွင့်ချမှ မှန်ပါတယ်။

နဝတက 'အမျိုးသားညီလာခံ'အတု လုပ်တယ်။ ဒါကို အတုပဲဆိုတာ ဖွင့်ချရပါမယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်လာပြီး နောက် NLD တွေ "အမျိုးသားညီလာခံအတု"ထဲက ထွက်လာတာ သိပ်မှန်ပါတယ်။ ဖွင့်ချလိုက်တာပါ။ စစ်အစိုးရ ဆတ်ဆတ်ခါ နာသွားတာ ဒါပါပဲ။ အိမ်ချုပ်ချထားတုန်းကထက် ပိုပြီးရင့်သီးပြီး အောက်တန်းကျတဲ့ ဆဲရေးမှုတွေ နေ့တိုင်း၊ နာရီတိုင်းလုပ်တာ ဒါကြောင့်ပါ။ အဲဒီကတည်းကစပြီး စစ်အုပ်စုက "နယ်ချဲ့ဆန့်ကျင်ရေး" လို့ ပါးစပ်မအားအောင် ပြောပါတယ်။ ၉၀ ခုနှစ် ရွေးကောက်ပွဲရဲ့ ရလဒ်ကို ဖျက်ချင်လို့ စပြီးသုံးလာတဲ့ "နယ်ချဲ့ ဆန့်ကျင်ရေး" စကားကို အဲဒီကတည်းက ပိုပြီးသုံးလာပါတယ်။

"လွှတ်တော် ကိုယ်စားပြုကော်မတီ "ဖွဲ့လာတော့ သူတို့ပိုပြီး တုန်လှုပ်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး စကားကို "နေ့မနား ညမအား"––––(ဒါ သူတို့စကားကို ယူသုံးပြီး ပြောကြည့်တာပါ ) ပြောပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေးကို ကျွန်တော်တို့ ကွန်မြူနစ်တွေ၊ လက်ဝဲအင်အားစုတွေ ပြောလည်းပြော၊ လုပ်လည်းလုပ်နေတာ ကြာလှပါပြီ။ စစ်အစိုးရလို တရေးနိုးထအော်တာ၊ ပါးစပ်နယ်ချဲ့ဆန့်ကျင်ရေးပြောတာ မဟုတ်ပါဘူး။ ပြည်သူနဲ့သမိုင်းကို သက်သေ တည်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး လုပ်စရာလိုပြီဆိုရင် ကွန်မြူနစ်တွေကို ရှေ့တန်းမှာ တွေ့ရမှာပါ။ ဘယ်တော့မှ နောက်တန်းမှာ ခိုကပ်နေတာ တွေ့ရမှာ မဟုတ်ပါဘူး။

ဒီနေရာမှာ သမိုင်းအဖြစ်အပျက်ကလေးတခု ပြောချင်ပါတယ်။ ၁၉၇၉ ခုနှစ်က ဦးနေဝင်းနဲ့ ကျွန်တော်တို့ ဉက္ကဋ္ဌ သခင်ဗသိန်းတင် တနေရာမှာ တွေ့ဆုံဆွေးနွေးဖူးပါတယ်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးကို ဦးတည်ပြီး ဆွေးနွေးတာပါ။ အဲဒီတုန်းက သခင်ဗသိန်းတင်က နယ်ချဲ့အန္တရာယ်နဲ့ နယ်ချဲ့ဆန့်ကျင်ရေးကို ထည့်ပြောခဲ့ပါတယ်။

အဲဒီကိစ္စကို စစ်အစိုးရထုတ်တဲ့ 'တပ်မတော်သမိုင်း' ဆဌမတွဲမှာ (သခင်ဗသိန်းတင်က) – "၁၉၇၉ ခုနှစ် စစ်ရေးအခြေအနေ ယိမ်းယိုင်လာပြီး စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းရသည်အထိ အခြေအနေ ဆိုးခဲ့စဉ်ကလည်း ဆိုရှယ်နယ်ချဲ့ (ဆိုဗီယက်၊ ဗီယက်နမ်အုပ်စု) ၏ အန္တရာယ်ကြောင့် မြန်မာအစိုးရနှင့် ပူးပေါင်းရန်လိုသည်ဟု မဆီမဆိုင် အကြောင်းပြခဲ့သည် "လို့ ဖော်ပြထားပါတယ်။

ကျွန်တော်တို့ ပါတီဟာ ဘယ်နယ်ချဲ့သမားကိုမဆို ဆန့်ကျင်ပါတယ်။ ဗမာပြည်ရဲ့ ပတ်ဝန်းကျင်မှာ နယ်ချဲ့ အန္တရာယ်တွေ့ရင် လက်ပိုက်ကြည့် မနေနိုင်ပါ။ အမေရိကန်နယ်ချဲ့၊ အင်္ဂလိပ်နယ်ချဲ့၊ ဂျပန်နယ်ချဲ့ကို ဆန့်ကျင်သလို ဆိုရှယ် နယ်ချဲ့ကိုလည်း ဆန့်ကျင်ဖို့ဟာ ပါတီရဲ့ သမိုင်းပေးတာဝန်ပါ။

'မဆီမဆိုင်ကိစ္စ' လို့ မယူဆပါဘူး။ မဆလ စစ်အစိုးရက အဲဒီတုန်းက နယ်ချဲ့ပေါင်းစုံကို မှီခိုလို့ကောင်းနေတုန်းမို့ 'မဆီမဆိုင်ကိစ္စ' လို့ ထင်ခဲ့ပုံပါပဲ။ ၁၉၉၀ ရွေးကောက်ပွဲမှာ စစ်အစိုးရ အရှုံးကြီး ရှုံးတော့မှ၊ ကမ္ဘာ့ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချပြီး ဆန့်ကျင်လာတော့မှ 'ဆီဆိုင်တဲ့ကိစ္စ' ကြီး စစ်အုပ်စုအတွက် တမဟုတ်ချင်း ဖြစ်လာပါတယ်။

တဆက်တည်း ပြောလိုက်ပါဦးမယ်။ ၁၉ ရာစု အစပိုင်း နယ်ချဲ့အန္တရာယ် လက်တွေ့ကြုံခဲ့စဉ်က ဘကြီးတော် (စစ်ကိုင်းမင်း) ဟာ မှန်နန်းရာဇဝင် ရေးကောင်းတုန်းပါ။ အခုလည်း စစ်အုပ်စုက 'တပ်မတော်သမိုင်း' ရေးကောင်းနေပါတယ်။ အဲဒီတုန်းက မဟာဗန္ဓုလ ကျဆုံးတော့ သာယာဝတီမင်းသားရဲ့ အုပ်စုက ဝမ်းမနည်းပါဘူး။ တဖက်အုပ်စုရဲ့ လက်ရုံးပြုတ်တာပဲလို့ ယူဆပါတယ်။ အခါကောင်းပဲဆိုပြီး အာဏာသိမ်းပါတယ်။

စစ်အုပ်စုဟာ နယ်ချဲ့ဆန့်ကျင်ရေးကို "ပါးစပ်နယ်ချဲ့ဆန့်ကျင်ရေး" ထက်ပိုပြီး မလုပ်ပါဘူး။ သူတို့ဟာ လက်တွေ့နယ်ချဲ့ ဆန့်ကျင်ရေး၊ အစစ်အမှန် နယ်ချဲ့ဆန့်ကျင်ရေးကို လုပ်လိုတဲ့ ဆန္ဒလည်းမရှိ ၊ လုပ်နိုင်တဲ့ စွမ်းရည်လည်း မရှိပါဘူး။ နယ်ချဲ့ ဆန့်ကျင်ရေးဆိုတာ "အမျိုးသားညီညွတ်ရေး" ဆိုတဲ့ အစွမ်းထက်လက်နက်ကို ကိုင်စွဲပြီး တိုက်ရတာပါ။ အမျိုးသား သွေးကွဲရေးနဲ့ ဗမာလူမျိုးကြီးဝါဒ လုပ်နေတဲ့ စစ်အုပ်စုဟာ "ပါးစပ်နယ်ချဲ့ဆန့်ကျင်ရေး" ထက် ပိုမလုပ်နိုင်ပါဘူး။

သူတို့ပါးစပ်က "နယ်ချဲ့ဆန့်ကျင်ရေး" စကားချည်းပဲ ပြောနေတာ မဟုတ်ဘဲ နယ်ချဲ့သမားကို အသနားခံနေတာ၊ နားလည်မှုကလေး ပေးပါလို့ ခယနေတာ၊ နယ်ချဲ့သမားကို အချက်ပြနေတာလည်း တချိန်တည်းမှာ လုပ်နေတာကို သတိပြုပါ။

**မေး** – 'အချက်ပြနေတာ' ဆိုတာက ဘာကိုပြောတာလဲ။

**ဖြေ** – ဗိုလ်အောင်ကြီးရဲ့ အမေရိကန်ခရီးဟာ အထင်ရှားဆုံး အချက်ပြမှုပေါ့။ ၁၉၆၇ မှာ ဗိုလ်နေဝင်း တွက်ကိန်းမှားပြီး

တရုတ်ဆန့်ကျင်ရေးလုပ်ရင် အမေရိကန်ရဲ့ ဆုချတာ ခံရလိမ့်မယ်အထင်နဲ့ အင်ဒိုနီးရှားက ဆူဟာတိုလုပ်သလို တရုတ်ပြည်နဲ့ တရုတ်အမျိုးသားဆန့်ကျင်ရေး လုပ်ခဲ့မိတယ်။ ဆုမရတဲ့အပြင် မရှုနိုင်မရှိုက်နိုင် ဒုက္ခတွေ့တယ်။ အဲဒီတုန်းကလည်း ဗိုလ်အောင်ကြီးပဲ ဝင်ပြီး တရုတ်ပြည်အမျက်ပြေအောင် ဘယ်လိုလုပ်သင့်တယ် ဆိုတာကို အကြံပေးဖူးတယ်။ ဦးနုနဲ့ သူ့ကိုလွှတ်ပြီး တောင်းပန်ခိုင်းပါလို့ ဗိုလ်နေဝင်းဆီ စာရေးတယ်။ ဗိုလ်နေဝင်းက ဦးနုနဲ့ ဗိုလ်အောင်ကြီးကို (ထောင်ကလွှတ်ပြီး ) တရုတ်ပြည်သို့ သွားတောင်းပန်ခိုင်းမယ့်အစား ငါကိုယ်တိုင်ပဲ သွားတောင်းပန်မယ်ဆိုပြီး တရုတ်ပြည် သွားတောင်းပန်ဖူးတယ်။ ဟိုတုန်းက ဗိုလ်နေဝင်းကိုယ်တိုင် တရုတ်ပြည် သွားနိုင်ပေမယ့် အခုတော့ အမေရိကန် သွားတောင်းပန်ဖို့ သူရောသူ့လူတွေပါ ဘယ်သူမှ သွားလို့မရဘူး။ ခရီးလွန်ကုန်ပြီ။ ဒါကြောင့် ဗိုလ်အောင်ကြီးလွှတ်ပြီး သူတို့ဖြစ်ချင်တာကို သွားပြောခိုင်းတာပဲ။

ဗိုလ်အောင်ကြီး လူတွေ့မေးမြန်းခန်းမှာ ပြောတာတွေအတွက် စစ်အုပ်စုက ကြိုးမိန့် ၁၀ ကြိုး ချနိုင်တယ်။ ဒါပေမဲ့ စစ်အုပ်စုက ဘာမှအရေးမယူ၊ ဘာမှမတုံ့ပြန်တာကို ကြည့်ပါ။ စစ်အုပ်စုဝင်တဦးဦးက အမေရိကန်ကို (NLD ကို ခြိမ်းခြောက်ဖို့ ) ပြင်းပြင်းထန်ထန် စွပ်စွဲပြီးရင် စစ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးဦး (နိုင်ငံခြားရေးဝန်ကြီးဖြစ်စေ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးဖြစ်စေ) က လေချိုသွေးလေ့ရှိတယ်။ ငဲ့ညှာပါ၊ စာနာပါ၊ နားလည်မှုရှိပါလို့ ပြောလေ့ရှိတယ်။ ဒါကလည်း အချက်ပြမှုတမျိုးပဲ။ သူတို့အပြင် တိုင်းပြည်ထိန်းနိုင်သူ မရှိပါဘူး၊ တပည့်မွေးရင် သူတို့ကိုမွေးပါလို့ သွယ်ဝိုက်ပြောတာပဲ။

အမေရိကန်ဘက်ကလည်း ပြန်ပြီးအချက်ပြတာပါပဲ။ ပူပူနွေးနွေး စစ်တပ်အာဏာသိမ်းပွဲ လုပ်ထားတဲ့ ပါကစ္စတန်ကို သမ္မတ ကလင်တန်ကိုယ်တိုင် သွားပြတာပဲ။ စစ်တပ်အာဏာသိမ်းတာက ကိစ္စမရှိဘူး၊ ငါ့ဩဇာခံဖို့ပဲ အရေးကြီးတယ်ဆိုတာကို ကလင်တန်က လက်တွေ့လုပ်ပြလိုက်တာပဲ။ ပြင်ဆင်မှု မလုံလောက်တဲ့ ရက်ချိန်းပေးလူထုအုံကြွမှု (၉ လေးလုံး) ကို လုပ်ဖို့အကြံပေး၊ လျှောမွေး ဖြစ်တော့ အပြစ်တင်၊ ဒီအထဲ ငိုချင်လျက်လက်တို့ (သံရုံးအပိုင် စီးမှု – ဆေးရုံ အပိုင်စီးမှုတွေ ) ကို တက်ကြွသူတွေက လုပ်မိတော့ တတိယနိုင်ငံ ပို့ရေးကို လုပ်လာတာကလည်း အမေရိကန်ရဲ့ အချက်ပြမှု တမျိုးပဲ။

အမေရိကန်ကို နယ်ချဲ့ထိပ်သီးမို့ ကျွန်တော်ဦးတည်ပြီး ပြောတာပါ။ အင်္ဂလိပ်၊ ဂျပန်၊ ဂျာမဏီ၊ ပြင်သစ် (သူကတော့ ဗမာပြည် အရေးမှာ ဝင်ပြီးမစွက်နိုင်တာ ကြာပါပြီ ) အားလုံးကို ဆိုလိုတာပဲ။ အမေရိကန်ရဲ့ ဂျူနီယာပါတနာ ( Junior partner ) ပါလို့ ကိုယ်တိုင်ဝန်ခံတဲ့ အင်္ဂလိပ်ရော၊ အမေရိကန်ရှုရစ်ရဲ့ လက်ထောက် ( sheriff's lieutenant ) ပါလို့ပြောတဲ့ ဩစတြေးလျတို့ကိုပါ သတိပြုရပါမယ်။ သူတို့က ကိုလိုနီအရှင်သခင်ဟောင်းတွေပါ။ အခုခေတ်မှာ ပုံစံဟောင်းကိုလိုနီလုပ်ဖို့ ဘယ်သူမှ စိတ်မကူးဝံ့ပါဘူး။ လွတ်လပ်တဲ့ တိုင်းပြည်အဖြစ်ပဲထားပြီး ကိုယ့်ဩဇာခံ၊ အမိုခိုခံဖြစ်အောင်ပဲ လုပ်ကြမှာပါ။ ဗမာပြည်ရဲ့ အရှင်သခင်ဟောင်း ဂျပန်ကို ပိုပြီးသတိထားရပါမယ်။ သူက တဖက်သားလည်း မျက်နှာမပျက်အောင် ကိုယ့်ဩဇာခံလည်းဖြစ်အောင် အာရှနည်း၊ အာရှဟန် လုပ်ရာမှာ ကျွမ်းကျင်ပါတယ်။ အနောက်နိုင်ငံက လူတွေလို တဘီလျံပေးမယ် ဘာလုပ်ပါဆိုတဲ့ စော်ကား မော်ကား အလုပ်မျိုးလုပ်မှာ မဟုတ်ပါဘူး။ အနောက်နည်း အနောက်ဟန်က တဖက်သားကို စော်ကားသလို မျက်နှာပျက်အောင် လုပ်သလို ဖြစ်သွားပါတယ်။ ဒါကြောင့်လည်း ငှက်ပျောသီးကျွေးပြီး အကခိုင်းခံရတဲ့မျောက်လို စစ်အုပ်စုက ခံစားသွားပါတယ်။

အခုဂျပန်က စစ်အစိုးရနဲ့ ဆက်ဆံရေးပုံစံ ပြောင်းပါတယ်။ အမေရိကန်က မကန့်ကွက်ပါဘူး။ ဂျပန့်အောက် ရောက်ရင်လည်း သူ့ထီးရိပ်ခိုတာပဲ မဟုတ်ပါလား။ ခွေးကိုက်လို့ရရ၊ တုတ်ပစ်လို့ရရ ရဖို့သာ ပဓာနပါ။

စစ်အုပ်စုဟာ နိုင်ငံတော်အာဏာကို အသာတကြည် ဘယ်တော့မှ လက်လွှတ်မှာ မဟုတ်ပါဘူး။ အာဏာကို အသေအလဲ ဖက်တွယ်ထားမှာပါ။ အာဏာကို လုယူဖို့နဲ့ ရေရှည်ထိန်းသိမ်းထားဖို့ဆိုရင် ဆိုရှယ်လစ်စကား ပြောချင်ပြောမယ်။ နယ်ချဲ့ဆန့်ကျင်ရေး စကား ပြောချင်ပြောမယ်။ လိုအပ်ရင် ဖက်ဆစ်စကားတောင် ပြောမှာပါ။ ဘာမဆို ပြောနိုင်ပါတယ်။ ဒါပေမဲ့ လက်တွေ့လုပ်မှာကတော့ အာဏာမြဲရေးနဲ့ စစ်ဗျူရိုကရက်အရင်းအနှီးစုဆောင်းရေးကိုပဲ လုပ်မှာပါ။ ဘုတ်အဖွဲ့လို့ပဲ နံမည်တပ်တပ်၊ BEDC ပဲခေါ်ခေါ်၊ ပြည်သူ့ကော်ပိုရေးရှင်းလို့ပဲ ဆိုင်းဘုတ်တင်တင်၊ ဦးပိုင်လီမိတက်လို့ပဲဆိုဆို၊ ဘယ်နံမည်ပဲခံခံ၊ စစ်အုပ်စုက စစ်ဗျူရိုကရက်အရင်းအနှီး စုဆောင်းမှာပါ။ စီးပွားရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်မှာ လက်ဝါးကြီးအုပ် လုပ်ကိုင်နေနိုင်တဲ့ အနေအထားကို နှစ်ပေါင်း ၄၀ လောက် ရယူထားတဲ့ စစ်အုပ်စုကို လျှော့မတွက်သင့်ပါ။ တိုက်ပွဲသဏ္ဍာန်အားလုံးကို ပေါင်းစပ်ပြီး တိုက်ပွဲဝင်ရပါမယ်။

**မေး** – နယ်ချဲ့ဆန့်ကျင်ရေးကိုပါ တွဲပြီးလုပ်တော့ စစ်အစိုးရဆန့်ကျင်ရေးမှာ အားလျော့မသွားဘူးလား။ စစ်အစိုးရကိုပဲ ဦးတည်တိုက်ကျန်တာတွေ အသာထားနိုင်ရင် ပိုပြီးတိုက်အား ကြီးမလာနိုင်ဘူးလား။

**ဖြေ** – ဒီမိုကရေစီအရေးတော်ပုံဟာ တမျိုးသားလုံး ပြည်သူတရပ်လုံးရဲ့ လူထုအရေးတော်ပုံပါ။ ဒီအရေးတော်ပုံအတွင်းမှာ အလုပ်သမားတွေ၊ လယ်သမားတွေ၊ မြို့နေဆင်းရဲသားတွေ၊ လူငယ်ကျောင်းသားတွေ၊ အမျိုးသမီးတွေ၊ အမျိုးသားအရင်းရှင်ကြီး–ငယ်–လတ်တွေ၊ ရဟန်းသံဃာတွေစတဲ့ လူတန်းစားပေါင်းစုံ၊ လူ့အလွှာပေါင်းစုံပါဝင် တိုက်ပွဲဝင်ကြမှာ ဖြစ်ပါတယ်။ အမြော်အမြင် ပြည့်ဝတဲ့ မျိုးချစ်ပြည်ချစ် စစ်သည်တော်တွေတောင် ပါရမှာ ဖြစ်ပါတယ်။

သူတို့အားလုံးမှာ တူညီတဲ့ ဘုံလုပ်ငန်းစဉ်တခု ရှိဖို့လိုသလို မိမိနဲ့တိုက်ရိုက် သက်ဆိုင်တဲ့ သီးခြားလုပ်ငန်းစဉ်တွေလည်း ရှိဖို့လိုပါတယ်။ ၁၉၈၈ အုံကြွမှုကို ကြည့်ပါ။ ဘုံလုပ်ငန်းရော သီးခြားတောင်းဆိုချက်တွေပါ တင်ပြတိုက်ပွဲဝင်ကြတာ တွေ့နိုင်ပါတယ်။ အလုပ်သမားတွေက ဒီမိုကရေစီရေးတိုက်ပွဲမှာ စက်ရုံ၊ အလုပ်ရုံတွေကို အလုပ်သမားက စီမံခန့်ခွဲဖို့ သီးခြားအရေးဆိုပါတယ်။ လယ်သမားကလည်း သူတို့ကို ဖိစီးနှိပ်စက်နေတဲ့ စနစ်ဆိုးတွေကို ဦးတည်ပါတယ်။ ကျောင်းသားကလည်း သူ့သီးခြား တောင်းဆိုချက်နဲ့ပါ။ ပါတီတွေမှာလည်း နိုင်ငံရေးရည်မှန်းချက်ချင်း မတူညီကြတာ ၁၉၈၈ က တွေ့ခဲ့ကြတာပဲ။

ဘယ်နေရာကနေပစ်ပစ် စစ်အစိုးရကို ပစ်မှတ်ထား ဦးတည်ရင် တိုက်ပွဲဟာ အားကြီးတာပါပဲ။

၁၉၈၈ အုံကြွမှုဟာ ဗမာပြည်ရဲ့ လူထုနိုင်ငံရေးသမိုင်းမှာ အားအလွန်ကြီးပါတယ်။ ဒါပေမဲ့ အောင်ပွဲရသည်အထိ အားမကြီးခဲ့ပါဘူး။ ဘာကြောင့်လဲ။ အားလုံးကိုပါအောင် မလုပ်နိုင်လို့ပါ။ လက်နက်ကိုင်ထားတဲ့သူတွေနဲ့ စစ်အုပ်စုကို ခွဲမပစ်နိုင်လို့ပါ။ သို့မဟုတ် စစ်သည်တော်တွေကို ကြားနေသွားအောင် မလုပ်နိုင်လို့ပါ။ မားကို့စ်ဖြစ်ဖြစ်၊ ဆူဟာတိုဖြစ်ဖြစ် အဲဒီအရင်က သမိုင်းမှာ ကျဆုံးသွားကြတဲ့ အာဏာရှင်တွေဖြစ်ဖြစ် သူတို့ကျဆုံးရတာဟာ နိုင်ငံတော်ကာကွယ်ရေး စစ်တပ်အပေါ် အမိန့်ပေးနိုင်တဲ့အာဏာ သူတို့မှာ မရှိကြတော့လို့ပါ။ သို့မဟုတ် စစ်တပ် ပြိုကွဲသွားလို့ပါ။

ကျွန်တော်တို့ပါတီက မြင်တာကတော့ ယေဘုယျဒီမိုကရေစီ ကြွေးကြော်သံအပြင် လူတန်းစားအလိုက် လူ့အလွှာအလိုက် သီးခြားတောင်းဆိုချက်တွေပါတင်ပြီး တိုက်ပွဲဝင်မှ အားကြီးပါလိမ့်မယ်။

နဝတ– နအဖ လက်ထက်ထုတ်တဲ့ စာအုပ်တိုင်းမှာ ၁၂ နှစ်နီးပါးတွေ့နေရတဲ့ “ဒို့တာဝန် အရေးသုံးပါး” ဆိုတာကို ကြည့်ပါ။ သူတို့သာလျှင် ပြည်ထောင်စုကို ထိန်းသိမ်းသူ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းသူ၊ အချုပ်အခြာအာဏာကို ကာကွယ်သူ ဖြစ်တယ်လို့ ပြောနေတာပါ။ တကယ့်အဖြစ်ကတော့ အဲဒီသုံးခု ပျက်ပြားအောင် လက်တွေ့လုပ်နေတာ သူတို့ပဲ။ သူတို့သာ တစ်တရားခံပဲ။

နယ်ချဲ့ဆန့်ကျင်ရေးအလံ သူတို့ကို ကျွန်တော်တို့က ဘယ်တော့မှ မအပ်နိုင်ပါ။ သူတို့ကို ပြည်ထောင်စုဖြိုခွဲသူ၊ နယ်ချဲ့မှီခိုသူ၊ အမျိုးသား ညီညွတ်ရေးကို ဖျက်ဆီးသူအဖြစ် ကျွန်တော်တို့ စွဲချက်တင်ပါတယ်။

NLD ကို အာဏာမအပ်ချင်လို့ ဒေါ်အောင်ဆန်းစုကြည်ကို အပုပ်ချဖို့သက်သက်အတွက် ဖော်ထုတ်လာတဲ့ “နယ်ချဲ့ဆန့်ကျင်ရေး” အတုအယောင်ကိုလည်း ဖွင့်ချရပါမယ်။

ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ အကြံတခု ပြုချင်ပါတယ်။ အဲဒါကတော့ အာဏာကို ၉၀ ခုနှစ် ရွေးကောက်ပွဲနဲ့ လူထုကတရားဝင် လွှဲအပ်ခြင်းခံရတဲ့ NLD နဲ့ အာဏာကို တကယ်လက်ဝယ် ကိုင်ထားနိုင်သူ နအဖတို့ တွေ့ဆုံဆွေးနွေးကြပါလား။ အဲဒီဆွေးနွေးပွဲ အစီအစဉ်မှာ NLD ရဲ့ ဘယ်လုပ်ရပ်တွေကဖြင့် နယ်ချဲ့အလိုတော်ရိ လုပ်ရပ်ပဲ၊ ပုဆိန်ရိုး အလုပ်တွေပဲ စသဖြင့် နအဖက စွဲချက်တင်တဲ့ အစီအစဉ်တခု ထည့်ပါ။ အဲဒီလိုလုပ်ရင် သတင်းစာထဲကနေ မျက်နှာလွှဲခဲပစ် ဆဲနေတာထက် တိုင်းပြည်အတွက်၊ ပြည်သူအတွက် အကျိုးရှိပါလိမ့်မယ်။ NLD ကလည်း မုချပဲ မဟုတ်ကြောင်း ပြန်လည် ဖြေရှင်းပါလိမ့်မယ်။ အဲဒီစွဲချက်နဲ့ ရှင်းချက်တွေကို တတိုင်းပြည်လုံး ရှေ့မှောက်မှာ လုပ်ကြပါ။

အဲဒီလိုသာ လုပ်လိုက်ရင် ဘီလူးစည်းလူစည်း ကွဲသွားပါလိမ့်မယ်။ နအဖ အဲဒီလို လုပ်ဝံ့သလား။

**မေး** – ကိုလိုနီစနစ်ဟောင်း ချုပ်ငြိမ်းသွားပြီဆိုရင် နယ်ချဲ့စနစ်က ဘယ်လိုပုံသဏ္ဍာန်နဲ့ ဆက်ရှိနေတာလဲ။

**ဖြေ** – အဘိဓာန်ရဲ့ ဖွင့်ဆိုချက်ကို ရှေ့ဆုံးမှာ ပြောခဲ့ပါပြီ။ အဓိပ္ပာယ် ဖွင့်ဆိုချက်တခုက အာဏာများကို မိမိတိုင်းပြည်အပေါ် သာမက ပြင်ပတိုင်းပြည်များ အပေါ်သို့ပါ ဖြန့်ကြက်ခြင်းလို့ ဆိုပါတယ်။ အဲဒီလို ဖြန့်ကြက်ခြင်းရဲ့ ရည်ရွယ်ချက်က ဗိုလ်ကျလွှမ်းမိုးသူ (hegemon) ရဲ့ ချုပ်ကိုင်မှုအောက်မှာ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးကို စုစည်းထားဖို့ပဲလို့ ဆိုပါတယ်။ အတိအကျ ဘာသာပြန်တာ မဟုတ်ပါ။

ဒုတိယကမ္ဘာစစ်အပြီး အမျိုးသားအုံကြွမှုတွေကြောင့် မတတ်သာဘဲ လွတ်လပ်ရေး ပေးရပါတယ်။ အမျိုးသား နိုင်ငံတော်သစ်တွေ ဖွဲ့စည်းခွင့်ပေးရတယ်။ သိပ်မကြာလိုက်ဘူး။ အခုတော့ အမျိုးသားနိုင်ငံတော်တွေဟာ အခုလိုနည်းပညာ ခေတ်ကြီးမှာရှိဖို့ မလိုတော့ဘူးလို့ အာဘော်လွှင့်နေကြပါပြီ။ အာဘော် ဖန်တီးနေကြပါပြီ။ ကမ္ဘာ့ရွာကြီးမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတွေ မလိုတော့ဘူးဆိုတာလည်း ကြားရပါတယ်။ တချို့ကလည်း နိုင်ငံငယ်တွေ အများကြီး တည်ထောင်ကြလို့ ပြောပါတယ်။ “လူ့အခွင့်အရေး” အတွက်ဆိုရင် ဝင်ပြီးကျူးကျော်ရမှာပဲ ဆိုတာလည်း ရှိပါတယ်။ ( “လူ့အခွင့်အရေး”ဆိုတာထက် ရေနံကြွယ်ဝတဲ့ နိုင်ငံဆိုရင် ဝင်ရောက်ကျူးကျော်ရမှာပဲလို့ ပြောတာက တဲ့တိုးကျပါတယ်။ လိုရင်းရောက်ပြီး လက်တွေ့နဲ့လည်း ကိုက်ပါတယ် ) ကြားနေရတာတွေ များပါတယ်။ အမျိုးသားနိုင်ငံတော်၊ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတော် ဖြစ်ကတည်းက ကျွန်တော်တို့ ပြည်သူတွေဟာ ဘာလွတ်လပ်ရေး အရသာမှ မခံစားလိုက်ရပါဘူး။ ပြည်တွင်းစစ်ဒဏ်ပဲ ခံခဲ့ရပါတယ်။ ဒီမိုကရေစီမဲ့တာပဲ ကြုံခဲ့ရပါတယ်။ အခုတော့ အမျိုးသားနိုင်ငံတော်၊ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတော် မလိုအပ်ဘူးဆိုတဲ့စကား ကြားနေရပါပြီ။ ဒါဟာ တကယ့် နယ်ချဲ့အန္တရာယ်ကြီးပါပဲ။

ချုပ်လိုက်ရင်တော့ အဲဒီအာဘော်တွေ အားလုံးဟာ စူပါပါဝါနိုင်ငံကြီး တခုတည်းရှိရေး၊ ကမ္ဘာ့ပုလိပ်ကြီး တဦးတည်းရှိရေး၊ အားလုံးက အဲဒီတဦးတည်းရဲ့ ဩဇာအောက်မှာနေ၊ တဦးတည်းရဲ့ ဗိုလ်ကျလွှမ်းမိုးမှုကို ခံဖို့ပါ။ စူပါဖြစ်လာရင် တခြားတိုင်းပြည်က ကိုယ်နဲ့ ပြိုင်ဘက်ဖြစ်လာမှာကို မလိုလားကြပါဘူး။ ကြို ပြီးနှိမ်ထားချင်ပါတယ်။ ဟစ်တလာရဲ့လက်ထောက် နံမည်ကျော် ဂက်စတာပို ဗိုလ်ချုပ် လူတွေအစုလိုက်အပြုံလိုက်သတ်တဲ့ခေါင်းချုပ် ဟင်းမလား (၁၉၀၀ – ၄၅ ) (သူ့ကိုယ်သူသတ်သေသွားသူ ) က ရုရှားပြည်မှာ လူဦးရေအားလုံး သန်း ၃၀ သာရှိနေစေရမယ်လို့ ပြောခဲ့ပြီး လူတွေသတ်ခဲ့ဖူးတယ်။ ရုရှားကို ဂျာမဏီနဲ့ ပြိုင်ဘက် နောင်ဘယ်တော့မှ ဖြစ်မလာစေဖို့ နှိုင်တုန်းဖိထောင်းတာပါပဲ။

အခုလည်း အမေရိကန်က ရုရှားကို ဖိထောင်းနေတာပဲ မဟုတ်လား။ စစ်အေးခေတ်က ပေါ်တဲ့နေတိုး (NATO) က စစ်အေးလွန်ခေတ်မှာ ပိုပြီးတောင် ကြီးလာနေတယ်။ အရင်းရှင်တိုင်းပြည်ချင်း တူဦးတော့ ခွာရာတိုင်းလာမှာကို မခံနိုင်ပါဘူး။ ဒါ

ကြောင့် ချေချင်းညာကို ခွဲစေချင်တယ်။ ဆိုရှယ်လစ်တရုတ်ပြည်ကိုလည်း အဲဒီလိုပဲ လုပ်ချင်တယ်။ ဂျာမဏီ၊ ဂျပန်၊ ပြင်သစ်၊ အင်္ဂလိပ် ဘယ်သူဖြစ်ဖြစ် အားချင်းတူညီလာမှာကို အမေရိကန်မိုလ်ကြီးက လက်မခံနိုင်ပါဘူး။ အမေရိကန်ရဲ့လုပ်ပုံ သာဓကတခု ပေးပါမယ်။

( d ' Amato ) ဥပဒေဆိုတာ အမေရိကန်က ပြဋ္ဌာန်းပါတယ်။ အီရန်နဲ့ လစ်ဗျားမှာ ဒေါ်လာသန်း ၄၀ အထက်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ဘယ်နိုင်ငံခြားရေနံကုမ္ပဏီကမှ မလုပ်ရဘူး။ လုပ်ရင်ဒဏ်ခတ်ခံရမယ်ဆိုတဲ့ ဥပဒေပါ။ ကျူးဘားဆန့်ကျင်ရေး ( Helms - Burton ) ဥပဒေဆိုတာလည်း ရှိသေးတယ်။ ဒါတွေက အမေရိကန်လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေတွေပါ။ ဒီဥပဒေတွေကို သူ့မဟာမိတ် နိုင်ငံကြီးတွေကိုက ကန့်ကွက်ကြပါတယ်။

တို့ကိုယ်စားလှယ်ပါပြီး ဆုံးဖြတ်ထားတဲ့ ဥပဒေမဟုတ်လို့ တို့အခွန်မပေးနိုင်ဘူးလို့ ကြွေးကြော်ကာ အင်္ဂလိပ်ကို ပုန်ကန်ပြီး ကိုလိုနီဘဝက ရုန်းထွက်ခဲ့တဲ့ အမေရိကန်ဟာ အခုတော့ တကမ္ဘာလုံးက ကိုယ်စားလှယ်တွေ မပါတဲ့၊ အမေရိကန် ကိုယ်စားလှယ် တွေသာပါတဲ့ အမေရိကန် လွှတ်တော်ကနေ တကမ္ဘာလုံး လိုက်နာစေဆိုတဲ့ ဥပဒေတွေ ပြဋ္ဌာန်းနေပါပြီ။ ဘယ်လောက်မောက်မာ မိုလ်ကျ အနိုင်ကျင့်လိုက်ပါသလဲ။

ကြီးနိုင်ငယ်ညှင်း လုပ်တာဟာ အမေရိကန်နယ်ချဲ့ တဦးတည်း မဟုတ်ပါဘူး။ တခြားနယ်ချဲ့တွေကလည်း လုပ်ကြပါတယ်။

သတင်းတခု အဆိုအရ ဥရောပသမဂ္ဂ ( E.U ) က အာဖရိက ကာရစ်ဘီယံဒေသနဲ့ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်း နိုင်ငံကလေးတွေ အားလုံးပေါင်း ( ၇၁ ) နိုင်ငံနဲ့ စာချုပ်တခု ချုပ်တယ်ဆိုပါတယ်။ စာချုပ်ရဲ့သဘောက အမေရိကန်ဒေါ်လာ ၁၃ . ၅ ဘီလျံ အကူအညီပေးပြီး အဲဒီနိုင်ငံတွေနဲ့ ကုန်သွယ်ရေး လုပ်ကြမယ်။

(၇၁ ) နိုင်ငံက အပြန်အလှန်အားဖြင့် ( E.U ) ထဲ တရားမဝင် ဝင်ရောက်နေတဲ့ သူတို့နိုင်ငံသားတွေကို ပြန်ခေါ်ရမယ်။ ကိုယ့်နိုင်ငံသားမှ မဟုတ်ဘူး။ ကိုယ့်ဆီကနေ ( E.U ) ထဲ တရားမဝင် ဝင်ရောက်နေတဲ့ တခြားနိုင်ငံသားတွေကိုလည်း ပြန်ခေါ်ရမယ်။ ပြီးတော့ လာဘ်ပေးလာဘ်ယူနဲ့ ဘဏ္ဍာရေးစနစ် လျော့ရဲတာကိုလည်း အရေးယူပေးရမယ်လို့ ဆိုတယ်။ သဘောကတော့ ငွေပေးပြီး အကျပ်ကိုင်ခံရတာပါပဲ။ ( E.U ) နိုင်ငံတွေ ဆိုတာကလည်း တခါက ရွှေထီးဆောင်းခဲ့တဲ့ နယ်ချဲ့တွေပဲလေ။

**မေး** – အမေရိကန်က ကျွန်တော်တို့ ဒီမိုကရေစီတိုက်ပွဲကို ထောက်ခံအားပေးနေတယ် မဟုတ်လား၊ သူ့ကိုကျွန်တော်တို့ အသုံးမချသင့်ဘူးလား။

**ဖြေ** – ဗမာပြည်နဲ့ ပတ်သက်ပြီး တကမ္ဘာလုံးက ကိုယ်စားလှယ်တွေပါတဲ့ ကမ္ဘာ့ကုလသမဂ္ဂက ဆုံးဖြတ်ချက်တွေ ချထားပါတယ်။ အဲဒီဆုံးဖြတ်ချက်တွေ အကောင်အထည်ဖော်ဖို့ လုပ်ဆောင်တာ မှန်သမျှကို ကျွန်တော်တို့ပါတီက လက်ခံပါတယ်။ ဘယ်သူက လုပ်လုပ် ကြိုဆိုပါတယ်။ အမေရိကန်က လုပ်တာမို့ဆိုပြီး မကန့်ကွက် မဆန့်ကျင်ပါဘူး။

ကျွန်တော်တို့ပြောတဲ့ နယ်ချဲ့ဆန့်ကျင်ရေးဟာ နယ်ချဲ့ဝါဒအရ လုပ်ဆောင်တာတွေ အားလုံးကို ဆန့်ကျင်တယ်လို့ ဆိုလိုတာပါ။ နယ်ချဲ့ရေးရည်ရွယ်ချက်နဲ့ မိုလ်ကျလာတာ အားလုံးကို ဆန့်ကျင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အမျိုးသား အကျိုးစီးပွားကို ထိပါးစေတဲ့၊ ကျွန်တော်တို့ တမျိုးသားလုံးဆန္ဒကို မထီမဲ့မြင်ပြုပြီး မိုလ်ကျတဲ့၊ ကျွန်တော်တို့တိုင်းပြည်ကို အနာခံစေပြီး သူတို့က အသာစံဖို့လုပ်တဲ့ ဘယ်လုပ်ရပ်ကိုမဆို ဆန့်ကျင်ပါတယ်။ ကျွန်တော်တို့ စဉ်းစားသမျှဟာ ကျွန်တော်တို့တိုင်းပြည်၊ ကျွန်တော်တို့အမျိုးသား၊ ကျွန်တော်တို့ပြည်သူရဲ့ အကျိုးကပဲ အစချီပါတယ်။

အသုံးချရေးဆိုတာကို သဘောတူပါတယ်။ ဒါပေမဲ့ သတိပြုရမှာက အသုံးချတယ်ဆိုတာ နှစ်ဘက်သွား လက္ခဏာရှိတယ်။ ကိုယ်က သူ့ကို အသုံးချနေစဉ်မှာ သူကလည်းကိုယ့်ကို အသုံးချတယ်ဆိုတာရယ်၊ နောက်ဆုံးစာရင်းပိတ်တဲ့အခါမှာ ကိုယ့်အတွက် အမြတ် မထွက်ရင် ရှုံးတယ်ဆိုတာရယ်၊ ရေတိုအမြင်– ရေတိုအကျိုးစီးပွားနဲ့ မလုပ်ဘဲ ရေရှည်အမြင်– ရေရှည်အကျိုးစီးပွားကို ဦးထိပ်ထားတာ၊ တိုင်းပြည်နဲ့ပြည်သူသာ ပဓာန – တပါတီ တဖွဲ့တဦးရဲ့ အကျိုးစီးပွားကို သာမည်လို့ သဘောမထားရင် သာယာစီးဝါဒသမား ဖြစ်တတ်တာရယ်ကို သတိပြုရပါမယ်။ အရေးအကြီးဆုံးက ကာလ၊ ဒေသ၊ ပယောဂကို ထည့်တွက်ရေး ဖြစ်ပါတယ်။

ကျွန်တော်တို့နဲ့ သိပ်အလှမ်းမဝေးတဲ့ အတွေ့အကြုံပဲ ပြောပါမယ်။ ကိုယ်တိုင်ကြုံခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်ရဲ့ မိဘတွေ၊ ဆွေမျိုးတွေ ကြုံခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်။ သိပ်ပြီးစိမ်းလှတဲ့ အတွေ့အကြုံ မဟုတ်ပါ။ ဒါကြောင့် အကျယ်မချဲ့တော့ပါ။ အသုံးချရေးရဲ့ အတွေ့အကြုံကောင်းတွေပါ။

သတိပြု လေ့လာဆင်ခြင်ဖို့ နှစ်ခုပဲ တင်ပြပါမယ်။

အဲဒီတုန်းက စစ်ကြီးဖြစ်နေတဲ့ အခြေအနေပါ။ စစ်ကြောင့်အပြောင်းအလဲ သိပ်မြန်ပါတယ်။

ဂျပန်ကိုအသုံးချပြီး အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်၊ အင်္ဂလိပ်ကို မဟာမိတ်ပြုပြီး ဂျပန်ဖက်ဆစ်ကိုမောင်းထုတ်၊ ဒါတွေကို သုံးလေးနှစ်အတွင်း လုပ်နိုင်ပါတယ်။ အဲဒီအတွင်းမှာ ပြည်သူ့အင်အားကို ကြီးထွားအောင် တည်ဆောက်လိုက်နိုင်ပါတယ်။ စာရင်းချုပ် လိုက်တော့ မြတ်ပါတယ်။ ကိုယ့်ကြောင့်ချည်း မဟုတ်ပါဘူး။ တကမ္ဘာလုံးရဲ့ ကောင်းမွန်တဲ့ အခြေအနေကိုလည်း ပေါင်းထည့်ရပါမယ်။

အခုအခြေအနေက ကမ္ဘာတခုလုံး အတိုင်းအတာအရပြောရင် ငြိမ်းချမ်းတဲ့ အခြေအနေပါ။ အပြောင်းအလဲကလည်း နှေးကွေးပါတယ်။ ကမ္ဘာ့အခြေအနေကလည်း ခြုံပြီးပြောရင် မကောင်းလှပါ။ တကွက်မှားရင် တသက်လောက်ခံရမယ့် အခြေအနေပါ။ ကိုယ့်အခြေအနေက အမျိုးသားညီညွတ်ရေး ပျက်ပြားနေတာ၊ စီးပွားရေး ချွတ်ခြုံကျနေတာကိုပါ ထည့်တွက်ကြရပါမယ်။ အာရှ၊ အာဖရိက ကနေပြီး မသက်မသာ– မရှုမလှ ထွက်ခွာသွားခဲ့ကြတဲ့ နယ်ချဲ့သမားတွေ ပြန်လည်ခြေသွက်နေတာလည်း သတိပြုပါ။

အသုံးချရေးနဲ့ သာယာစီးရေးကိုလည်း ခွဲခြားရပါမယ်။ ဗစိန်၊ ထွန်းအုပ်တို့ဟာ သူတို့ကိုယ်ကျိုးအတွက် သာယာစီးတာပါ။

ဂျပန်နဲ့ပေါင်းလိုက်၊ အင်္ဂလိပ်နဲ့ပေါင်းလိုက်လုပ်ပြီး အမျိုးသားရေးကို ကျောခိုင်းခဲ့ပါတယ်။

မေး – ရန်သူတွေ များမနေစေဖို့ တခုကို အရင်ဆုံး စုပြုံတိုက်နိုင်ဖို့ ကျန်တာတွေနဲ့ ယာယီပေါင်းရင် မကောင်းဘူးလား။

ဖြေ – ပေါင်းတယ်ဆိုတာ သိပ်ပြီးကျယ်ပြန့်လွန်း၊ မြင့်လွန်းပါတယ်။ တခုကိုထိန်းထားပြီး တခုကိုတိုက်တာ လုပ်သင့်ပါတယ်။ ကျွန်တော်တို့ပါတီက ဒီမိုကရေစီတော်လှန်ရေးအဆင့်မှာ ရန်သူကြီး (၃ ) ဦး (နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ဗျူရိုကရက်အရင်းရှင်စနစ် ) ရှိတယ်လို့ သတ်မှတ်ပါတယ်။ ရန်သူ့စခန်း (က) (ခ) (ဂ) သုံးခုရှိရင် (ဂ)ကို စုပြုံတိုက်ဖို့ (က)နဲ့ (ခ)ကို ထိန်းထားတာ၊ ဖြတ်တောက်ထားတာ၊ ဝိုင်းထားတာ လုပ်ရပါတယ်။ ပေါင်းတာ မဟုတ်ပါဘူး၊ ပေါင်းလို့ မရပါဘူး။ ဒါကတိုက်ပွဲနည်းနာ ပြဿနာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဇောင်းပေးရေး ပြဿနာပါ။ နယ်ချဲ့က ပြည်ပရန်ပါ။ ပြည်တွင်းအနီးကပ်ရန်သူက ဗျူရိုကရက်အရင်းရှင်နဲ့ ပဒေသရာဇ်မြေရှင်စနစ်ပါ။ ပြည်တွင်းကို ဇောင်းပေးရပါမယ်။ နယ်ချဲ့ရဲ့ တိုက်ရိုက်ကျူးကျော်မှု မခံရသမျှ ပြည်တွင်းပဲ ဇောင်းပေးရပါမယ်။ ပဒေသရာဇ်မြေရှင်စနစ်က ခါးရိုးကျိုးနေပါပြီ။ အဓိကအန္တရာယ်က ဗျူရိုကရက်အရင်းရှင်စနစ်ပါ။ သူကပဲ ပဒေသရာဇ်မြေရှင်စနစ်ကို ကာကွယ်ထိန်းသိမ်းပေးနေတာလည်း ဖြစ်ပါတယ်။

သံတမန်စကား သွယ်ဝိုက်ပြီးပြောနေတာ မလုပ်ဘဲ ရင်းရင်းနှီးနှီးပဲ ရဲဘော်ချင်း ဆွေးနွေးတဲ့အနေနဲ့ ပြောပါရစေ။ အခု အခြေအနေက စစ်ကြီးဖြစ်နေတဲ့ အခြေအနေ မဟုတ်ပါဘူး။ တခုကို 'ပေါင်း' ပြီး တခုကို ချေမှုန်းရမယ့် အခြေအနေ မဟုတ်ပါဘူး။ ဗမာပြည်ဟာ ကမ္ဘာမှာ လူဦးရေ အများဆုံးရှိတဲ့ နိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိနေတဲ့ နိုင်ငံအလတ်စားပါ။ အတော်များများ ကမ္ဘာသူ ကမ္ဘာသားတွေက မြေပုံထောက်ပြမှ သိကြတဲ့တိုင်းပြည်ပါ။ သူ့ချည်းဆိုရင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ အရေးမပါလှပါဘူး။ ဒါပေမဲ့ နိုင်ငံကြီးနှစ်ခုကြားက ဗမာပြည်ဟာ အကြံကြီးတဲ့ နယ်ချဲ့သမားတိုင်းအဖို့ "နင်းခုံ" ဖြစ်နေလေ့ ရှိပါတယ်။

(ရယ်) ရီစရာစကားတခု ကြားဖူးပါတယ်။ ကမ္ဘာကြီးကို ဖန်တီးတဲ့ ဖန်တီးရှင်ကို ပိုလန်လူမျိုးတွေက သူတို့တိုင်းပြည်ကို နယ်မြေငယ်ချင် ငယ်သွားပါစေ အခုလက်ရှိနေရာကနေ တနေရာ ရွှေ့ပေးပါလို့ ဆုတောင်းကြတယ် ဆိုပါတယ်။ အခုနေရာက နယ်ချဲ့ ဂျာမဏီနဲ့ နယ်ချဲ့ရုရှားအကြား ရှိတာမို့ ဝင်ခလုတ်၊ ထွက်ခလုတ် ခဏခဏကျူးကျော်ခံနေရလို့ အဲဒီလို ဆုတောင်းတာလို့ ဆိုပါတယ်။ ကျွန်တော်တို့ကတော့ ဆုမတောင်းပါဘူး။ ကြံ့ခိုင်တဲ့မူနဲ့ ပျော့ပျောင်းတဲ့ နည်းပရိယာယ်ကို အားကိုးပါတယ်။ နောက်တခုက အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေကလည်း နယ်ချဲ့နိုင်ငံတွေ မဟုတ်ကြပါဘူး။

ဒါပေမဲ့ ဗမာပြည်ဟာ အင်္ဂလိပ်နယ်ချဲ့ကတလှည့်၊ ဂျပန်ကတလှည့် ခလုတ်တိုက် ခံခဲ့ရဖူးပါတယ်။ အခုလည်း အမေရိကန်က ခလုတ်တိုက်ချင်လို့ ဗမာပြည်အရေးကို စိတ်ဝင်စားနေတာပါ။ "ဆိုရှယ်လစ်" မြန်မာနိုင်ငံ ဘဝတုန်းက စိတ်ဝင်စားမှု မရှိခဲ့ပါဘူး။

အင်္ဂလိပ် အုပ်စိုးစဉ်ကာလက တည်မြဲအမိန့်တခု ထုတ်ထားဖူးပါတယ်။ အိန္ဒိယရဲ့ ပြည်နယ်တခု ဖြစ်နေတဲ့ ဗမာပြည်ထဲကို နွေရာသီမှာ ဝင်ရောက်လာပြီး အရောင်းအဝယ် လုပ်လေ့ရှိတဲ့ တိဗက်လူမျိုးတွေကို သူတို့ရောက်ရာအရပ်က အစိုးရအရာရှိတွေက နေထိုင်စားသောက်ရေး၊ ခရီးသွားလာရေးမှာ ကူညီကြရမယ်ဆိုတဲ့ အမိန့်ပါ။ တိဗက်ကို တိုးချဲ့ချင်လို့ စည်းရုံးရေး လုပ်တာပါ။ အခုလည်း ပုံစံတမျိုးနဲ့ အမေရိကန်က စည်းရုံးနေတာ အထင်အရှားပါ။ အိန္ဒိယပြည်ကိုဖြစ်ဖြစ်၊ တရုတ်ပြည်ကိုဖြစ်ဖြစ် ဘယ်အိမ်နီးချင်း တိုင်းပြည်ကိုဖြစ်ဖြစ် ရန်လုပ်တဲ့အလုပ်ထဲမှာ ဗမာပြည် မပါဝင်သင့်ပါဘူး။ မပူးပေါင်းသင့်ပါဘူး။ ဝေက်ကဒဏ်ခံရတဲ့ အဖြစ်မျိုး အကျမခံနိုင်ပါဘူး။

ပြောခဲ့တာများပါပြီ။ နိဂုံးချုပ်ပါရစေ။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ခေတ်ဟာ ဗမာပြည်နိုင်ငံရေး မျိုးဆက်သစ်လူငယ်များရဲ့ခေတ် ဖြစ်ခဲ့ပါတယ်။ ရှိလှမှ အသက်အကြီးဆုံးက ၃၀ တဝိုက်မှာပါ။ သူတို့က အခု လူအိုလူမင်းတွေ ဖြစ်နေကြပါပြီ။ ပျောက်ကွယ်စ ပြုနေပါပြီ။

ဒီမျိုးဆက်သစ်လူငယ်တွေရဲ့ (အကောင်း– အဆိုး ) အတွေ့အကြုံတွေရယ်၊ သူတို့ရဲ့ နိုင်ငံရေးဖြတ်သန်းမှုရယ်၊ သူတို့ရဲ့ လေ့လာရေးအားနဲ့ အတွေးအခေါ်ရယ် အဲဒါတွေက ဗမာပြည်ရဲ့ ၂၀ ရာစု ဒုတိယ နှစ် ၅၀ ပိုင်းရဲ့ နိုင်ငံရေးသွင်ပြင်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါဟာ ယေဘုယျသဘော ပြောတာပါ။

၂၁ ရာစုရဲ့ ပထမနှစ်ငါးဆယ်ရဲ့ နိုင်ငံရေးသွင်ပြင်ကို အခုခေတ် မျိုးဆက်သစ်လူငယ်တွေက ပြဋ္ဌာန်းရပါတော့မယ်။ ဟိုတုန်းကထက်ပိုပြီး ရှုပ်ထွေးတဲ့ နိုင်ငံတကာနဲ့ ဆက်ဆံရေး၊ ပိုပြီးကျယ်ပြန့်တဲ့လောကနဲ့ လေ့လာဆည်းပူးစရာတွေက အဆမတန်များတဲ့ ကာလကြီးပါ။ လူငယ်မျိုးဆက်သစ်တွေက ပိုပြီးထွန်းပြောင်တဲ့ သစ်လွင်တိုးတက်တဲ့ ဗမာပြည်ကို တည်ဆောက်ရေးမှာ မှန်မှန်ကန်ကန် ပဲ့ကိုင်သွားနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

မရှင်းလင်းတာရှိကြရင် ထပ်မေးကြပါ။ ကြိုးစားပြီး ဖြေဆိုပါမယ်။

ကျေးဇူးတင်ပါတယ်။

# ထွက်ပေါက်ရှာမရဖြစ်နေတဲ့ စစ်အုပ်စုရဲ့နိုင်ငံခြားရေးဝါဒ

*********************************

ပြည်တွင်း၌ ဆိုရှယ်လစ်စနစ် ကျင့်သုံးနေပါသည်ဟု ဆိုနေချိန်တွင် ပြည်ပ၌ ဆိုရှယ်လစ်နိုင်ငံများအား တိုက်ခိုက်နေပြီး ပြည်တွင်း၌( အရင်းရှင်စနစ်ဟု ပြောရမှာ ရှက်သဖြင့် ) ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေပါသည်ဟု ဆိုနေချိန်တွင် အနောက်အရင်းရှင်နိုင်ငံကြီးများအား တိုက်ခိုက်နေခြင်းမှာ ကမ္ဘာတွင် ရှာမှရှားသော ဗမာပြည်စစ်အုပ်စု၏ နိုင်ငံခြားရေးဝါဒပင် ဖြစ်သည်။ ဤသို့ အပြောတမျိုး အလုပ်တမျိုးဖြစ်သော၊ အလိမ်အညာတွေ ပြွန်းတီးနေသော၊ လူနားလည်ရခက်သော နိုင်ငံခြားရေးဝါဒမှာ စစ်အုပ်စုနိုင်ငံခြားရေးဝါဒရဲ့ ထူးခြားချက်ဟု ဆိုရမည်ထင်သည်။

သူတို့ရဲ့ရည်ရွယ်ချက် မည်သို့ပင်ရှိစေ၊ မြန်မာနိုင်ငံမှာ ဤလမ်းစဉ် ပေါ်လစီတို့၏ ကောင်းမှုကြောင့် ကမ္ဘာပေါ်ဝယ်အဆင်းရဲဆုံး၊ လူမှုဒုက္ခ အများပြားဆုံး၊ ပြည်သူတွေ အဖိနှိပ်ခံရဆုံး နိုင်ငံတနိုင်ငံ ဖြစ်နေလေပြီ။ ကမ္ဘာ့ဗိုလ်ပုံအလယ်တွင် မျက်နှာငယ်၊ အရှက်ကွဲရသည်မှာလည်း ဘယ်ခါကနှင့်မျှမတူ၊ တခါတရံ သူတပါးနိုင်ငံသို့ ရောက်သခိုက် မိမိကိုယ်မိမိ ဗမာပြည်သားပါဟု ပြောရမည်ပင် မဝံ့မရဲ ဖြစ်ကြရသည်။ ဗိုလ်ခင်ညွန့်ရဲ့“ဗမာ့အားကစားကမ္ဘာကို လွှမ်းစေရမည်” ဆိုသောကြွေးကြော်သံမျိုးတွေကြောင့် မိမိကို အခြားနိုင်ငံသားများက အူကြောင်ကြောင်နိုင်ငံက ကောင်တွေဟု အထင်ခံရမှာလည်း စိုးမိကြသည်။

တကယ်တော့ နိုင်ငံခြားရေးဝါဒ ဆိုသည်မှာ နိုင်ငံတနိုင်ငံအနေဖြင့် အမြဲလှုပ်ရှား ပြောင်းလဲနေသော နိုင်ငံတကာ အခြေအနေတွင် မိမိနိုင်ငံအတွက် အကျိုးအရှိဆုံး အနေအထား ရရှိအောင် ထိန်းညှိလုပ်ကိုင်ကြသည့် မူပေါ်လစီများပင် ဖြစ်သည်။ ရှင်းနေသည်မှာ အင်အားသေးငယ်သူများအဖို့ ထိန်းညှိရတာ ပိုများပြီး အင်အားကြီးသော နိုင်ငံကြီးများမှာ ပိုမိုတွင်တွင်ကျယ်ကျယ် လုပ်နိုင်ကြသည်။ လှုပ်ရှားလုပ်ကိုင်နိုင်စွမ်းမှာ သက်ဆိုင်ရာ နိုင်ငံ၏ လက်ရှိဓနအင်အား၊ စစ်အင်အားတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ သို့သော် ယနေ့အခါတွင် တဦးတည်းသော အင်အားလွန် နိုင်ငံကြီးဟုဆိုသော အမေရိကန်ပင် တကမ္ဘာလုံးကို ကိုယ့်ခြေကိုယ့်လက်ချည်းဟူ၍ လုပ်လို့မရ၊ ထောက်ထား၊ ထိန်းညှိလုပ်ရတာတွေ အများကြီးရှိသည်။ ဤခေတ်သံတမန်လောက၏ ဂုရုကြီးဟု ရည်ညွှန်းလေ့ရှိကြသည့် ဟင်နရီကစ်စင်းဂျားက သူတို့နှပ်ပစ်ခံခဲ့ရသော ဗီယက်နမ်စစ်ပွဲကို သုံးသပ်ရာတွင် “နိုင်ငံခြားရေးဝါဒဆိုတာ မပြည့်စုံတဲ့ ရွေးချယ်စရာတွေထဲက ဆုံးဖြတ်ရွေးချယ်ရတာတွေ မကြာခဏရှိတယ်” ဟု “သံခင်းတမန်ခင်းလုပ်ငန်း” (Diplomacy) စာအုပ်တွင် ရေးသားခဲ့သည်။

ပဒေသရာဇ်ခေတ် မြန်မာမင်းများ၏ နိုင်ငံခြားရေးနှင့် သံတမန်ရေးလုပ်ငန်းမှာ အိမ်နီးနားချင်းနိုင်ငံများနှင့် ကာလအလိုက် အင်အားနှင့်အညီ ဟန်ချက်တခု တည်ဆောက်ပြီး ဆောင်ရွက်ကြခြင်း ဖြစ်သည်။ ဘာမျှရှုပ်ရှုပ်ထွေးထွေးမဟုတ်၊ နယ်မြေကိစ္စ၊ သာသနာရေးကိစ္စလောက်သာ များသည်။ ကိုယ့်ဒေသထွက်ကုန်နှင့် ကိုယ်ဖြစ် အောင် နေကြသောကာလများ ဖြစ်သဖြင့် ပြည်ပကုန်သွယ်ရေး ပြဿနာများပင် မရှိ။ နောက်ပြီး ကိစ္စတော်တော်များများကို စစ်နှင့်ပင် ဖြေရှင်းလေ့ ရှိကြသည်။ နောက်ပိုင်းတွင် ဥရောပကနယ်ချဲ့အင်အားများ ရောက်ရှိလာမှ သံတမန်လုပ်ငန်းမှာ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ကင်းဝန်မင်းကြီးတို့မှအစ မြန်မာအုပ်ချုပ်ရေးအပိုင်းက ပုဂ္ဂိုလ်များ ပင်လယ်ရပ်ခြားခရီး စတင်ထွက်ဖူးခဲ့ကြသည်။ (ပုဂံခေတ်က ရှင်ဒိသာပါမောက် သွားခဲ့သည်မှာ သံတမန်တဦး အနေဖြင့် မဟုတ်ပါ ) ကိုလိုနီဘဝတွင်မူ ဤနိုင်ငံ၏ ပြည်ပဆက်ဆံရေးနှင့် သံတမန်ရေး လုပ်ငန်းမှန်သမျှ လန်ဒန်မှချည်း ဆုံးဖြတ်ဆောက်ရွက်ခဲ့သည်။ မြန်မာသံရုံးဆိုတာ လွတ်လပ်ရေးဒီဘက်ပိုင်းမှ တွေ့ကြရခြင်း ဖြစ်သည်။

ဗမာပြည်သံရုံးဆိုတာတွေ စပေါ်လာချိန်မှာ စစ်အေးကာလ၏ ကနဦးခေတ်ဖြစ်သည်။ ကမ္ဘာ့အခင်းအကျင်းသစ်တရပ် စတင် ပုံပေါ်လာနေသော အချိန်လည်း ဖြစ်သည်။ နိုင်ငံတကာအရေး အလွန်ရှုပ်ထွေးသော ကာလဟုဆိုလျှင် မမှား။ ထိုစဉ်က ဖဆပလအစိုးရမှာ အတွေ့အကြုံမရှိသော်လည်း သူ့အထဲက ဆိုရှယ်လစ်များသည် ဗမာပြည်ကွန်မြူနစ်ပါတီကို တောထဲမောင်းပို့ပြီး မြို့ပေါ်မှာ ငါတဗိုလ်တည်းဟူ၍ မာနတလူလူ တက်နေကြသည်။ အနောက်တိုင်းရဲ့နောက်ကို ခြေစုံပစ်လိုက်ရန် ပြင်နေကြသည်။

အမေရိကန်ဟာ ဥရောပတိုက်ကို စစ်အပြီးမှာ ကူညီဆွဲထူပေးခဲ့သလို ဗမာပြည်ကိုလည်း ပြည်တော်သာစီမံကိန်းလို အကူအညီမျိုးတွေနဲ့ ထူထောင်ပေးလိမ့်မည်ဟု သူတို့တတွေ ထင်မှတ်ခဲ့ကြသည်။ သို့ဖြင့် လွတ်လပ်ရေးရကာစ ဗမာအစိုးရအဖို့ ပထမဆုံး အရေးကြီးနိုင်ငံတကာ့ အရေးအခင်းဟု ဆိုရမည့် ကိုရီးယားစစ်ပွဲကိစ္စ ပေါ်လာခဲ့သည်။ သည်အချိန်တွင် ဖဆပလအတွင်း၌ ဆိုရှယ်လစ်အုပ်စုသည် 'နိုင်ငံတော်တရပ် အတွင်းက နိုင်ငံတော်' ဟုခေါ်ဆိုလေ့ရှိကြသည့် အာဏာပိုင်အစုလေးမျိုး တည်ဆောက်ရန် ကြိုးစားနေကြသည်။ (ထိုအစုထဲတွင် အခါအခွင့်ရလျှင် သူတို့အထဲမှ ခွဲထွက်ပြီး တိုင်းပြည်၏ နံပါတ်တစ်အဖြစ် တသက်လုံးလုပ်ရန် အကြံရှိသော ဗိုလ်နေဝင်းလည်း ပါသည်။) ဖဆပလ အစိုးရသည် ကုလသမဂ္ဂအတွင်း၌ အိမ်နီးချင်း တရုတ်ပြည်ကို ထိပ်တိုက် ဆန့်ကျင်မဲပေးခဲ့သည်။ သူတို့သည် ပြည်တွင်း၌ ကွန်မြူနစ်များကိုတိုက်ရန် အနောက်အုပ်စုထံမှ လက်နက်ခဲယမ်းများ မျှော်လင့်ထားကြဟန်တူသည်။ အမေရိကန်ထံမှ ဆုအဖြစ် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ကေတီအေစီမံကိန်းလိုဟာတွေ ရခဲ့ပါသည်။ သို့သော် ဗမာအစိုးရ၏ သံတမန်ရေးရာ အစွမ်းအစကိုလည်း နိုင်ငံတကာက သဘောပေါက်သွားခဲ့ကြသည်။ ထို့ကြောင့် စီအိုင်အေတို့က ဖဆပလအစိုးရအား(ထိုခေတ်က) ထိုင်းလို သူတို့ရဲ့ အလိုတော်ရိတယောက်လောက် သဘောထားပြီး ကူမင်တန်ခေါ် တရုတ်ဖြူတပ်များအား ဗမာပြည်ထဲ၌ အခြေစိုက်ခိုင်းလိုက်ကြတော့သည်။

သည့်နောက်တွင်မှ တရုတ်အစိုးရသည် ဦးနုတို့ကိုစည်းရုံးပြီး ဘန်ဒေါင်းကွန်ဖရင့်မှ အစပြုကာ ဗမာအစိုးရကို ပွဲထုတ်ခဲ့သည်။ ထိုမှတဆင့် ဘက်မလိုက်လူပ်ရှားမှု၊ တရုတ်ဗမာနယ်နိမိတ်စာချုပ် စသဖြင့် ကမ္ဘာ့အလယ်မှာ ဗမာအစိုးရ ဂုဏ်အတက်ဆုံး ကာလများကို ဖြတ်သန်းခဲ့ကြသည်။ ဦးသန့်ကုလသမဂ္ဂအတွင်းရေးမှူးအဖြစ် အရွေးခံရခြင်းမှာ အထွတ်အထိပ်ဟု ဆိုနိုင်သည်။

သတိပြုသင့်သည်မှာ ဤအချိန်တွင် ဗမာပြည်၏ အာဏာရ လူတန်းစားအတွင်း၌ စစ်အုပ်စု တွင်ကျယ်လာနေပြီဖြစ်သည်။ ၅၈ – ခုနှစ်အာဏာသိမ်းမှုကြောင့် စစ်ဗိုလ်တွေ အာဏာ၏အရသာကို ကောင်းကောင်း သိနေကြလေပြီ။ ထို့ကြောင့်အကြောင်းရှာ ၍ အာဏာထပ်သိမ်းရန် ပြင်ဆင်နေကြသည်။ သည်အချိန်မှာသူတို့ခေါင်းထဲ၌ နိုင်ငံတကာဆက်ဆံရေး ကိစ္စကိုပါ စဉ်းစားပြီးဖြစ်သည်။

## စစ်အုပ်စုပုံစံ နိုင်ငံတကာဆက်ဆံရေး

၁၉၆၀ခုနှစ်၊ ဒုတိယနှစ်ဝက်ပိုင်းထဲတွင် ထိုစဉ်က ဝန်ကြီးချုပ်ဦးနုနှင့် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်နေဝင်းတို့ အိမ်နီးနားချင်းနိုင်ငံတခုသို့ တရားဝင်သွားရောက်လည်ပတ်ခဲ့ကြစဉ်က ဖြစ်သည်။ တနေ့နှစ်နိုင်ငံက ခေါင်းဆောင်များ ဆွေးနွေးကြပြီးနောက် အစည်းအဝေးခန်းမကြီးထဲမှ ပြန်ထွက်လာကြရာတွင် လှေခါးရင်း၌ ဗမာပြည်ခေါင်းဆောင်များ စီးနင်းရန်ကားများ အသင့်ရပ်စောင့်နေကြသည်။ ကားများအား သံခင်းတမန်ခင်း ထုံးစံအတိုင်း ဘယ်သူက ဘယ်ကားစီးရန်ဟူ၍ သတ်မှတ်ထားသည်။ ဤသည်ကို ဗိုလ်နေဝင်း နားမလည်သည် မဟုတ်။ ကောင်းကောင်းနားလည်သည်။ ရှေ့ဆုံးမှကားကို နိုင်ငံ့အကြီးအကဲဖြစ်သူ ဦးနုက စီးရမည်။ သူက နောက်ကားကိုသာစီးရမည် ဖြစ်သည်။ သို့သော် အားလုံး လှေခါးရင်းသို့ ရောက်သောအခါ ဗိုလ်နေဝင်းက ဖြတ်ကနဲ ရှေ့ဆုံးကားတွင် ဝင်ထိုင်လိုက်သည်။ အိမ်ရှင်ခေါင်းဆောင်များပင် အံ့အားသင့်သွားကြသည်။ ဗိုလ်နေဝင်းက သူသာလျှင် နံပါတ်တစ် ခေါင်းဆောင်ဖြစ်ကြောင်း ထိုခေါင်းဆောင်များအား အချက်ပြလိုက်ခြင်း ဖြစ်ဟန်တူသည်။ သို့သော် ထိုနိုင်ငံ၏ သံတမန်ရပ်ကွက်တွင်မူ ပြောစမှတ်ဖြစ်နေရစ်ခဲ့သည်။ ဤကားဗိုလ်နေဝင်း၏ သံတမန်ဆက်ဆံရေး လုပ်ဟန်ပင် ဖြစ်တော့သည်။

ဗမာနိုင်ငံ ကဲ့သို့ မဖွံ့ဖြိုးသေးသော နိုင်ငံများ၏ အုပ်စိုးသူလူတန်းစားထဲတွင် မတူသော အုပ်စုများ ရှိကြသည့်အလျောက် သူတို့သည် မတူသော ပြည်ပအဆက်အသွယ်များ ထူထောင်မိလေ့ ရှိကြသည်။ အထူးသဖြင့် နိုင်ငံကြီးများနှင့် ဆက်သွယ်ကြရာတွင် ဖြစ်၏။ ဒုတိယကုန်းဘောင်ခေတ်က မြန်မာမင်းများအနေဖြင့် နိုင်ငံခြားနှင့် ဆက်ဆံသည်ဆိုရာတွင် အများစုမှာ ဘုံဘေဘားမား သစ်ကုမ္ပဏီကဲ့သို့ အရင်းရှင်ကုမ္ပဏီကြီးများနှင့် ဆက်ဆံရသည်က များသလို ယခုအခါတွင်လည်း နိုင်ငံကြီးများသည် နိုင်ငံငယ်များမှ အုပ်စိုးသူလူတန်းစားထဲမှ အစုများကို ကုမ္ပဏီကြီးများနှင့် လွှဲထားလေ့ ရှိကြသည်။ ဥပမာ ဗိုလ်နေဝင်းတို့ကို ဂျာမဏီနိုင်ငံက ဖရစ်ဇ်ဝါနာကုမ္ပဏီနှင့် လွှဲထားသည်မျိုး ဖြစ်သည်။ သို့ဖြင့် နိုင်ငံခြားရေးရာတွင်လည်း ဆရာမွေးတပည့်မွေးခြင်းများ ဖြစ်လာခဲ့သည်။

ဗမာပြည်တွင် ထူးခြားသည်မှာ အထက်တွင် ရေးခဲ့သော ဝန်ကြီးချုပ်၏ကားကို လုစီးသကဲ့သို့ပင် စစ်အုပ်စုက ပြည်ပအဆက်အသွယ်ကိုပါ လုခြင်းဖြစ်သည်။ အာဏာရအုပ်စု တခုမှတခုသို့ ပြောင်းရာတွင် ပြည်တွင်း၌ ကိုယ်ပိုင်လက်ဝေခံများ မွေးမြူသလို ပြည်ပ၌လည်း ကိုယ်ပိုင်ဆရာသခင်ရှာကြခြင်း ဖြစ်သည်။ ဖဆ–ဆိုရှယ်လစ်အုပ်စုက စစ်လျော်ကြေးကိစ္စမှတဆင့် ရရှိခဲ့သော ဂျပန်အရင်းရှင်များနှင့် အဆက်အသွယ် ဟူသမျှကို ဗိုလ်နေဝင်းနှင့် ဗိုလ်အောင်ကြီးတို့က ကြားဖြတ်အစိုးရ ကာလတွင် လုယူခဲ့ခြင်းမျိုးကို ဆိုလိုသည်။ နောက်ပိုင်းတွင် ဒီအက်စ်အိုင်၊ ဘီအီးဒီစီကဲ့သို့သော လုပ်ငန်းများ မှတဆင့်လည်းကောင်း၊ စစ်တပ်၏တည်ဆောက်ရေး လုပ်ငန်းများမှတဆင့်လည်းကောင်း စစ်အုပ်စုအနေဖြင့် ကိုယ်ပိုင်ပြည်ပ အဆက်အသွယ်များ ရရှိခဲ့ကြသည်။ သို့သော် သူတို့ရရှိသည်မှာ တပည့်မဟုတ်၊ ဆရာသခင်သာဖြစ်သည် ဆိုသော အချက်ကို သတိပြုသင့်၏။

မိမိတွင် ဓနအင်အားလည်းမရှိ၊ စစ်အင်အားလည်း မပြောစလောက်နှင့် ပြည်တွင်း၌ လူတွင်ကျယ် လုပ်လေ့ရှိသော စစ်အစိုးရအဆက်ဆက်သည် ကိုယ့်ရွာမှာတော့ ကြက်ဖ၊ သူများရွာကျတော့ ကြက်မဟုသည့် အဖြစ်မျိုး မကြာခဏ ကြုံတွေ့ရခြင်းဖြစ်ပေသည်။ နိုင်ငံကြီးများက ကိုယ့်ကိုတန်းတူမဆက်ဆံဘဲ ကိုယ့်ထက်သံတမန်ဆက်ဆံရေး သဘောအရ အဆင့်နိမ့်သူများနှင့်လွှတ်ပေး ဆွေးနွေးခိုင်းခြင်းများကို အောင့်ခံရသည်များ မကြာခဏ ကြုံတွေ့ရတတ်သည်။ မိမိအပေါ် ဤသို့ပြုမူဆက်ဆံခြင်းကို သူတို့ခမျာ ငြင်းပယ်လို့မရ၊ အရက်ပြတ်တော့ ခွက်ကပ်နဲ့ မူးရတယ်ဆိုတာမျိုး လုပ်ရလေသည်။

စစ်အုပ်စု၏ ယုတ်ညံ့သည့်ဉာဉ်တခုမှာ အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်ဆံရာ၌ အဆင့်အတန်းခွဲခြားပြီး ဆက်ဆံခြင်းဖြစ်သည်။ ကိုယ်ကနိုင်လောက်သူ အပေါ်တွင် တမျိုးဆက်ဆံပြီး မနိုင်လောက်သူ အပေါ်တွင်တမျိုး ဆက်ဆံလေ့ရှိ၏။ အရပ်ထဲမှ လူမိုက်တွေလို ကိုယ့်နောက်တွင်ထောက်ခံသူ

ရှိလျှင်တမျိုး၊ မရှိလျှင်တမျိုး ဆက်ဆံတတ်သည်ကိုလည်း တွေ့ရသည်။ ဤနိုင်ငံများနှင့်ရေရှည်ရင်းနှီးချစ်ကြည်စွာ နေထိုင်သွားရေးဆိုသော အမြော်အမြင်မျိုး မရှိ။

ဒါသာမက သူတို့သည် ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ဖြင့် သံရေးတမန်ရေး ဆက်ဆံတတ်သည်။ စကားအသုံးအနှုန်းမှအစ ပြုမူဆောင်ရွက်ချက်အထိ စက်ဆုပ်စရာ လူမျိုးရေးအရ ကျဉ်းမြောင်းသော သဘောထားတွေ တွေ့နေရသည်။ စစ်အုပ်စု၏ အာဏာရ သမိုင်းတလျှောက် အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်ဆံရေးသမိုင်းကိုပဲ ပြန်ကြည့်ပါ။ နည်းနည်းမျှ ကျေနပ်စရာမရှိ။ ပဒေသရာဇ်ခေတ်က အိမ်နီးချင်းဆက်ဆံရေး ပုံစံအတိုင်း ကိုယ့်အင်အားအပေါ်တွင်မူတည်ပြီး သဘောထား ဆက်ဆံသည်။ လုံးဝမတည်ကြည်။ ထို့ကြောင့်အိမ်နီးနားချင်းနိုင်ငံ ငါးခုရှိသည့်အနက် လာအိုမှလွဲ၍ ကျန်လေးနိုင်ငံနှင့် တင်းတင်းမာမာ ဖြစ်ခဲ့ရဖူးသည်။ ထိုင်း၊ ဘင်္ဂလားဒက်ရှ်တို့နှင့် ဆိုလျှင်လည်း ယနေ့အထိ ဆက်ဆံရေး မပြေလည်။ ထိုင်းနိုင်ငံနှင့် မျက်နှာချင်းဆိုင်နေရာတွင် ဘုရင့်နောင်၏ ရုပ်ထုထားရှိခြင်း၊ တရုတ်ပြည်ကဆောက်ပေးသော မြစ်ကြီးနားမှ ရောဝတီမြစ်ကူးတံတားအား ပဒေသရာဇ်ခေတ်က တရုတ်တပ်တွေကို အနိုင်တိုက်ခဲ့ဖူးသည့် စစ်သူကြီးဗလမင်းထင်၏ နာမည်ပေးထားခြင်းစသည့် နိုင်ငံတကာ ဆက်ဆံရေးသဘောအရ အလွန်ရိုင်းစိုင်းမိုက်မဲသော မဖြစ်ညစ်ကျယ်လုပ်ရပ်များကိုလည်း ယနေ့လို အနေအထားတွင် လုပ်နေသေး၏။

သံတမန်ကိစ္စတွေမှာ ထောက်လှမ်းရေးက ဝင်ပါနေတာတွေလည်း အများသိပြီး ဖြစ်ပါလိမ့်မည်။ ပေါ်လစီရေးရာကိုင်သူက ထောက်လှမ်းရေး ညွှန်/ချုပ်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား တိုက်ရိုက်ညွှန်ကြားနေသည်ကို မကြာခဏ တွေ့နေရ၍ မဆန်းတော့သော်လည်း " မူးယစ်ဆေးဝါးကိစ္စတွင် ထိုင်းဘုရင့် ဆွေတော်မျိုးတော်တွေ ပါဝင်ပတ်သက်နေတာ နံမည်နဲ့ ဖွင့်ချရမလား " လို့ အစိုးရပိုင်သတင်းစာတွေမှာ အောက်ခြေက တိုက်ရိုက်ဝင်ပြီး ကြိမ်းမောင်းလိုက်တာကဖြင့် မျက်လုံးပြူးစရာပါ။ ဒီတော့တဖက်က " ဗမာ စစ်အုပ်စုထိပ်သီးတွေ မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေတာတွေကကော " လို့ ပြန်ပက်ပါတော့သည်။ မှတ်ကရောပဲ။

တိုင်းပြည်ရဲ့ နံပါတ်တစ် ပုဂ္ဂိုလ်က " ဒီကိစ္စမှာ ကျွန်တော်တို့ လက်လှမ်းမမီပါ " လို့ မျက်နှာပြောင်ပြောင်နဲ့ ဝန်ခံတာမှ မကြာသေး ... ထောက်လှမ်းရေးက မျက်နှာသာပေး ရွှေရေးပန်းကန်တက် လုပ်လာခြင်းလို့ ယူဆရပါမည်။

အမှန်မှာ ပုဂ္ဂိုလ်ရေးရင်းနှီးမှု ( တကယ်က စစ်အုပ်စုချင်း ပုလင်းတူပူးဆို့၊ မျက်စေ့မှိတ်နေကြေး ) သံခင်းတမန်ခင်း လုပ်လာကြရာမှ နောက်ပိုင်းအဆင်မပြေ ဖြစ်လာလို့ သုံးလာသော အောက်လမ်းနည်း ဖြစ်ပုံရပါသည်။

တယောက်နဲ့ အများဆိုတော့ နဝတ–နအဖတို့ကို အရှေ့တောင်အာရှတိုက်ရဲ့ ငပွကြီးအစိုးရလို့ ခေါ်စလောက်သည်။ သူတကာက ခွေးပုရန်လိုဟုလည်း ထင်မှတ်အမြင်ကတ်စရာ ဖြစ်နေလေသည်။

**စစ်အုပ်စု၏ သံရုံးများ**

ဗိုလ်နေဝင်းလက်ထက်တွင် ဗမာပြည်နိုင်ငံခြားရေးလုပ်ငန်း၌ ထူထောင်ခဲ့သော အစဉ်အလာ အသစ်များအနက် တခုမှာ နိုင်ငံခြားရေးဝန်ကြီးဌာနကို ထောက်လှမ်းရေးနှင့် စစ်အုပ်စု၏ ဆွေတော်မျိုးတော်များက အပိုင်စီးခြင်း ဖြစ်သည်။ နိုင်ငံတခု၏ သံရုံးတွင် ထောက်လှမ်းရေးကလူ ထားရှိသည် ဆိုသည်မှာ မဆန်းပါ။ ထုံးစံလိုပင် ဖြစ်နေပါသည်။ သို့သော် ပြဿနာသည် ထားရှိသော အရေအတွက်၊ ပေးထားသော (နာမည်ခံထားသော) တာဝန်၊ သံရုံးအတွင်းရှိ ထိုပုဂ္ဂိုလ် (တို့) ၏ အာဏာတို့ပင် ဖြစ်သည်။ သူတပါး သံရုံးများ၌ ထောက်လှမ်းရေးဆိုသူများမှာ သာမန်ခပ်ငယ်ငယ် ရာထူးလောက်သာ ယူထားပြီး ခပ်လျှိုလျှိုနေကြခြင်း ဖြစ်သည်။ ယနေ့ဗမာသံရုံး ဆိုသည်များတွင်မူ ထောက်လှမ်းရေးဗိုလ်များသည်"လူထွက်" အမည်ခံပြီး သံအမတ်ကြီးရာထူးအထိ ယူသည်များ ရှိနေသည်။ အချို့နေရာများတွင်မူ ထိုမျှကြီးသောတာဝန်ကို နာမည်ခံမထားသော်လည်း သံရုံးတခုလုံး အတွင်းဝယ် သူတို့မိုး ဖြစ်နေသည်။ သံအမတ်ကြီးဆိုသူကိုပင် ဤထောက်လှမ်းရေး ပုဂ္ဂိုလ်က ညွှန်ကြားနေလေ၏။

ယနေ့လက်ရှိ စစ်အစိုးရ၏ သံအမတ်ဆိုသူများထဲတွင် ဗိုလ်ကနေ ဦးပြောင်းထားသူအရေအတွက်မှာ ရာခိုင်နှုန်း၅၀ ပင် ကျော်နေပေရော့မည်။ နိုင်ငံခြားကို သွားရသော၊ နိုင်ငံခြားငွေဖြင့် လခပေးသောအလုပ် ဖြစ်သဖြင့် သူတို့၏ ဆွေတော်မျိုးတော်များ အောတိုက်၍ ဝင်လုပ်ကိုင်နေကြသည်။ အကယ်၍ နောင်အစိုးရများ တက်လာသည့်အခါ နိုင်ငံခြားရေးဝန်ကြီးရုံးဆိုသည် အထဲမှ စစ်အုပ်စုနှင့် မကင်းသူများကို တံမြက်စည်းလှဲထုတ်ရလျှင် ရုံးစေလောက်သာ ကျန်လိမ့်မည်ထင်ရ၏။

သို့သော် သနားစရာ ဤသံရုံးဝန်ထမ်းဆိုသူများမှာ ပြည်ပ၌ ဗိုလ်နေဝင်း၏ ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့် အကျိုးစီးပွားများအတွက် အချိန်တွေ အများကြီးပေးပြီး လုပ်ကိုင်နေကြရသည်။ နောက်ပိုင်းတွင် ထိုမှတဆင့်တက်ပြီး သူ့သားသမီး၊ သူ့ဆွေမျိုးမိတ်သင်္ဂဟစတာတွေအတွက် သံရုံးဝန်ထမ်းများက ဆောင်ရွက်ပေးရသည်အထိ ဖြစ်လာပေသည်။ သံရုံးအသုံးစရိတ်ကို သူ့ကိုယ်ပိုင်အသုံးစရိတ်သဖွယ် အသုံးပြုသည် ဆိုသည်မျိုးကိုကား ပြောပင်မပြောကြတော့။

နိုင်ငံခြားရေးဝန်ကြီး၊ သံအမတ်ကြီးလုပ်သူများသည် စစ်အုပ်စုဝင်ထိပ်သီးများ ပြောမှားဆိုမှားရှိလျှင် ဝင်ပြီးဖာထေးပေးရသည်။ စစ်အုပ်စုထိပ်သီးများ မပြောဝံ့သည့် အလွန်လည်း ကမောက်ကမ ဖြစ်နေသည့် စကားများကိုလည်း လူမိုက်လုပ်ပြီး ပြောပေးရသည်။ အမျိုးသားညီလာခံ အတုအယောင်ကြီး မပြီးနိုင်မဆုံးနိုင် ဖြစ်နေသည့်ကိစ္စသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ထိပ်တိုက်တွေ့နေသည့် ပြဿနာကြောင့် မဟုတ်ဘဲ လူမျိုးစုများက မတန်တဆ အခွင့်အရေးတောင်းဆိုနေခြင်းကြောင့် ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောခြင်းမျိုး၊ ပါလီမန်သက်တမ်း ၁၀ နှစ်ဆိုတာ ဘယ်မှာမှမရှိဟု အင်္ဂလန်ပြည်ဆိုင်ရာ ဗမာသံအမတ်က ပြောခြင်းမျိုးကို ဆိုလိုသည်။ တနေ့တွင် ( ဦးအုံးဂျော်ကို လုပ်ခဲ့သလို ) စစ်အုပ်စုက သူတို့ကို ဓားစာခံလုပ်ပြီး ချောင်ထိုးလိုက်လိမ့်ဦးမည်ဟု ထင်ရသည်။

**စစ်အုပ်စု၏ အခြေခံကျောရိုး မူဝါဒဟာ ဘာလဲ---။**

မဆလခေတ်တွင် ဘယ်သူကဖြင့် သဘောတရားဆရာကြီး၊ ဘယ်သူကဖြင့် စီးပွားရေးပါရဂူ စသဖြင့် ခန့်မှန်းပြောဆိုသည်မျိုး "ဗမာပြည်ရေးရာ ကျွမ်းကျင်သူ" ဆိုသူများ အကြားတွင် အတော်လေး ခေတ်စားခဲ့သည်။ အမှန်တွင် တော်လှန်ရေးကောင်စီ – နဝတ–နအဖ ဆိုသော အစိုးရအဆက်ဆက်တွင် သဘောတရားရေး ဆရာကြီးမှာလည်း ဗိုလ်နေဝင်း၊ စီးပွားရေးပါရဂူကြီးမှာလည်း

ဗိုလ်နေဝင်း၊ နိုင်ငံခြားဆက်ဆံရေး သေနင်္ဂဗျူဟာရှင်ကြီးမှာလည်း ဗိုလ်နေဝင်းပင်ဖြစ်သည်။ တကယ့်ဖြစ်ရပ်မှန်မှာ ဗမာပြည်အား ၃၈နှစ်ကျော် နေဝင်းဝါဒ ဖြင့် အုပ်စိုးလာခဲ့ခြင်းပင်။

ထို့ကြောင့် ဗမာပြည်၏ နိုင်ငံခြားရေးဆောင်ရွက်မှုများတွင် ဗိုလ်နေဝင်း၏မာန၊ ဒေါသ၊ ကောက်ကျစ်မှု၊ မျက်နှာပြောင်မှု၊ အကုန်တွေ့နေရခြင်း ဖြစ်သည်။ စစ်အုပ်စု၏ ဆယ်စုနှစ်လေးခုနီးပါး သံတမန်ရေး လှုပ်ရှားမှုပန်းချီကားကြီးကို ဗိုလ်နေဝင်း၏ ပုဂ္ဂလိကရန်ညှိုး၊ စိတ်ကောက်မှု၊ အစွဲအလန်း စသည်တို့ဖြင့် ကောက်ကြောင်းဆွဲထားသည်များ အများအပြား တွေ့ကြရ၏။ ဤပန်းချီကားကြီးထဲတွင် နိုင်ငံတခုက သူ့အပေါ်ဘယ်လို ဆက်ဆံလိုက်လို့ အဲဒီနိုင်ငံနဲ့ ဆက်ဆံရေးသမိုင်းကြောင်းတခုလုံး ဘယ်လိုပြောင်းသွားတယ်၊ ဘယ်နိုင်ငံက ဘယ်မင်းသမီးကြီးကို သူကဘယ်လို ခင်မင်လေးစားလို့ ဗမာပြည်ကို အလည်လာဖို့ ဖိတ်တယ်စသည့် ဒဏ္ဍာရီဆန်သော၊ တနည်းပဒေသရာဇ်ဆန်သော ရှုခင်းများလည်း အများအပြား ပါရှိသေးသည်။ ထို့ပြင် သူ့ရဲ့ဥစ္စာခနေထားရှိရာ၊ ထွန်းကားစေရာနိုင်ငံ၊ သူဆေးကုသွားလေ့ရှိသည့် နိုင်ငံစသည်တို့နှင့် ဆက်ဆံရေးများကိုလည်း ကဏ္ဍတခုအဖြစ် တွေ့ကြရပြန်သည်။ ခြုံပြောရလျှင် နိုင်ငံတခု၏ အနှစ်လေးဆယ်နီးပါး သံတမန်ရေးသမိုင်းအား လူတယောက်တည်း၏ သမိုင်းလိုဖြစ်အောင် လုပ်ထားပေသည်။

ထို့ကြောင့်လည်း ဗမာပြည်၏ နိုင်ငံခြားဆက်ဆံရေး တလျှောက်လုံး ဗိုလ်နေဝင်းရှေ့နောက်မစဉ်းစားဘဲ စိတ်ခံစားမှုဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ၊ သူတပါးနှင့်မတိုင်ပင်ဘဲ တဦးတည်း စဉ်းစားဆုံးဖြတ်ပြီး လုပ်ကိုင်ခြင်းစသည်တို့၏ အကျိုးဆက်များကိုပါ အများအပြား မြင်တွေ့နေရခြင်း ဖြစ်သည်။

ဗမာပြည်နှင့် ဘက်မလိုက် လှုပ်ရှားမှု ကိစ္စသည် အထင်ရှားဆုံးသော ဥပမာတခုဖြစ်၏။ ဤနေရာတွင် စပ်မိ၍ တင်ပြလိုသည်မှာ ဘက်မလိုက် လှုပ်ရှားမှုဆိုသည်မှာ အားနည်းသော နိုင်ငံများက အားကြီးသော နိုင်ငံများအကြားမှ ပဋိပက္ခကို အသုံးပြု၍ နိုင်ငံရေးကစားကြခြင်း ဖြစ်သည်ဆိုသော အချက် ဖြစ်သည်။ စစ်အေးကာလ၏ ထူးခြားချက်ဟု ဆိုရမည်။ သမိုင်း၏ ပြဋ္ဌာန်းချက်အရ ပေါ်ပေါက်လာသော လှုပ်ရှားမှုဟု ဆိုနိုင်သည်။ အားနည်းသော နိုင်ငံအားလုံး အနေဖြင့် အင်အားကြီး နိုင်ငံကြီးများအား ယနေ့အခေါ် engagement policy ခေါ် အဆက်အသွယ်မပြတ်စေသောမှုကို ကျင့်သုံးရင်း အင်အားစုကာ ရင်ဆိုင်ကြခြင်း ဖြစ်သည်။ ဗိုလ်နေဝင်းသည် ဤတရားကို အထာမပေါက်ဘဲ လျှောက် လုပ်မိသဖြင့် ဒုက္ခရောက်ရသည်မှာ မနည်းတော့။ ၁၉၇၉ ခုနှစ်တွင် ဘက်မလိုက်နိုင်ငံများ လှုပ်ရှားမှုထဲမှ မာနကြီးတခွဲသားဖြင့် နုတ်ထွက်ခဲ့မိသော စစ်အုပ်စုသည် ယခုအခါ ကျတော့မှ ခွေးတိုးပေါက်မှ မျက်လွှာချ၍ ပြန်ဝင်နေရသည်။ စစ်အုပ်စုသည် ကိုယ့်ထက် အားနည်းသူများအား အနိုင်ကျင့်တာ အကျင့်ပါနေလို့လားမသိ၊ နိုင်ငံတကာ့ နယ်ပယ်၌ ကိုယ့်ထက်အားကြီးသူအား ရင်ဆိုင်လျှင် စုစည်း၍ ရင်ဆိုင်ရသည်ဟူသော အခြေခံတရားကိုပင် စွန့်ပယ်ထားခြင်း ဖြစ်သည်။ ယခုခလုတ်တိုက်တော့ (၃–၄ တုံးစားပြီးသော အခါ) မှ မိမိကိုယ်မိမိ တကောင်ကြွက် ဖြစ်နေမှန်း သိလာခြင်း ဖြစ်သည်။

နေဝင်းဝါဒသည် မောက်မာသော အခါတွင် မောက်မာသလောက် အောက်ကျို့ရသည်ကိုလည်း ထမင်းစားရေသောက်လို သဘောထားလေသည်။ ၆၇–ခုနှစ်တွင် တရုတ်အရေးအခင်း ဖန်တီးပြီး မိမိအကျပ်အတည်းမှ ထွက်ပေါက်ရရန်ကြိုးစားခဲ့ရာ နောင်တွင် တရုတ်ပြည်အား တောင်းပန်ရသောအခါ ဗိုလ်အောင်ကြီးကိုပင် မလွှတ်နိုင်ဘဲ မိမိကိုယ်တိုင်သွား၍ တောင်းပန်လိုက်ရသည်။ သူတို့တတွေ မဆလအလံကြီး လွှင့်ထူကာ မိုးလားကဲလား ပြောနေသည့် အကြားမှပင် ဂျပန်နှင့် အခြားမြို့ရှင်နိုင်ငံများက မင်းတို့မဖြစ်တော့ဘူး၊ အဆင်းရဲဆုံးနိုင်ငံ လျှောက်ထားလိုက်တော့ဟု ပြောသောအခါ မာနတွေ ဘယ်ရောက်ကုန်သည်မသိ၊ "ဟုတ်ကဲ့" တခွန်းသာ ပြန်ပြောခဲ့ကြသည်။ ဂဠုန်ဆားချက်ရခြင်း၊ မြက်ပင်ကို လှမ်းဆွဲရခြင်း ဖြစ်ပေမည်။

ရှင်းနေသည်မှာ စစ်အုပ်စု၏ နိုင်ငံခြားရေးဝါဒသည် စစ်အုပ်စု အာဏာတည်မြဲရေး အပေါ်တွင် အခြေပြုထားခြင်း ဖြစ်သည်။ အမျိုးသား အကျိုးစီးပွားပေါ်တွင် အခြေပြုထားခြင်း အလျှင်းမဟုတ်။ အမျိုးသား အကျိုးစီးပွားဆိုသည်နှင့် စစ်အုပ်စု၏ အကျိုးစီးပွားဆိုသည်တို့မှာလည်း ပြဒါးတလမ်း သံတလမ်းဖြစ်၏။ ယင်းကဲ့သို့ လူနည်းစုလေး၏ အကျိုးစီးပွားအပေါ် အခြေပြုထားခြင်း ဖြစ်သည့် အလျောက် နိုင်ငံတကာ့ခွင်မှာ ကိုယ့်အတွက် နေရာလေးနည်းနည်း ရလျှင်ပင် အလွန်အားရကျေနပ်တတ်ကြသည်။ သူတို့ကို ထိုသို့ အသိအမှတ်ပြုမည်ဟု ထင်ရသူ တွေ့လျှင်လည်း ခြေသလုံးပဲ နှိပ်ပေးတော့မလိုလို၊ ဆလံပဲ ပေးတော့မလိုလို ဖြစ်နေကြသည်။ ရန်ကုန်တွင် အေစီယံက အစည်းအဝေးလေး လာလုပ်ရုံမျှနှင့် မဟော်သဓာ ဝတ္ထုထဲက ပုတ်သင်ညိုလို ခြေဖျားထောက်ကုန်ကြသည်။ ထိပ်သီးအစည်းအဝေးများ လာကျင်းပလျှင် ကိုယ့်အိမ်သားကိုယ်ပင် မှတ်မိပါတော့မလားမသိ။

## ရဲရဲတောက်စကား အပြောဆုံးအစိုးရ

အမှန်ပြောရလျှင် ယခုအခါ နအဖအစိုးရ၏ နိုင်ငံတကာ့ဆက်ဆံရေး အခြေအနေမှာ အတော်ကြီး ဆိုးဝါးနေပြီ ဖြစ်သည်။ ဗမာပြည်အစိုးရ အဆက်ဆက်လက်ထက်မှာ အဆိုးဝါးဆုံးဟု ပြောနိုင်သည်။ သို့သော် ထူးခြားလှသည်မှာ နအဖသည် ဗမာပြည်အစိုးရ အဆက်ဆက်အနက် နယ်ချဲ့ဆန့်ကျင်ရေးစကား အများဆုံး ပြောနေခြင်းပင် ဖြစ်သည်။ နအဖသတ္တိ ကောင်းလှပါတကားဟူ၍ စုတ်သပ်စရာ ကောင်းနေပေသည်။ ကိုယ့်တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သံတမန်ဆက်ဆံရေး၊ ဘက်အားလုံးလိုလိုကသောင်းကနင်း ဖြစ်နေချိန်တွင် ယခုကဲ့သို ကမ္ဘာ့ဗိုလ်ပုံအလယ်၌ "သံသေတ္တာကြီးချာချာလည်၊ ရန်ဖြစ်ချင်လို့လာပါတယ်" လုပ်နေခြင်းမှာ အာဂသတ္တိပင် မဟုတ်လော။ သို့ဆိုပါက ဤစစ်အုပ်စု၏ နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကို အနည်းငယ် ပြန်ပြောင်းကြည့်ဖို့ လိုလာပါသည်။

လွတ်လပ်ရေးရပြီးနောက် ဗမာပြည်အဖို့ ယခုစစ်အစိုးရက ဆဲနေသည့် အမေရိကန်နယ်ချဲ့သမားနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရသောအချိန်များမှာ မည်သည့်ကာလများနည်း။ ကေအမ်တီတပ်များ ဗမာပြည်ထဲသို့ ကျူးကျော်စဉ်က မဟုတ်လော။ ထိုစဉ်က စစ်အုပ်စု ဘာများလုပ်နေသနည်း။ ကေအမ်တီများကို ကောင်းကောင်းမတိုက်၊ ပြည်တွင်းစစ်ကိုသာ ဖိတိုက်နေခဲ့သည်။ ကေအမ်တီကို အကူအညီပေးနေသည့် အမေရိကန်လေယာဉ်တစင်းအား ပစ်ချနိုင်ခဲ့သည့်တိုင်အောင် ကမ္ဘာ့အလယ်တွင်အမေရိကန်ကို ဖွင့်ချသလိုဖြစ်မည် စိုးသဖြင့် ယင်းလေယာဉ်ပေါ်မှ အမေရိကန်လေတပ်၏ တံဆိပ်များကို သတင်းစာဆရာများ မမြင်ရလေအောင် ဆေးသုတ်

ဖုံးပြီးမှ ပြသခဲ့သည်။ တဖန် ယင်းသို့သော ကျူးကျော်မှုများအား ဆန္ဒပြသူများကိုလည်း ဖမ်ဆီးနှိပ်ကွပ်ပြီး နောင်အခါ ကိုကိုးကျွန်းကို ပို့ခဲ့သည်။

စီအိုင်အေရဲ့လူမှန်း သိလျက်နှင့် ဗမာပြည်ထဲသို့ ဖိတ်ခေါ်လာသူများ၊ စီအိုင်အေက လူတွေနှင့် ဖက်လဲတကင်း ပေါင်းသူများထဲတွင် ဗိုလ်နေဝင်း ထိပ်ဆုံးက ပါခဲ့သည်ဆိုခြင်းကို မည်သူမျှ မငြင်းနိုင်ပေ။ ထို့ပြင် သူနိုင်ငံခြားတွင် ရှာတွေ့လာသော သူ၏ဇနီးမှာ စီအိုင်အေရဲ့ လူဖြစ်နေပြီး သူများနိုင်ငံက ပြောပြမှ သိရသည်ဆိုသည့် အဖြစ်မျိုးလည်း ကြားဖူးကြရသည်။

မဆလအစိုးရက ဆိုရှယ်လစ်စနစ်ပါဟူ၍ လုပ်နေချိန်တွင်လည်း စစ်အုပ်စုသည် အမေရိကန်နယ်ချဲ့ ဆန့်ကျင်ရေးစကား တခွန်း မဟခဲ့။ စီအိုင်အေနှင့် ကေအမ်တီတို့ ဗမာပြည်နယ်မြေပေါ်အခြေစိုက်ပြီး တရုတ်ပြည်တွင်းရေးတွေကို ထောက်လှမ်းနေခြင်းများအားလည်း သိလျက်နှင့် မဟန့်တားခဲ့။ ကိုယ့်အိမ်နားက အင်ဒိုချိုင်းနားမှာ အမေရိကန်နယ်ချဲ့သမားရိုင်းစိုင်းယုတ်မာနေစဉ်ကလည်း စစ်အုပ်စုသည် နေသာသပ လေညာက လုပ်နေခဲ့သည်။ ထိုစဉ်က တကမ္ဘာလုံးရှိ နိုင်ငံအသီးသီးတွင် အမေရိကန်၏ ဗီယက်နမ်အပေါ် ကျူးကျော်မှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ တခြိမ်းခြိမ်း ပေါ်နေသည်။ သို့သော် ဗမာပြည်တွင်မူ မဆလအစိုးရသည် အမေရိကန်နိုင်ငံအား အာမဝဏ္ဏခံထားဘိသည့်အလား နယ်ချဲ့ဆန့်ကျင်ရေးသမားများကို ပိပြားနေအောင် နှိပ်ကွပ်ထားသည်။ အမေရိကန်သံရုံးကိုသွားပြီး ကန့်ကွက်စာပေးသော နိုင်ငံရေးသမားမဟုတ်သည့် သာမန်အဖိုးကြီး တဦးကိုပင် ဖမ်းခဲ့သည်။

တကယ်တော့ ဗမာပြည်သည် ဒုတိယကမ္ဘာစစ်တုန်းက ဖက်ဆစ်ဂျပန်၏ ရက်စက်မှုနှင့် ဖျက်ဆီးမှုကို အဆိုးဝါးဆုံး ခံရသည့်နိုင်ငံတခုဖြစ်သည်။ စစ်ဦးမို့ ဘီလူးလို ရမ်းကားတာရော စစ်ရှုံးလို့ သဲနဲ့ပက်သလို ရမ်းကားတာကိုပါ အလူးအလဲ ခံရသောနိုင်ငံဖြစ်သည်။ သို့သော်စစ်အစိုးရ အဆက်ဆက်၏ ယနေ့အထိ မာစတာ ခေါ်ချင်နေသော စိတ်ဓာတ်ကြောင့် ဖက်ဆစ်ဂျပန်၏ဒဏ်ကို ခံရသည့် နိုင်ငံအများအပြားအနက် ဗမာပြည်မှာ အမှတ်သည်းခြေ မရှိဆုံး၊ ဂျပန်ဖက်ဆစ်၏ ဒဏ်ကို ခံခဲ့ရသူနှင့် သေဆုံးသွားသူတွေအပေါ်မှာ သစ္စာမရှိဆုံးတိုင်းပြည် ဖြစ်နေရသည်။ စစ်အစိုးရအဆက်ဆက် လက်ထက်တွင် ဂျပန်ခေတ်ကိုသရုပ်ဖော်သော စာပေ၊ ရုပ်ရှင်ဟူ၍ အရေအတွက် ဘယ်လောက်မျှမရှိ၊ ပြည်တွင်းစစ်နှင့် "သောင်ကျန်းသူ" တွေအကြောင်းချည်း ခြယ်မှုန်းနေကြသည်။ အဆိုးဆုံးမှာ ဒုတိယကမ္ဘာစစ်တုန်းက ကိုယ့်နိုင်ငံအပေါ် ချင်းနင်းကျူးကျော်ယုံမက ယုတ်မာရိုင်းစိုင်းစွာ ရက်စက်ရမ်းကားသွားသူတွေကို ဂုဏ်ပြု၊ အထိမ်းအမှတ်ပြုသည့် အရိုးအိုးဂူဗိမာန်များ ဗမာ့မြေပေါ်မှာ တည်ဆောက်ခွင့်ပြုနေကြခြင်းပင် ဖြစ်သည်။ ဂျပန်ဖက်ဆစ်များအား ကိုယ့်မြေပေါ်မှ မောင်းထုတ်ရန် အသက်ပေးတိုက်ပွဲဝင်သွားသူများအတွက် အာဇာနည်ဗိမာန်ဆိုတာတော့ ၅၅နှစ်ကျော် ကာလအတွင်း တခုမျှ မမြင်ရချေ။

ယခုမူ နဝတ–နအဖ တို့သည် ထဘီစွန်တောင်ဆွဲပြီး ရန်ထောင်သလို အနောက်တိုင်း ဆန့်ကျင်ရေးစကားများ ပြောနေကြ၏။ သူတို့ပါးစပ်မှ အဘယ်ကြောင့် ဤသို့နတ်စကားများ ထွက်လာနေသနည်း။ သူတို့ယခုနယ်ချဲ့ဆန့်ကျင်ရေးစကား ပြောခြင်းကို ကျူးဘားနိုင်ငံက ပြောနေခြင်းနှင့် တန်းတူထားလို့ မဖြစ်ချေ။ အီရတ်နှင့်ပင် တန်းတူထားလို့မရ။ ထိုနိုင်ငံများက ပြောနေသော နယ်ချဲ့ဆန့်ကျင်ရေးမှာ သူတို့ပြည်သူများ၏ အကျိုးစီးပွားနှင့် ဆက်စပ်နေသည်။ အစိုးရနှင့် ပြည်သူများ လက်တွဲပြီး ဆန္ဒပြပွဲကြီးတွေ ကျင်းပလေ့ ရှိကြသည်။ ဗမာပြည်မှာက ဤသို့ မဟုတ်။ စစ်အစိုးရသည် စစ်အုပ်စု၏ အကျိုးစီးပွားအတွက် အမေရိကန်နှင့် စကားများနေခြင်းသာ ဖြစ်သည်။ ပြည်သူလူထုကိုလည်း အားမကိုး၊ လက်မတွဲ။

သူတို့အပေါ် နယ်ချဲ့သမားက ကောင်းနေလျှင် အခြားနိုင်ငံများအပေါ် မတရားလုပ်မှုများကို သူတို့မမြင်တော့။ မပြောတော့။

**လမ်းဆုံးသို့ ရောက်နေပြီ**

အထက်တွင် တင်ပြခဲ့သည်များကို ပြန်ကြည့်လျှင် ဤစစ်အုပ်စုတွင် တည်ကြည်လေးနက်ပြီး ခိုင်မာတိကျသော နိုင်ငံခြားရေးမူဝါဒ မရှိ။ သူတို့တွင်

–မိမိတိုင်းပြည်၏ အမျိုးသား အကျိုးစီးပွားကို ကာကွယ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေးနှင့်

–မိမိတိုင်းပြည်၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အထိပါးမခံရေး

... ဆိုသောမူများ မရှိချေ။

ဗမာပြည်၏ အနီးခေတ် သမိုင်းတွင် ယနေ့ကာလလောက် အထီးကျန် ဖြစ်ခဲ့သည်မျိုး တခါမျှ မရှိခဲ့။ နိုင်ငံခြား၌ ဗမာသံရုံးကို ဆန္ဒပြခံရခြင်းဆိုလို့ ၁၉၆၇ ခုနှစ်တုန်းက (နောင်မှာ ဗိုလ်နေဝင်းသွားပြီး တောင်းပန်ခဲ့ရသော) တရုတ်ဆန့်ကျင်ရေးလုပ်ရပ်ကြောင့် ပီကင်းရှိ ဗမာသံရုံး ဆန္ဒပြခံရခြင်းသာ ရှိဖူးသည်။ နဝတ–နအဖ လက်ထက်တွင်မူ ကမ္ဘာအနှံ့က ဗမာသံရုံးတွေ မကြာခဏဆန္ဒပြခံနေရသည်။

စစ်အုပ်စုခေါင်းဆောင်များမို့ နိုင်ငံခြားသို့ ထွက်လိုက်လျှင်လည်း ဟိုကဖျောင်းဖျ၊ ဒီကပညာပေး (ဆုံးမ) ခြင်းများသာ ကြုံနေရသည်။ တခါ ကိုယ့်တိုင်းပြည်ထဲအထိ လာပြီး ဖျောင်းဖျ၊ ပညာပေးခြင်းများလည်း မကြာခဏတွေ့ရသေးသည်။ နိုင်ငံတကာ အဖွဲ့အစည်းများကလာပြီး စစ်ဆေးသည်ဆိုသော ကိစ္စများလည်း အလွန်များ၏။ အချို့များ တရားခံစစ် စစ်ခြင်းဖြစ်သည်။ ဤသို့ လာစစ်ခြင်းများကိုလည်း စစ်အစိုးရ မငြင်းရဲ၊ ဂိုက်ပဲ့လွှန်းလှပေသည်။ သူတို့ကတော့ အရေထူပေသမို့ ဒါမျိုးလောက်တော့ ရိုးနေပြီဟု ပြောကောင်း ပြောပေလိမ့်မည်။ သို့သော် တိုင်းပြည်နာသည်။ သမိုင်းအမည်းကွက် ဖြစ်ရသည်။

သူတို့သည် ငရဲကလာသူ ပြာပူမကြောက်ဆိုသလို ရေရှည်တွင်ဘာဖြစ်မည်၊ တိုင်းပြည်အနေဖြင့် ဒီအတွက်နောင်မှာ သမိုင်းနှင့်ချီ၍ ပေးဆပ်ရမည် စသည်တို့ကို စဉ်းစားမနေနိုင်။ စစ်အုပ်စု၏ အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်ရေး (=သူတို့အာဏာကို ထိန်းသိမ်းကာကွယ်ရေး) အတွက် ဒီအကွေ့မှာ ဒီတက်နှင့် လှော်မည်၊ ဟိုအကွေ့မှာ ဟိုတက်နှင့် လှော်မည်ဆိုသော မီးစင်ကြည့်ကသည့် ပေါ်လစီမျိုးသာ ရှိလေသည်။ အမြော်အမြင်ဆိုသည်မျိုးကို အသုံးချဖို့ သူတို့မှာ အခွင့်အရေးပင် မရှိရှာကြ။

သူတို့အဖို့ တလျှောက်လုံး ခံစစ်ဆင်ရင်း နောက်သို့ တဖြေးဖြေး ဆုတ်လာခဲ့ရရာ ယခုဆုတ်စရာ မရှိတော့သလောက်နီးပါးဖြစ်နေလေပြီ။ အမှောင်ထဲသို့ တိုးရင်းတိုးရင်း ထွက်ပေါက်ရှာမတွေ့သကဲ့သို့လည်း ရှိလေသည်။ နောက်ဆုတ်စရာလည်း မရှိ၊ ရှေ့ကို ဆက်တိုးစရာလည်း မရှိ၊ နှုတ်လွှန်ထားတာတွေကလည်း များနေလေပြီ။ ယနေ့သူတို့ လှုပ်ရှားနေပုံမှာ ရွာလွန်ရွက်တိုက် ဆက်မိုက်နေကြရခြင်းသာ ဖြစ်၏။ သူတို့ ယခုကဲ့သို့ မျက်စိစုံမှိတ်ပြီး တကြိုးထဲ အော်နေရသည့်

အကြောင်းရင်းတခုမှာ သူတို့တွင် ရွေးချယ်စရာ မရှိသောကြောင့် ဖြစ်သည်။ တနည်းပြောရလျှင် သူတို့တွင် ပရိယာယ် ကြွယ်ကြွယ်ဖြင့် လှုပ်ရှားနိုင်သော အခြေအနေ မရှိခြင်း ဖြစ်သည်။

တကယ်တော့ ယနေ့နိုင်ငံတကာ နယ်ပယ်တွင် စစ်အုပ်စုမှာ သိမ်ငယ်စိတ်ဝင်နေသည်။ အားလည်း အမှန်ငယ်နေသည်။ သူတို့၏ အချို့လှုပ်ရှားပြောဆိုမှုများမှာ မိမိကိုယ် မိမိအားတင်းနေသည့် လက္ခဏာမျိုး ပိုဆောင်သည်။ တော်တော်များများမှာ ကိုယ့်ကိုယ်ကို လှည့်စားနေသည့် သဘောရှိသည်။ ကိုယ့်အခြေအနေမှန်ကို သိစပြုပြီဟု ယူဆရသည်။

စစ်အုပ်စု၏ ခေါင်းထဲတွင် ရှေးလွန်လေပြီးကတည်းက တည်ရှိသော အတွေးအခေါ် နှစ်ခုရှိသည်။ တခုမှာ ဘယ်သူ့ကိုမျှ မယုံခြင်း ဖြစ်သည်။ ဤစိတ်ရောဂါမှာ စစ်အုပ်စု၊ အထူးသဖြင့်ဦးနေဝင်း၏ သန္ဓေပါရောဂါဟု ဆိုလို့ရသည်။ ပြည်တွင်းတွင် ဘယ်သူ့ကိုမျှ မယုံသလို ပြည်ပတွင်လည်း သူတို့သည် ဘယ်သူ့ကိုမျှ မယုံချေ။ သူတို့ကိုယ်သူတို့ နိုင်ငံတကာ့အလယ် အထီးကျန်ဖြစ်စေသော အကြောင်းရင်းများထဲတွင် ဤတချက်လည်း ပါသည်ဟု ဆိုနိုင်မည် ထင်သည်။ နောက်ရောဂါမှာလည်း ဤပထမ ရောဂါနှင့် ဆက်စပ် နေသည်။ ယင်းမှာလူထုကို ကြောက်ခြင်း ဖြစ်သည်။ ၈–လေးလုံး မတိုင်မီက ဦးနေဝင်းကိုယ်တိုင် ရှိုက်ကြီးတငင်ဖြင့် အပြောင်းအလဲ လုပ်တော့မည်ဟု ကြေညာခဲ့ပြီးမှ လူထုအုံကြွမှုများ ဖြစ်ပေါ်လာသောအခါ ကြောက်လန့်ပြီး ရမ်းကားခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတကာ့ခွင်တွင် ၎င်းတို့အထီးကျန် ဖြစ်နေရသည့် အခြားအကြောင်းရင်း တရပ်မှာ လူစည်စည်ဆိုလျှင် သိမ်ငယ်ကြောက်ရွံ့စိတ်ဝင်ပြီး ရှောင်ဖယ်ရှောင်ဖယ် လုပ်နေခြင်း ဖြစ်သည်။

မကြာသေးမီက ကျင်းပပြီးစီးသွားသည့် ဟာဗာနာမြို့တော်မှ ၇၇–နိုင်ငံအုပ်စု အစည်းအဝေးကို ပြန်ကြည့်လိုက်ပါ။ ဤအစည်းအဝေးမှာ ၇၇–နိုင်ငံအုပ်စု အစည်းအဝေးဟု ခေါ်သော်လည်း တက်ရောက်သည့် နိုင်ငံပေါင်း ၁၃၃ နိုင်ငံ ရှိပါသည်။ နိုင်ငံ့အကြီးအကဲပေါင်း ၆၅ ဦး တက်သည်။ သို့သော် ထိုအထဲတွင် ဗိုလ်သန်းရွှေမပါ။ တကယ်တော့ နိုင်ငံတကာ့ခွင်က အစည်းအဝေးပွဲများတွင် တခြားထိပ်သီးတွေနှင့်အတူ ပွဲတက်ရခြင်း ဆိုသည်မှာ စစ်အစိုးရ အလိုချင်ဆုံး အခွင့်အရေးတခု ဖြစ်၏။ သို့သော် နအဖထိပ်သီးဆိုသူကြီး မသွားခဲ့။ ပုပုန္နေးန္နေး အာဏာသိမ်းထားသော ပါကစ္စတန်မှ မူရှာရစ်ပင် သွားသေးသည်။ ဤလှုပ်ရှားမှုထဲမှ နုတ်ထွက်ခဲ့သော ဗိုလ်နေဝင်း၏ လုပ်ရပ်အတွက် မျက်နှာပူလို့လား၊ ကျူးဘားမှာလုပ်တဲ့ အစည်းအဝေးမို့ ဝါရှင်တန်က မျက်ထောင့်နီမှာ စိုးလို့လား၊ နှစ်ခုစလုံးကြောင့်လည်း ဖြစ်နိုင်သည်။

တည်ကြည်သော အစိုးရတရပ်သည် တိုင်းပြည်၏ မျက်နှာကိုသာ ကြည့်ရမည်ဖြစ်သည်။ တိုင်းပြည်ကို ကိုယ်စားပြုခွင့်ရနေသူများတွင် နိုင်ငံတကာ့ခွင်မှာ ကိုယ့်နိုင်ငံ၏ အလံကိုလွှင့်ထူရန် တာဝန်ရှိသည်။ အထူးသဖြင့် မိမိကဲ့သို့ အင်အားသေးသော နိုင်ငံများ စုစည်းပြီးအင်အားကြီး နိုင်ငံတွေကို အန်တုသော အစည်းအဝေးကြီးများတွင် ဗမာပြည်၏အလံကို ပြည်သူတွေက မြင်ချင်ကြသည်။ အစည်းအဝေး ကျင်းပသူတွေက "မပါနဲ့၊ မလာနဲ့" ဆိုလျှင်လည်း ကိုယ့်အခြေအနေ ကိုယ်သိရသည်ဟု နှလုံးသွင်းရပေမည်။

**စိတ်ကူးမယဉ်သင့်တော့**

ယနေ့ဤအခြေအနေမျိုးတွင် နဝတ–နအဖတို့ တွေဝေနေလို့ ဘာမှဖြစ်မလာနိုင်။ ရွေးချယ်စရာကလည်း များများမရှိ။

ယခုအခါ အနောက်အုပ်စုအတွင်း၌ စီးပွားရေးအရ ချောက်ကျနေသော ဂျပန်၏ နွားဝတ်ရေကျ အတင်းတိုးဝင်လာမှုကြောင့် စစ်အစိုးရအဖို့ အသက်ရှူပေါက် ရလိမ့်မည်ဟု ယူဆလျှင် အမှားကြီး မှားပြန်ဦးမည်သာ ဖြစ်သည်။ ဂျပန်၏လှုပ်ရှားမှုကို အမေရိကန်က အသိအမှတ်ပြုတာ ဟုတ်ကောင်းဟုတ်ပေလိမ့်မည်။ သို့သော် ဤကြိုးစကို လှမ်းဆွဲမိလျှင် သူတို့ဘက်သို့ ဆွဲခေါ်သွားခြင်း ခံရပေလိမ့်မည်။

ဗိုလ်နေဝင်း၏ ခေါင်းထဲမှ ထွက်ပေါ်လာလေ့ရှိသည့် "သွေးခွဲပြီး အုပ်ချုပ်ရေး" ပရိယာယ်အတိုင်း နိုင်ငံကြီးများ၏ ပဋိပက္ခကို အသုံးချပြီး မိမိရဲ့နိုင်ငံခြားရေးရာ အကျပ်အတည်းမှ ထွက်ပေါက်ရှာရန်များ စဉ်းစားနေကြလေသလား မသိ။ ဒီလို တပွဲတိုး၊ တနပ်စားနည်းတွေကြောင့် ယခုကဲ့သို့ လမ်းဆုံးတခုကို ရောက်နေရခြင်းဖြစ်ကြောင်း သတိပြုသင့်ပေသည်။

များမကြာမီတွင် ဗမာပြည်နိုင်ငံရေးပိတ်ကားကြီးပေါ်မှ ဗိုလ်နေဝင်းတယောက် ပျောက်သွားပေတော့မည်။ ထိုအခါတွင်သူ့နေရာကို ဘယ်သူဆက်ခံမလဲ၊ နောက်လူတွေ သူ့လိုတန်ခိုးထွားကြပါအုံးမလား။ "နေဝင်းဝါဒ" ဘယ်လောက်ကြာအောင် ဆက်လက်တည်ရှိနေမလဲ။ နိုင်ငံရေးဆိုတာ ဗေဒင်ဆရာရဲ့ အလုပ်မဟုတ်။ သို့သော်တကယ်ပါဝင် လှုပ်ရှားနေသူများသည် ရှေ့နောက်စဉ်းစား ချင့်ချိန်ပြီး လုပ်ကြရသည်။ ယနေ့စစ်အေးစစ်ပွဲ မရှိတော့။ ဤအပြောင်းအလဲကို နဝတ–နအဖတို့တတွေ သတိပြုမိကြပါ၏လော။ သတိမပြုလျှင် နောင်တချိန်တွင် "အောင်ကျော်လေး" ခေါ်မှ "ဗျာ" ထူးနေရပေလိမ့်ဦးမည်။ ■

> "ကမ္ဘာပေါ်က အရေးကိစ္စများဟာ ရှုပ်ထွေးတယ်။ ဒါတွေကို အကြောင်းရင်းအမျိုးမျိုးက ဆုံးဖြတ်တာ ဖြစ်တယ်။ ပြဿနာများကို ကြည့်တဲ့အခါ အဘက်ဘက်က ကြည့်ရမယ်။ ဘက်တဖက်တည်းကြည့်လို့ မဖြစ်ဘူး။ "
>
> မော်စီတုန်း
>
> 'ချုံကင်းစေ့စပ်ဆွေးနွေးပွဲ'

# ဖက်ဆစ်စနစ်အ
# ပြောကြမယ်

( ၁ )

**ဖက်ဆစ်အန္တရာယ်**

"သတိရှိကြလော့ –
သူ့ကို (ဟစ်တလာကို )
မွေးထုတ်ပေးလိုက်တဲ့ ခွေးမဟာ
အခုအထိ အရွေလိုက်ချင်စိတ်
မပျောက်သေးဘူး"
(ဗားတော့ဗရက် )

ဖက်ဆစ်ဝါဒ ခေါင်းထောင်ထောင်ထနေတာကို တွေ့ရပြီးနောက်မှာ ဂျာမန်ကဗျာဆရာ ဗားတော့ဗရက်ရဲ့ တပ်လှန့်သံပါ။

ဗမာပြည် ပြည်သူတွေကတော့ ဒုတိယ ကမ္ဘာစစ်ကြီးမှာ အာရှဖက်ဆစ်ရဲ့ ခါးသီးမှုကို ကောင်းကောင်းကြီး ခံစားလိုက်ကြဖူးပါတယ်။

အခုလည်း ဖက်ဆစ်နည်း – ဖက်ဆစ်ဟန် စစ်ဝါဒကို ခံစားနေကြရဆဲပါ။ ဒါကြောင့် ဖက်ဆစ်စနစ်အကြောင်း ရှင်းလင်းဖော်ပြဖို့ တာဝန်ရှိလာပါတယ်။

( ၂ )

**ဖက်ဆစ်စနစ်။**

ဖက်ဆစ်စနစ်ဆိုတာ ပထမ ကမ္ဘာစစ်အပြီး အီတလီ၊ ဂျာမဏီ၊ ပိုလန်၊ ဟန်ဂေရီနဲ့ စပိန်စတဲ့ နိုင်ငံတွေမှာ ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးစနစ်တခု ဖြစ်ပါတယ်။ နောက်ပိုင်း ပေါ်တူဂီ၊ (အာရှတိုက်မှာ) ဂျပန်စတဲ့ နိုင်ငံတွေလည်း ဖက်ဆစ်နိုင်ငံတွေ ဖြစ်လာပါတယ်။

ပေါ်ပေါက်လာရတဲ့ အကြောင်းရင်းကတော့ အုပ်စိုးသူလူတန်းစားဟာ ပါလီမန်လွှတ်တော်စနစ်၊ တနည်းပြောရရင် ဓနရှင်ဒီမိုကရေစီစနစ်ဆိုတဲ့ နည်းဟောင်းတွေနဲ့ မအုပ်စိုးနိုင်ကြတော့လို့၊ ပြည်တွင်းပေါ်လစီမှာ ကြောက်လောက်အောင် ခြိမ်းခြောက်တဲ့နည်း၊ ပြည်ပပေါ်လစီမှာ ကျူးကျော်နယ်ချဲ့တဲ့ နည်းတွေ သုံးလာကြရာက ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။

ဖက်ဆစ်ဝါဒဟာ ဆိုရှယ်လစ်ဝါဒ၊ လစ်ဘရယ်ဝါဒတို့နဲ့ တိုက်ရိုက်ဆန့်ကျင်တဲ့ ဝါဒ ဖြစ်ပါတယ်။ နိုင်ငံသားတဦးအနေနဲ့ သီးခြားလွတ်လပ်စွာ ပြုမူပြောဆိုခွင့်နဲ့ ပစ္စည်းပိုင်ဆိုင်ခွင့်ဟူ၍မရှိ၊ နိုင်ငံက ပေးသလောက် အခွင့်အရေးကိုသာ ခံစားရမယ်။ သူ့ရဲ့ အသက်နဲ့ စည်းစိမ်ဥစ္စာကို နိုင်ငံတော်က ပိုင်တယ်။

နိုင်ငံတော်က ချမှတ်ထားတဲ့ ဘယ်လုပ်ငန်းကိုမဆို ဝေဖန်ပြောဆိုခြင်း၊ သဘောမတူရှိခြင်းများကို နိုင်ငံတော် သစ္စာဖောက်မှုအဖြစ် မှတ်ယူတယ်။ အတိုက်အခံပြုသူ၊ သွေဖီသူမှန်သမျှကို ထောက်လှမ်းဖျက်ဆီးဖို့ လျှို့ဝှက်ရဲတွေ အသင့်ချထားတယ်။ အမှတ်မထင် ဝေဖန်ပြောဆိုမိရင်တောင် ချက်ချင်း အဖမ်းခံရမယ်။ အပြစ်ပေးခံရမယ်။

အတိုက်အခံပါတီ မှန်သမျှ ဖျက်သိမ်းပစ်တယ်။ လူထုကို အသိဉာဏ်ပေးတဲ့ စာနယ်ဇင်း၊ ရေဒီယိုစတာတွေမှာ အာဏာပိုင်တွေ သိစေချင်တဲ့၊ နားလည်စေချင်တဲ့ အချက်အလက်တွေကိုသာ ပါစေဖို့ ဖြတ်တောက်ပညတ်တယ်။ ပြည်ပသို့ လွတ်လပ်စွာ သွားလာခွင့်၊ ကူးသန်းရောင်းဝယ်ခွင့် မရှိ။ ပြည်သူလူထုကို အမျိုးသားရေးစိတ်ဓာတ် လှုံ့ဆော်ပြီး စစ်သွေးစစ်မာန် အမြဲတက်နေအောင် လုပ်တယ်။

**နိုင်ငံခြားရေး ပေါ်လစီ**မှာ တခြားအမျိုးသားတွေအပေါ် လူစိတ်ကင်းမဲ့တဲ့ ရန်လိုစိတ်တွေ လှုံ့ဆော်ပြီး၊ နည်းနာကျတော့ အလွန်အကျွံ ရက်စက်ရိုင်းစိုင်းတဲ့ ကျူးကျော်ရေးဝါဒ ဖြစ်တယ်။

**ပြည်တွင်းပေါ်လစီ** –ဖက်ဆစ်တွေရဲ့ ရည်ရွယ်ချက်ဟာ လူထုကြီးကို ထင်သလို သွေးစုပ်ဖို့ဖြစ်တယ်။ ဒါပေမဲ့ အရင်းရှင်စနစ် ဆန့်ကျင်ရေးဆိုတဲ့ အပါးနပ်ဆုံး ဝါဒဖြန့်မှုနဲ့ လူထုကို ချဉ်းကပ်တယ်။ ဓနရှင်လူတန်းစားရဲ့ ဘဏ်တိုက်၊ ထရပ်စ်နဲ့ ဘဏ္ဍာထိပ်သီးများအပေါ် လုပ်သားပြည်သူတွေထားရှိတဲ့၊ နက်ရှိုင်းတဲ့ မုန်းတီးမှုကို အသုံးချပြီး နိုင်ငံရေး မရင့်မှည့်သေးတဲ့ လူထုကို သွေးအဆောင်နိုင်ဆုံး ကြွေးကြော်သံတချို့ ဖော်ထုတ်မိတ်ဆက်ပေးပြီး ဆွဲဆောင်ခဲ့ကြတယ်။

– အများအကျိုးဟာ တဦးချင်းအကျိုးထက် မြင့်မြတ်တယ်။ (ဂျာမဏီ )

– ငါတို့နိုင်ငံဟာ အရင်းရှင်များရဲ့ နိုင်ငံမဟုတ်၊ တနိုင်ငံလုံး တစုတစည်းတည်းရှိတဲ့ နိုင်ငံတော်ဖြစ်တယ်။ (အီတလီ )

– သွေးစုပ်မှုကင်းမဲ့တဲ့ ဂျပန်ပြည်ဖြစ်ရေး။ (ဂျပန် )

– ဥစ္စာဓနများ အတူတကွ ခံစားကြ။ (အမေရိကန် )

ဒီလိုနဲ့ လူထုကို သူတို့ 'ခွင် ' ထဲ ဆွဲထည့်ထားလိုက်ကြတယ်။

ဂျာမဏီမှာ ကိုယ့်ကိုယ်ကို အမျိုးသား သူရဲကောင်းတွေအဖြစ် တံဆိပ်ကပ်ပြီး 'ဗာဆေးစာချုပ် ဆန့်ကျင်ရေး' ကြွေးကြော်

သံတင်ကာ ဓနရှင်ပေါက်စတွေရဲ့ ထောက်ခံမှုရအောင် လုပ်ခဲ့တယ်။

ဂျပန်ကတော့ 'အရှေ့အာရှသာတူညီမျှရေး' ကြွေးကြော်သံနဲ့ နယ်ချဲ့ကျူးကျော်ခဲ့တယ်။ ဖက်ဆစ်အစိုးရတွေဟာ ပြည်သူတွေကို လာဘ်ယူလာဘ်စား အကျင့်အပျက်ပြားဆုံး အရာရှိဆိုးတွေရဲ့ စီမံခြယ်လှယ်မှု အောက်မှာထားပြီး – ပြည်သူတွေရဲ့ ရှေ့မှာကျတော့ 'သန့်ရှင်းမျှတတဲ့အစိုးရ' အဖြစ်အသိအမှတ်ပြု ခံချင်ကြတယ်။

ဒါတွေကတော့ သမိုင်းမှာ ထင်ဟပ်ခဲ့တဲ့ ဖက်ဆစ်စနစ်ရဲ့ ပုံပန်းသဏ္ဌာန်တွေဖြစ်ပါတယ်။

( ၃ )

**<u>စီးပွားပျက်ကပ်၊ ပြည်သူနဲ့အစိုးရ၊ ဖက်ဆစ်နဲ့ စစ်ပေါ်လစီ။</u>**

၁၉၂၉ ခု၊ အောက်တိုဘာလမှာ အမေရိကန် စတော့ဈေးကွက် ပျက်သွားခဲ့ပါတယ်။ ဒီကနေ တဆင့်ကူးပြီး တကမ္ဘာလုံး စီးပွားပျက်ကပ် ဆိုက်ခဲ့ကြရတယ်။ နိုင်ငံများစွာ ဒေဝါလီခံကြရတယ်။ လုပ်ငန်းတွေ ရပ်ဆိုင်းပြီး အလုပ်လက်မဲ့တွေ တိုးပွားလာပါတယ်။ စက်မှုနိုင်ငံများဖြစ်တဲ့ အမေရိကန်မှာ အလုပ်သမား ၁၂ သန်း၊ ဂျာမဏီ ၅.၆ သန်း၊ အင်္ဂလန် ၂.၇ သန်း အလုပ်လက်မဲ့ ဖြစ်ကုန်ကြတယ်။ အဲဒီခေတ် လူဦးရေအရဆိုရင် ရာခိုင်နှုန်း သိပ်များပါတယ်။

အစိုးရအသီးသီးက ပို့ကုန် – သွင်းကုန်တွေမှာ အကောက်ခွန်နှုန်း တိုးမြှင့်စည်းကြပ်ခြင်း၊ ပိတ်ပင်ခြင်းစတာတွေနဲ့ ကာကွယ်ဖို့ ကြိုးစားကြလို့ ကမ္ဘာ့ကုန်သွယ်ရေး သိသိသာသာ ကျဆင်းသွားပါတယ်။

အစိုးရအသီးသီးဟာ အကျပ်အတည်း ဖြစ်ရတဲ့ ဝန်ထုပ်အားလုံးကို အခွန်ထမ်းပြည်သူတွေရဲ့ ပခုံးပေါ်လွှဲတင်ဖို့ လုပ် လာကြတယ်။ အင်အားချည့်နဲ့ သေးငယ်တဲ့ အမျိုးသားတွေကို ကျွန်အဖြစ် သွတ်သွင်းပြီး ကိုလိုနီနိုင်ငံတွေကို ပိုမိုဖိနှိပ်ဖို့၊ ဒါ့အပြင် စစ်ရေးနည်းနဲ့ ကမ္ဘာကို အသစ်တဖန် ပြန်လည်ခွဲဝေပြီး ဈေးကွက်ပြဿနာ ဖြေရှင်းဖို့လည်း လုပ်လာကြတယ်။ တဖက်မှာ ပြည်တွင်းပြည်ပ တော်လှန်ရေး အင်အားစုတွေ တိုးပွားကြီးထွားလာမှာကို ကြိုတင်တားဆီးဖို့ ကြံစည်ကြတယ်။

အုပ်စိုးသူတွေအတွက် ငြိမ်းချမ်းတဲ့ နိုင်ငံရေး ပေါ်လစီနဲ့ လက်ရှိအခြေအနေက အလွတ်ရုန်းထွက်ဖို့ ထွက်ရပ်လမ်းရှာမရတဲ့ အတွက်ကြောင့် စစ်ပေါ်လစီကို မသုံးစွဲရင် မဖြစ်တော့ဘူးလို့လည်း ခံယူလာကြတယ်။

( ၄ )

**<u>ပေါ်ပေါက်ပုံ</u>**

ကမ္ဘာမှာ ဖက်ဆစ်စနစ် အနှံ့အပြား ပေါ်ပေါက်လာကြတဲ့ အထဲက ဒုတိယ ကမ္ဘာစစ်ဖြစ်စေတဲ့အထိ ဖက်ဆစ်သရုပ်ကို အတိုင်းအတာအရ လွန်လွန်ကဲကဲ ဖော်ပြခဲ့ကြတဲ့ ဝင်ရိုးစွန်းသုံးနိုင်ငံနဲ့ စပိန်အကြောင်း ပြန်ပြောင်းပြောလိုပါတယ်။

**အီတလီ။**

အမျိုးသားရေးဝါဒသမား၊ ကွန်မြူနစ် ဆန့်ကျင်ရေးသမား၊ တခါက ဆိုရှယ်လစ်ဖြစ်ခဲ့တဲ့ မူဆိုလီနီရဲ့ ဦးဆောင်မှုနဲ့ ၁၉၁၉ ခုနှစ်၊ မတ်လ ၂၃ ရက်မှာ ဖက်ဆစ်ဝါဒဆိုတာ စပေါ်လာခဲ့တယ်။ အင်အားကြီးလာရာက ၁၉၂၂ ခုနှစ်မှာ ဘုရင်ကဖိတ်ခေါ်ပြီး အစိုးရဖွဲ့စေပါတယ်။ ဖွဲ့ပြီးလို့ မကြာမီမှာပဲ အီသီယိုးပီးယားကို ဝင်သိမ်းလို့ နိုင်ငံပေါင်းချုပ် အသင်းကြီးက ကန့်ကွက်ပြီး အမိန့်တွေ ထုတ်ခဲ့ရတယ်။ ဒီအမိန့်တွေကို ဂရုမစိုက်ခဲ့ပါဘူး။ ပြောင်ဆန့်ကျင်ခဲ့ပါတယ်။

အီတလီဖက်ဆစ် တပ်ဖွဲ့ဝင်တွေဟာ အများအားဖြင့် စစ်မှုထမ်းဟောင်းတွေဖြစ်လို့ ဖက်ဆစ်တပ်ဖွဲ့ကို ကျနစွာ စည်းရုံးနိုင်ခဲ့ကြတယ်။ 'ရှပ်နက်' တပ်သားများအဖြစ် နံမည်ကြီးခဲ့တယ်။ ၁၉၂၅ ခုနှစ်မှာ အတိုက်အခံအဖွဲ့အားလုံးကို ပြင်းပြင်းထန်ထန် နှိမ်နင်းလိုက်ပြီး နောက်မှာတော့ မူဆိုလီနီဟာ စစ်တပ်ကြီး တတပ်လုံးကို လက်ကိုင်ပြုကာ အာဏာရှင်အဖြစ် ခံယူလိုက်ပါတယ်။

**ဂျာမဏီ။**

ဟစ်တလာက ၁၉၁၉ ခုနှစ်မှာပဲ "ဂျာမန်လူမျိုး နေရှင်နယ်ဆိုရှယ်လစ် အလုပ်သမားပါတီ "လို့ အမည်ပြာယ်ရတဲ့ နာဇီပါတီကို ထူထောင်ခဲ့တယ်။ 'အမျိုးသား ဆိုရှယ်လစ်ပါတီ ' နံမည်ခံယူထားပေမယ့် အမှန်မှာ ဆိုရှယ်လစ်လမ်းစဉ် မဟုတ်၊ ရည်မှန်းချက်က ဂျာမဏီနိုင်ငံရဲ့ စစ်အင်အားကို ကြီးထွားဖွံ့ဖြိုးစေဖို့၊ ကမ္ဘာကို ဂျာမန်လူမျိုးတွေက သာလျှင်လွှမ်းမိုးဖို့ ဖြစ်တယ်။

ဥရောပလူဖြူမျိုး – အာရိယန်တွေက တခြားလူမျိုးတွေထက် သာလွန်မြင့်မြတ်တယ်လို့ ခံယူကြတယ်။

ဂျာမဏီမှာ စီးပွားပျက်ကပ်ကို အကြောင်းပြုပြီး ဖက်ဆစ်အမျိုးသားရေး အစွန်းရောက်သမားတွေ ခေါင်းထောင်ထလာကြပါတယ်။ စီးပွားရေး ကျပ်တည်းမှုကြီးက ဖိစီးသည်ထက် ဖိစီးလာတဲ့အခါ လူထုအနေနဲ့ သူတို့ကို တနည်းတလမ်းနဲ့ ကယ်တင်လိမ့်မယ်လို့ထင်တဲ့ (ယုံလောက်အောင် ဆွဲဆောင်နိုင်တဲ့ ) ပါတီကို ဝိုင်းဝန်းအားပေးတတ်တာ ဓမ္မတာပါ။ နာဇီပါတီက အခွင့်အရေးကို အသုံးချကာ အမျိုးသားရေးကို လှုံ့ဆော်ပြီး လူထုရဲ့ ထောက်ခံမှုရအောင် ကြိုးပမ်းနိုင်ခဲ့ကြတယ်။

စက်မှုလက်မှု လုပ်ငန်းရှင်တွေကလည်း ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်ဝါဒ တိုက်ဖျက်ခြင်းကိစ္စမှာ သဘောကြိုက်ညီကြလေတော့ နာဇီပါတီကို အင်တိုက်အားတိုက် အားပေးခဲ့ကြတယ်။ အလုပ်သမားသမဂ္ဂတွေ ဖွဲ့စည်းတာကို အလုပ်ရှင်တွေက ခုခံတိုက်ဖျက်နိုင်ဖို့ အတွက် ထောက်ခံခဲ့ခြင်းလည်း ဖြစ်တယ်။ ဒါကြောင့် ၁၉၃၃ ခုနှစ်၊ ဇန္နဝါရီလမှာ နာဇီခေါင်းဆောင် ဟစ်တလာကို သမ္မတဟင်းဒင်ဗတ်က အဓိပတိအဖြစ် ကြေညာခန့်အပ်ပေးခဲ့ပါတယ်။

ဒါပေမဲ့ လက်တွေ့အရကတော့ ဟစ်တလာရဲ့ အာဏာရှင်စနစ် တည်မြဲစေဖို့ သိန်းသန်းမကတဲ့ ဂျာမန်လူမျိုးတွေဟာ လက်နက်နဲ့ နှိပ်ကွပ်ခြင်းသာ ခံခဲ့ရပါတယ်။ သမိုင်းပြဆိုချက်က တယူသန် အမျိုးသားရေးဝါဒ ကိုင်စွဲလာရင် သူများအမျိုးသားတွေ ချေမှုန်းဖျက်ဆီးခံရတာတင်မက မိမိအမျိုးသားများလည်း ဖိနှိပ်ဖျက်ဆီးခြင်း ခံရတယ်ဆိုတာပါပဲ။ အတိုက်အခံပါတီဟူ၍ မရှိစေရဘဲ နိုင်ငံအာဏာကို နာဇီခေါင်းဆောင်တွေရဲ့ လက်မှာသာထားပြီး အုပ်ချုပ်တဲ့ နိုင်ငံဖြစ်လာပါတယ်။

**စပိန်။**

၁၉၂၃ ခုနှစ်မှာ ပရိုင်မိုရိုင်ဗီးယား အာဏာရှင် ဖြစ်လာပါတယ်။ ဘုရင်အယ်လ်ဖွန်ဆိုက ၁၉၃၀ မှာ အာဏာရှင်စနစ်ဖျက်သိမ်းကြောင်း ကြေညာပေမယ့် သြဇာမသက်ရောက်ခဲ့ပါ။ ၁၉၃၁ ခုကျမှ တိုင်းပြည်က နှင်ထုတ်လို့ရပါတယ်။

၁၉၃၆ ခုမှာ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ သမ္မတနိုင်ငံ လိုလားသူတွေနဲ့ စင်ဒီကယ်မင်းမဲ့ဝါဒ ( Syndicalism ) ပါတီများပေါင်းပြီး အစိုးရဖွဲ့ခဲ့ကြတယ်။ ဒါပေမဲ့ ဖရန်ကို ခေါင်းဆောင်တဲ့ စစ်တပ်အရာရှိတွေက လက်မခံ ပုန်ကန်ခဲ့ကြတယ်။ ၃ နှစ်ကြာ

စစ်ပွဲမှာ လူတသန်းခန့် သေကျေခဲ့ရတယ်။ သမ္မတနိုင်ငံဘက်က ဆိုဗီယက်ယူနီယံ၊ ပြင်သစ်၊ မက္ကဆီကိုတို့က ကူညီကြပြီး ဖရန်ကိုကို ဖက်ဆစ်အီတလီ၊ ဂျာမဏီတို့က ကူပါတယ်။ အင်္ဂလိပ်ကတော့ ကြားနေတယ်ပြောပြီး ဂျာမဏီဘက် ပင်းပါတယ်။ နောက်ဆုံး ဖရန်ကို အနိုင်ရသွားပါတယ်။ ပရိုင်မိုရိုင်ဗီးယား မလုပ်နိုင်တဲ့ကိစ္စတွေကို ဖရန်ကိုက လုပ်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ကြားနေတယ် ကြေညာပြီး ဖက်ဆစ်နိုင်ငံတွေနဲ့ နီးနီးကပ်ကပ် ဆက်ဆံခဲ့လို့ ကုလသမဂ္ဂက ၁၉၅၅ ခုနှစ်အထိ ကြဉ်ထားတာ ခံခဲ့ရတယ်။

ဖရန်ကိုက ၁၉၆၉ ခုမှာ မင်းသားဟွမ်ကာလို့စ်ကို အနာဂတ်ဘုရင်နဲ့ နိုင်ငံအကြီးအကဲ အဖြစ်လျာထားပေးခဲ့တယ်။ ယခုအထိ ဘုရင်ဖြစ်နေဆဲပါ။

## ဂျပန်။

အာရှမှာရှိတဲ့ ဂျပန်ပြည် ဖက်ဆစ်နိုင်ငံ ဖြစ်လာပုံကျတော့ စစ်ဝါဒကနေ ကူးပြောင်းလာခြင်း ဖြစ်ပါတယ်။ မူလကတော့ ဂျပန်လည်း တရုတ်လို အနောက်နယ်ချဲ့နိုင်ငံတွေရဲ့ မမျှတတဲ့စာချုပ်တွေကို လက်မှတ်ထိုးပေးခဲ့ရတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ မေဂျီပြုပြင်ပြောင်းလဲရေးတွေကြောင့် တိုးတက်လာခဲ့တဲ့ ဂျပန်ဟာ ၁၈၉၀ ခုနှစ်များကျမှ စာချုပ်ကိစ္စတွေ ဖြေရှင်းနိုင်ခဲ့တာပါ။ တိုင်းပြည်ကာကွယ်ရေးအတွက် အလေးထား စိုးရိမ်စိတ်တို့က နယ်ပယ်ချဲ့ထွင်လိုတဲ့စိတ်ကို အလွယ်တကူ ပြောင်းလဲသွားစေခဲ့တယ် – လို့ ခံသာအောင် နိဂုံးချုပ်ပေးတဲ့ သမိုင်းဆရာတချို့လည်း ရှိပါတယ်။

တကယ်တမ်း တွေ့ရတာကတော့ အစွန်းရောက် အမျိုးသားရေးစိတ် အခံနဲ့ စီးပွားရေးနယ်ပယ် ချဲ့ထွင်ဖို့အတွက် အဆက်မပြတ် ကျူးကျော်စစ်များ ဆင်နွှဲခဲ့ခြင်း ဖြစ်ပါတယ်။ ဂျပန်မှာ အဲဒီတုန်းက ဘုရင်နဲ့ ပဒေသရာဇ်လူတန်းစားက ဖက်ဆစ်ဝါဒကို သဘောကျတယ်။ အာရှကိုစိုးမိုးမယ့် ဧကရာဇ်ဖြစ်အောင် လုပ်ပေးလို့ပဲ။ ဖက်ဆစ်ဝါဒီတွေကလည်း ဘုရင်ကို ဘုရားတဆူဂူတလုံး ဖြစ်အောင် ပြုရုပ်အဖြစ်ထားပြီး ဂျပန်ဖက်ဆစ်ဝါဒကို အစွမ်းကုန်ကျင့်သုံးနိုင်ကြလို့ ကျေနပ်တယ်။ ၁၈၉၄ – ၉၅ မှာ ထိုင်ဝမ်ကျွန်းကို သိမ်းပါတယ်။ ၁၉၀၄ – ၀၅ မှာ ရုရှားကိုနိုင်ပြီး ဆခါလင်ကျွန်းကို သိမ်းပြန်ပါတယ်။ အားအင်တောင့်တင်းလာတာနဲ့အမျှ တရုတ်ဆီက အခွင့်အရေးတွေ တိုးယူ၊ ပိုအနိုင်ကျင့်ပါတယ်။ ၁၉၁၀ မှာ ကိုရီးယားလည်း ဂျပန့်လက်အောက် ရောက်သွားရပြန်ပါတယ်။

၁၉၁၄ ပထမကမ္ဘာစစ် ဖြစ်လာတော့ တရုတ်ပြည် စန်းတုန်းပြည်နယ်က ဂျာမန်တွေကို တိုက်ထုတ်ပြီး အခွင့်အရေးတွေ လက်ပြောင်းယူပါတယ်။ ပစိဖိတ်သမုဒ္ဒရာအတွင်းက ဂျာမန်ပိုင် ကျွန်းတွေကိုလည်း တိုက်ယူလိုက်ပါတယ်။

၁၉၃၁ မှာ မန်ချူးရီးယားကို သိမ်းပြီး တရုတ်နန်းကျဘုရင် ပုယီကို (ရုပ်သေး) နိုင်ငံအကြီးအကဲ ခန့်ခဲ့တယ်။ ၁၉၃၂ မှာ တရုတ်နဲ့ စစ်ဖြစ်ပြန်ပါတယ်။ မန်ချူးရီးယားကို ဝင်သိမ်းတဲ့ကိစ္စ နိုင်ငံပေါင်းချုပ် အသင်းကြီးမှာ အချေအတင် ဆွေးနွေးကြတော့ လက်ဦးမှုရှိရှိ အသင်းကြီးကနေ နုတ်ထွက်လိုက်ပါတယ်။

ဒါတွေကတော့ ဂျပန်ပြည်မှာ စစ်ဝါဒီတွေ လွှမ်းမိုးဖို့ ဖြစ်လာစေတဲ့ နောက်ခံတွေပါ။

စီးပွားရေးဘက်ကို စစ်ရေး တိုးချဲ့မှုက အထောက်အကူ ပြုခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ပထမကမ္ဘာစစ်အတွင်း လက်လှမ်းမီသလောက် ပါဝင်ခဲ့ရာက တိုင်းပြည်မှာ အမြဲချို့တဲ့နေတဲ့ ကုန်ကြမ်းပစ္စည်းတွေ ရခဲ့ပါတယ်။ ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာခဲ့တယ်။ စစ်ရေး အချက်အလက်တွေက အကြီးစားစက်မှုလုပ်ငန်း တိုးချဲ့မှုကို တွန်းအား ပေးနိုင်ခဲ့တယ်။ ၁၉၂၀ ခုနှစ်များရောက်တော့ အကြီးစားစက်မှုကဏ္ဍ ပြီးပြည့်စုံသွားတဲ့ အဆင့်ရောက်ခဲ့တယ်။ ထုတ်လုပ်ရေး အပိုင်းမှာ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးတွေလည်း ပေါ်ထွန်းလာခဲ့တယ်။ စိုက်ပျိုးရေးဘက် တိုးတက်အောင်လည်း လုပ်နိုင်ခဲ့ကြတယ်။

ဒါပေမဲ့ အမေရိကန်ရဲ့ စီးပွားဈေးကွက် ပြိုလဲမှုက ဂျပန်ပြည်ကိုလည်း ချန်မထားရစ်ခဲ့ပါ။ ကမ္ဘာ့ကုန်သွယ်ရေး ကျဆင်းမှုက ဂျပန်ပြည်ရဲ့ စီးပွားရေးနဲ့ ပို့ကုန်လုပ်ငန်းကို များစွာ ထိခိုက်စေခဲ့ပါတယ်။ တောရောမြို့ပါ ဒုက္ခရောက်ကုန်ကြပါတယ်။ ဒါကြောင့် စစ်တပ်အရာရှိတွေနဲ့ အမျိုးသားရေးဝါဒီတွေက လက်ရှိအစိုးရကို ဝေဖန်တိုက်ခိုက်လာကြပါတယ်။ ဒီလိုနဲ့ ၁၉၃၀ ခု နောက်ပိုင်းကစပြီး ဂျပန်ပြည်ရဲ့ နိုင်ငံရေးမှာ စစ်တပ်ရဲ့သြဇာ လွှမ်းမိုးမှု အထွတ်အထိပ် ရောက်လာပါတော့တယ်။ ကက်ဘိနက်မှာ နိုင်ငံရေးသမားအရေအတွက် နည်းလာပါတယ်။ ၁၉၃၂ ခုမှ စစ်ရှုံးချိန် ၁၉၄၅ အထိ ဂျပန်ဝန်ကြီးချုပ် ၁၁ ယောက်အနက် ၈ ယောက်က စစ်ဗိုလ်ချုပ်တွေ ဖြစ်ပါတယ်။

ဖက်ဆစ်စနစ်ကို တာစူပြီဆိုရင် ထုံးစံအတိုင်း ကွန်မြူနစ်တွေ မသက်သာကြပါ။ စီးပွားပျက်ကပ် မဆိုက်မီ ၁၉၂၈ ခုကတည်းက ဂျပန်ပြည်မှာ ကွန်မြူနစ် ထောင်ပေါင်းများစွာ ဖမ်းဆီးခံခဲ့ရပြီး ဖြစ်ပါတယ်။ နယ်ချဲ့ ဆန့်ကျင်ရေး ပြောဆိုမှုတွေ အပိတ်ပင်ခံကြရတယ်။ စာအုပ်နဲ့ သတင်းစာထုတ်ဝေမှုကို တင်းကျပ်စွာ ကိုင်တွယ်ခဲ့တယ်။ တိုးတက်သူမှန်သမျှကို ဆန့်ကျင်ဖို့ အစိုးရကဦးစီးပြီး အရန်စစ်ရေး အဖွဲ့အစည်းတွေ၊ လူငယ်အဖွဲ့တွေ၊ ကြက်ခြေနီအဖွဲ့တွေ၊ အမျိုးသမီးအသင်းတွေနဲ့ ဘာသာရေးအသင်း၊ သာရေးနာရေး အသင်းတွေကို လှုံ့ဆော်အသုံးချခဲ့ကြတယ်။

ပြောရမယ်ဆိုရင် စစ်ရေးအရ ပြည်ပမှာ အောင်ပွဲခံနေတယ် ဆိုနိုင်ပေမယ့် ပြည်တွင်းမှာတော့ ဂျပန်လူမျိုးတွေအနေနဲ့ မကြုံဘူးလောက်အောင် ကြီးမားတဲ့ မတည်ငြိမ်မှုတွေ ကြုံတွေ့ခံစားကြရပါတယ်။ ပြည်ပရောက် ဂျပန်တပ်သားတွေက အဆက်မပြတ် တိုက်ပွဲတွေတိုက်ရင်း သေကျေကျိုးကန်းနေကြရသလို၊ ပြည်တွင်းမှာလည်း ချောင်းမြောင်းသတ်ဖြတ်တာ၊ အာဏာသိမ်းဖို့ ကြိုးစားရင်း သတ်ကြဖြတ်ကြတာစတဲ့ အကြမ်းဖက်မှုတွေ ပေါ်ပေါက်နေပါတယ်။

( ၅ )

## ဥရောပဖက်ဆစ်နဲ့ အာရှဖက်ဆစ်

ဖက်ဆစ်စနစ် ဖြစ်ပေါ်လာပုံနဲ့ ဖော်ပြချက်တွေ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဥရောပနဲ့ အာရှ (ဂျပန် ) တူတာလည်းရှိ – မတူတာလည်း ရှိပါတယ်။

တကယ်က ၁၉၃၀ တဝိုက်မှာ ဖက်ဆစ်အယူအဆ၊ အာဘော်၊ ဖက်ဆစ်အဖွဲ့အစည်းတွေ ဥရောပမှာ နေရာအနှံ့ ပေါ်ခဲ့တာပါ။ အင်္ဂလန်လည်း မလွတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုမှာလည်း ရှိတာပါပဲ။ ကိုယ့်အကျိုးစီးပွား၊ ကိုယ့်အမျိုးသားရေး အပေါ်မှာပဲ အခြေခံကြလို့ ရေရှည်အတူယှဉ်တွဲနေဖို့ ခက်တဲ့ဝါဒ ဖြစ်ပါတယ်။ ဟစ်တလာက ဖက်ဆစ်ဝါဒကို အသုံးပြုပြီး မူလလမ်းထွင်ခဲ့သူ မူဆိုလီနီကို သြဇာလွှမ်းကြိုးဆွဲပါတယ်။ နောက်မှ ဂျပန်ကို ကူးဆက်သွားတာပါ။

ဥရောပမှာ စီးပွားရေး၊ နိုင်ငံရေး

အကျပ်အတည်းတွေကြောင့် ဖက်ဆစ်ဝါဒ ပေါ်လာရတာဖြစ်ပြီး၊ ဂျပန်ကတော့ စစ်ဝါဒကနေ ကူးပြောင်းသွားတာ ဖြစ်ပါတယ်။

ပေါ်လာတဲ့အခါမှာလည်း ကိုယ့်နိုင်ငံသမိုင်းနဲ့ မတူကွဲပြားတဲ့ အခြေအနေ၊ မတူတဲ့ အကျိုးစီးပွားတွေကြောင့် မတူတဲ့ ကြွေးကြော်သံတွေ ရှိပါတယ်။ အီတလီမှာ ဆောင်ပုဒ်လုပ်ထားတဲ့ "မူဆိုလီနီ အမြဲတမ်းမှန်တယ် " ဆိုတဲ့ ကြွေးကြော်သံကို ဟစ်တလာက ဂရုမစိုက်ပါဘူး။ ဂျပန်မှာတော့ "ဂျပန်ဧကရာဇ်ရဲ့ အင်ပါယာ တိုးချဲ့ရေး" ပဲ ကြွေးကြော်ပါတယ်။ ဂျာမဏီနာဇီတွေက ဆိုဗီယက်ယူနီယံကို ၁၉၄၁ ကတည်းက အနောက်ဘက်ကနေ တိုက်နေပါတယ်။ အောင်ပွဲတွေလည်း ရနေပါတယ်။ ဒါပေမဲ့ ဂျပန်ဖက်ဆစ်တွေက အရှေ့ဘက်ကနေ ဝင်မတိုက်ပါဘူး။ တိုက်ရင် နယ်မြေတွေ အများကြီး ရနိုင်ပါတယ်။ ဒါပေမဲ့ ရမယ့်နယ်မြေက ဆိုက်ဘေးရီးယားလို ဒေသကြီး ဖြစ်နေတယ်။ အရှေ့တောင်အာရှမှာက သယံဇာတတွေ ပေါကြွယ်ရုံမက အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်နယ်ချဲ့သမားတွေ တူးဖော်ရယူနေပါတယ်။ အဲဒီလို ခူးပြီးခပ်ပြီးကိုပဲ ဝင်နှိုက်ပါတယ်။ မိမိအကျိုးစီးပွားကိုပဲ ပဓာနထားပါတယ်။ ဂျပန်ကသာ အရှေ့က ဝင်တိုက်ရင် ဆိုဗီယက်ယူနီယံ မရှုမလှ ခံရပါမယ်။ ဒါပေမဲ့ အကျိုးအမြတ်အားလုံး ဂျာမဏီကပဲ ရသွားမှာဖြစ်လို့ ဂျပန်က လုံးဝမတိုက်ခဲ့ပါ။ တောင်ဘက်ကိုပဲ တိုးခဲ့ပါတယ်။ အင်္ဂလန်မှာ လေဘာဝန်ကြီးဟောင်း မော်ဆလေခေါင်းဆောင်တဲ့ 'ဗြိတိသျှယူနီယံ' (၁၉၃၁ – ၁၉၃၉ ) ဖက်ဆစ်လှုပ်ရှားမှုက ဆီးမိုက် (ဂျူး –အာရပ်) ဆန့်ကျင်ရေးနဲ့ ဗြိတိသျှ ဓနသဟာယ အကျိုးစီးပွားကိစ္စပဲ အာရုံစိုက်ပါတယ်။

ဒါပေမဲ့ သူတို့အချင်းချင်း တူကြတာတွေ (အများအားဖြင့် ပြည်တွင်းရေးမှာ) ကတော့ များမှများပါ။

– သူတို့တတွေဟာ နိုင်ငံရေး မီးရှူးမီးပန်းတွေလွှတ်ပြီး မိမိသက်ဆိုင်ရာ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ကိုယ်စားပြုကြသူချည်းပါပဲ။ တကမ္ဘာလုံးကို၊ နယ်မြေဒေသအသီးသီးကို အစိတ်စိတ်ပိုင်းကာ ကြံရာပါတွေနဲ့တွဲပြီး ခွဲဝေကြတာ၊ ဗိုလ်ကျဖို့ လုပ်ကြတာမှာ တူကြတယ်။

– "တမျိုးသားလုံး အန္တရာယ် " ကို ကာကွယ်ဖို့နဲ့ တမျိုးသားလုံး ချောက်ထဲမကျအောင် ကယ်တင်ဖို့ ကိုယ့်ကိုယ်ကို 'ကယ်တင်ရှင်ဂိုက်' ဖမ်းကြတာမှာ တူကြတယ်။

– အစွန်းရောက် အမျိုးသားရေးဝါဒ (ရှော်ဗင်ဝါဒ) ကြွေးကြော်တာ၊ စစ်တပ်က တစတစ နိုင်ငံရေးထဲ ဝင်ပါလာတာ ဒါမှမဟုတ် အာဏာရှင်ရဲ့ တလက်ကိုင် စစ်တပ်ဖြစ်သွားတာ၊ ပါလီမန်ဒီမိုကရေစီကို လက်မခံကြတာ၊ ပြည်သူကို ဒီမိုကရေစီ မပေးကြတာတွေမှာ တူကြတယ်။

– ရှေးရိုးစွဲလူထု တစိတ်တပိုင်းကို ဆွဲဆောင်နိုင်ဖို့ ပဒေသရာဇ်၊ ဧကရာဇ်စတဲ့သူတွေကို ရုပ်ပြအဖြစ် အသုံးချကြတာမှာလည်း ဆင်တူတယ်။

– ဒါ့အပြင် ကွန်မြူနစ်တွေနဲ့ တိုးတက်သူတွေကို ဆိုးဆိုးဝါးဝါး နှိပ်ကွပ်ရာမှာ တူကြတယ်။

– ကိုယ့်အကျိုးစီးပွား ပွန်းပဲ့လာပြီဆိုရင် ကမ္ဘာ့အဖွဲ့အစည်းများကို ဆန့်ကျင်ဖို့ လိုအပ်လာရင် နုတ်ထွက်ဖို့ ဝန်မလေးကြတာမှာလည်း တူကြတယ်။

( ၆ )

**<u>စစ်တားဆီးရေးနဲ့ ကမ္ဘာ့ ငြိမ်းချမ်းရေး</u>**

ကျွန်တော်တို့ ကွန်မြူနစ်တွေဟာ ဖောက်ပြန်တဲ့စစ်ကို ဆန့်ကျင်သူတွေ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို လိုလားသူတွေ ဖြစ်ပါတယ်။ နောက်ပြီး ဖက်ဆစ်စနစ်ကို ရွံမုန်းသူတွေထဲမှာ ရှေ့တန်းရောက်ခဲ့သူတွေပါ။ ဒါ့ကြောင့်လည်း ကမ္ဘာ့ပြည်သူတွေနဲ့ လက်တွဲပြီး ဖက်ဆစ်စနစ်ကို တိုက်ဖျက်ခဲ့ကြပါတယ်။

ဒါ့အပြင် ကျွန်တော်တို့တတွေဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းလိုသူတွေ ဖြစ်ပါတယ်။ ကမ္ဘာ့ပြည်သူတွေနဲ့အတူ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ကြတယ်။ ယနေ့အထိ တတိယကမ္ဘာစစ်ကို တားထားနိုင်ကြပါတယ်။

ဒုတိယကမ္ဘာစစ် ပြီးသွားပေမယ့် ဖက်ဆစ်စနစ်ကို တခါတည်းမြေမြှုပ်သင်္ဂြိုဟ်ပစ်နိုင်ခဲ့တာ မဟုတ်ပါ။

ကမ္ဘာပေါ်မှာ လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ရှိနေရင်၊ နယ်ချဲ့စနစ် ရှိနေရင် ဖက်ဆစ်အန္တရာယ်ဆိုတာ အချိန်မရွေး ပေါ်နိုင်ပါတယ်။ အထူးသဖြင့် ကမ္ဘာ့အရင်းရှင်စနစ်မှာ အထွေထွေအကျပ်အတည်းကြီး (စီးပွားရေး၊ နိုင်ငံရေးမှာ) ပေါ်ရင် ဖက်ဆစ်စနစ် ပေါ်တတ်ပါတယ်။

ဒီနေ့ကမ္ဘာ့ အခြေအနေဟာ "တကမ္ဘာလုံးဆိုင်ရာ ---" ကမ္ဘာမှုပြခြင်း အရင်းရှင်သီဝရီတွေနဲ့ အာဘော်တွေ ဖန်တီးနေချိန် ဖြစ်ပါတယ်။ ကမ္ဘာ့အခင်းအကျင်းသစ်အတွက် ခြေလှမ်းတွေ ပြင်နေချိန်၊ ဆင်းရဲချမ်းသာ ကွာခြားမှု ကြီးမားနေတဲ့ အချိန်ဖြစ်ပါတယ်။

ဒါ့အပြင် ဖက်ဆစ်ဝါဒ ရေခံမြေခံ အမျိုးသားရေးဝါဒတွေ ခေါင်းထောင်ထနေတာလည်း သတိပြုရမယ်။

သမိုင်းမှာ စစ်တပ်ကလာတဲ့ ဖက်ဆစ် (ဟစ်တလာ၊ ဖရန်ကို၊ ဂျပန် ) တွေ၊ ဒါမှမဟုတ် စစ်တပ်ကို တလက်ကိုင် လုပ်ထားနိုင်တဲ့ ဖက်ဆစ် (မူဆိုလီနီ၊ ပေါ်တူဂီက ဆလာဇာ) တွေချည်း တွေ့ရပါတယ်။ ဒါကြောင့်လည်း လူထုကို စစ်တပ်လို သဘောထားကြတယ်။ 'တသွေး၊ တသံ၊ တမိန့်' ပြဋ္ဌာန်းပြီး လိုက်နာခိုင်းခဲ့တယ်။

ဒီနေ့ ဗမာစစ်တပ်ကကော – ဘယ်လို အမျိုးအစား စစ်တပ်လဲ။

ကွန်မြူနစ်တွေကတော့ ဖက်ဆစ်စနစ်နဲ့ သူ့ရဲ့အကြံယုတ်ကို ဘယ်တုန်းကမှ ခေါင်းငုံ့မခံခဲ့သလို – အခုလည်း ခေါင်းငုံ့ခံကြမှာ မဟုတ်ပါ။

ပြည်တွင်းပြည်ပ – ဖက်ဆစ်စနစ်
မှန်သမျှ ဆန့်ကျင်ကြ။
စစ်အာဏာရှင်စနစ်ကို –
တိုက်ဖျက်ကြ။ ■

***'ဖက်ဆစ်စနစ်လက်သစ်တွေ အခုခေါင်းပြန်ထောင်နေပြန်ပြီ။ ဖက်ဆစ်စနစ်ဟောင်းတုန်းက သေခဲ့ရတာကိုလဲ မမေ့ပျောက်သင့်ပါဘူး။ ဖက်ဆစ်ဝါဒဆိုတာဟာ အရင်းရှင်စနစ်ရဲ့ ထုတ်လုပ်မှု၊ နယ်ချဲ့စနစ်ရဲ့ ပုံစံတခုဆိုတာလဲ သတိရသင့်ပါတယ်။ '***

***"အထွေထွေအတွင်းရေးမှူး (ယာယီ) ၏ အစီရင်ခံစာ – ၁၉၉၄ ခုနှစ်မှ "***

# ဗမာပြည်ဆို
# သတင်း(၂)ပုဒ်နှင့်

(၁)

နိုင်ငံတကာ သတင်းမီဒီယာများမှ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် သတင်းနှစ်ပုဒ်နှင့်စပ်လျဉ်းသော စဉ်းစားချက်တချို့ကို တင်ပြလိုပါသည်။ ပထမတပုဒ်မှာ မက်ဆာချူးဆက်ပြည်နယ်မှ ဗမာပြည်အစိုးရအား စီးပွားရေးအရ ပြစ်ဒဏ်ခတ် အရေးယူရေး ဥပဒေ မက်ဆာချူးဆက် ဘားမားလော ( Massachusetts Burma Law ) ကို အမေရိကန်ဖက်ဒရယ် တရားရုံးမှ ပယ်ချလိုက်သည့်သတင်း။ နောက်တပုဒ်မှာ ဝါဆော ဒီမိုကရေစီရေးရာ ညီလာခံအပြီး ပေါ်ထွက်လာသော ( ပြင်သစ်နိုင်ငံ၏ သတင်းထုတ်ပြန်ချက် )။ သတင်းနှစ်ပုဒ်လုံးမှာ ဒီမိုကရေစီရေး၊ ဗမာပြည်အရေး၊ စီးပွားရေးအရ ပြစ်ဒဏ်ခတ် အရေးယူရေးတို့နှင့် ဆက်စပ်နေပါသည်။

(၂)

ဗမာပြည်ပြည်သူလူထုက အမုန်းကြီးမုန်းသော နအဖအား ဝိုင်းဝန်းဆန့်ကျင်ခြင်းမှာ အခြေခံအားဖြင့် ကြိုဆိုရမည့်ကိစ္စဖြစ်ပါသည်။ ကိုလိုနီဘဝမှ လွတ်မြောက်ရေးကြိုးပမ်းစဉ်ကာလက ‘အင်္ဂလိပ်အခက် ဗမာ့အချက်’ ဟု ကြွေးကြော်သံ ထုတ်ခဲ့ကြ၊ ယူဆခဲ့ကြသကဲ့သို့ ဒီနေ့တွင်လည်း ‘နအဖ အခက် အခဲကြီးလေ၊ ဒီမိုကရေစီ အောင်ပွဲနီးလေ’ ဟု ယူဆ၍ဖြစ်သည်။ ‘မကောင်းသူပယ်’ သော လုပ်ရပ်ပါဟု ယူဆ၍ ဖြစ်သည်။

ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ဒီမိုကရေစီနှင့် တရားမျှတမှုကို လိုလားသော ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့ပြည်သူများတို့က စစ်အစိုးရ၏ မတရားမှုများနှင့်၊ ပြည်သူတို့ ဒီမိုကရေစီ အခွင့်အရေးများ ခံစားခွင့် မရှိအောင် ရက်ရက်စက်စက် ဖိနှိပ်ပြီး ပိတ်ပင်နေသည်များအတွက် ဝိုင်းဝန်းဆန့်ကျင်ကြ၊ ပြစ်ဒဏ်ခတ်ကြသည်ကို အရေးကြီးသော ပြည်ပတွန်းအားအဖြစ် ယူဆထားသော်လည်း ပြည်တွင်းဖိအား (ပြည်သူ့ဖိအား) က ပိုပြီး အဓိကကျသည်ဟူ၍လည်း အလေးအနက် ခံယူပါသည်။ ကွန်မြူနစ်များအနေဖြင့် လက်တွေ့အရလည်း ဤသဘောထားအတိုင်း ကျင့်သုံးလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

စစ်အစိုးရအား ပြစ်ဒဏ်ခတ်ရေးမှာ အခြေခံအားဖြင့် ကိစ္စကောင်းဖြစ်သော်လည်း မတူသောပြစ်ဒဏ်ခတ်ရေး ကိစ္စများတွင် ကိစ္စတခုချင်းအလိုက် မတူလျှင် မတူသလို ခွဲခြမ်းစိတ်ဖြာကြည့်ရပါမည်။ ဗမာပြည် ဒီမိုကရေစီရေးအတွက် စိတ်ရင်းစေတနာ ရိုးသားမှန်ကန်စွာ အကူအညီပေးလိုသည့် နိုင်ငံများ ရှိသကဲ့သို့ ဒီယုန်မြင်၍ ဒီချုံထွင်သော၊ ရေနှောက်ပြီး ငါးဖမ်းလိုသော နိုင်ငံများ ရှိနေ၍ ဖြစ်သည်။

ကျွန်တော်တို့သည် ဗမာပြည်၏ လတ်တလော အကျိုးစီးပွားများကို အလေးထားသည်နှင့် တချိန်တည်းတွင် အနာဂတ် အကျိုးစီးပွားများကိုလည်း မြော်မြင်ရန် လိုပါလိမ့်မည်။ အနာဂတ် အန္တရာယ်ကိုလည်း ကြိုတင်တွက်ဆဖို့ လိုပါမည်။

ဥပမာတခု တင်ပြပါမည်။ ဖက်ဆစ်ဂျပန်ကို ဗမာပြည်အရေးနှင့် မပတ်သက်သေးမီ၊ ဗမာပြည်တော်လှန်ရေး အင်အားစုများက အုပ်စိုးသူ ဗြိတိသျှတို့အား ဆန့်ကျင်တော်လှန်ရန် ကြိုးပမ်းနေသည့် အချိန်အတွင်းမှာပင် ထိုစဉ်က ဗမာပြည် အမျိုးသားနိုင်ငံရေးခေါင်းဆောင်တချို့က ဖက်ဆစ်ဆန့်ကျင်ရေးအတွက် သဘောတရားရေးဘက်မှ စတင်ပြင်ဆင်ခဲ့ကြသည်။ ထိုခေါင်းဆောင်များ မြော်မြင်နိုင်မှု စွမ်းရည်ရှိခဲ့ကြပါသည်။ ထို့ကြောင့်သာ ဖက်ဆစ်ဂျပန်များ ဗမာပြည်တွင်းဝင်ပြီး ဝေသာလီပြည်တွင်း ဘီလူးဝင်သလိုမျိုး ကြမ်းကြ၊ ရမ်းကြချိန်၌ ပြည်သူတရပ်လုံး ဖက်ဆစ်တော်လှန်ရေးအတွင်း စုစည်းလာမိအောင် သဘောတရားရေးအရနှင့် လက်တွေ့အရ အချိန်တိုအတွင်း အောင်မြင်စွာ စည်းရုံးသိမ်းသွင်းနိုင်ခဲ့ခြင်းပါ။

ယနေ့တည်ရှိဆဲ အန္တရာယ်အားလုံးသည် နအဖကို မဏ္ဍိုင်ပြုထားပါသည်။ သို့ရာတွင် သမိုင်းအတွေ့အကြုံအရ ပြည်ပအန္တရာယ်များသည် တချိန်ချိန်၌ ပြည်တွင်းအန္တရာယ် သို့မဟုတ် တိုင်းပြည်၏ အဓိကအန္တရာယ်အဖြစ် ပြောင်းလဲလာတတ်သည်ကိုလည်း သတိပြုရန် လိုပါသည်။ ဗမာပြည်သို့ ရောက်ရှိလာခဲ့ကြသော ကိုလိုနီနယ်ချဲ့စနစ်၊ ဖက်ဆစ်စနစ်တို့ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

(၃)

‘မက်ဆာချူးဆက် ဘာမားလော’ ကို အမေရိကန်၏ အမြင့်ဆုံးတရားရုံးက ပယ်ချလိုက်သောအခါ ပြည်ပရောက် ဗမာပြည် ဒီမိုကရေစီ အင်အားစုထဲမှ တချို့က စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောဆိုလာကြပါသည်။ အမေရိကန်ပြည်တွင် နအဖစစ်အစိုးရအား စီးပွားရေးဆိုင်ရာ ပြစ်ဒဏ်ခတ် အရေးယူရေး အဆိုပြုတင်သွင်းချက်များကို ပယ်ချခဲ့သည်မှာ ဤတကြိမ်တည်း မဟုတ်ပါ။ မြို့နယ်

ကောင်စီထဲ၌ ဗမာပြည်ဆိုင်ရာ စီးပွားရေးအရ ပြစ်ဒဏ်ခတ် အရေးယူရေး အဆိုပြုချက် အနိုင်ရသည့်အခါ ထိပ်ဆုံးမှ မြို့တော်ဝန်က ပယ်ချလိုက်သည့် အဖြစ်မျိုး၊ ကွန်ဂရက် လွှတ်တော်အမတ် အစုတစုက အဆိုပြုချက် တင်သွင်းသည်ကို အခြားအစုက ဆန့်ကျင် ပယ်ချလိုက်သည့် အဖြစ်မျိုးတွေ ရှိခဲ့ဖူးပါသည်။ အမေရိကန် အစိုးရက နိုင်ငံတနိုင်ငံကို ပြစ်ဒဏ်ခတ် အရေးယူရေး လုပ် – မလုပ်ဆိုသည်မှာ အဆိုပါနိုင်ငံ၏ လိုအပ်မှုနှင့် တောင်းဆိုမှုတို့ အပေါ် မူမတည်ပါ။ ထိုနိုင်ငံအား ပြစ်ဒဏ်ခတ် လိုက်ခြင်းဖြင့် အမေရိကန်အစိုးရအတွက် အကျိုးအမြတ် ဘယ်လောက်ရှိမလဲဆိုသည့် အချက်ပေါ်တွင်သာ အဓိက မူတည်နေ ပါသည်။ သူ့အတွက် နည်းနည်းအကျိုးရှိလျှင် ပြစ်ဒဏ်ခတ်ရေး နည်းနည်းလုပ်မည်၊ အကျိုး များများရှိလျှင် ပြစ်ဒဏ်ခတ်ရေး များများ လုပ်မည်။ ပြင်းပြင်းထန်ထန်လုပ်မည်။ အကျိုး အမြတ် ရပုံမပေါ်သေးလျှင် ပြစ်ဒဏ်ခတ်ရေး မလုပ်သေးပါ။

ဒေါ်အောင်ဆန်းစုကြည်က နအဖ အစိုးရအား စီးပွားရေးဆိုင်ရာ ပြစ်ဒဏ်ခတ် အရေးယူမှုများလုပ်ဖို့ နိုင်ငံတကာသို့ ပန်ကြား ထားပြီး ဖြစ်သည်။ အမေရိကန် အစိုးရက လည်း ဒေါ်အောင်ဆန်းစုကြည် ပန်ကြားချက် ကို မေ့လျော့ခြင်းမဟုတ်ပါ။ **(EU)** အဖွဲ့ဝင် ဥရောပနိုင်ငံများနှင့် အမေရိကန် အစိုးရ ကိုယ်တိုင် ထိရောက်သော စီးပွားရေးဆိုင်ရာ အရေးယူမှုများ မပြုလုပ်ရသေးသည်ကို သမ္မတ ကလင်တန်ကလည်း သတိပြုမိပါသည်။ အမေ ရိကန်အစိုးရသည် ဗမာပြည်နှင့် စပ်လျဉ်းသော သူ့အကျိုးစီးပွားကို တွက်ချက်ချိန်ဆ နေခြင်းသာ ဖြစ်ပါသည်။

ဤနေရာတွင် အမေရိကန် အစိုးရ ၏ ပြစ်ဒဏ်ခတ်ရေးဆိုင်ရာ အချက်အလက် တချို့ကို ထုတ်နုတ်တင်ပြလိုပါသည်။ သူ၏ ဇာတ်ရုပ်အမှန်ကို သိစေရန် ဖြစ်ပါသည်။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရလျှင်မူ ဗမာပြည် အတွက် အကျိုးမရှိနိုင်ပါ။

( ၄ )

၁၉၉၆ ခုနှစ် ဇွန်လ (၂၅ ) ရက်နေ့တွင် ဆော်ဒီအာရေးဗီးယားရှိ အမေ ရိကန် စစ်အခြေစိုက်စခန်း ဗုံးခွဲခံခဲ့ရသည်။ ဆက်တိုက်ဆိုသလို ဇူလိုင် (၁၇ ) ရက်နေ့တွင် **(TWA)** လေယာဉ်များ ပေါက်ကွဲမှုဖြစ်ခဲ့ သည်။ ဤအဖြစ်အပျက် နှစ်ရပ်တွင် အီရန် – လစ်ဗျားနိုင်ငံတို့နှင့် ဆက်စပ်မှု “ရှိနိုင်” သည် ဟု အမေရိကန် အစိုးရက စဉ်းစားခဲ့ကြသည်။ အခိုင်အမာအားဖြင့် မည်သည့်သက်သေ အထောက်အထားမှ မရှိသော်လည်း “အထင်” ကို စွပ်စွဲချက်လုပ်ပြီး အမေရိကန် အစိုးရက **(d’ Amato Act)** ကို ပြဋ္ဌာန်း လိုက်သည်။ ဤဥပဒေကို သမ္မတ ကလင်တန် က လက်မှတ်ရေးထိုးပြီး အတည်ပြုပေးခဲ့သည်။ အီရန်နှင့် လစ်ဗျားနိုင်ငံတို့တွင် အမေရိကန် ဒေါ်လာ သန်း (၄၀ ) ထက်ကျော်လွန်ပြီး ရင်းနှီးမြှုပ်နှံသော မည်သည့်နိုင်ငံခြား ရေနံ ကုမ္ပဏီကိုမဆို အမေရိကန်အစိုးရက အရေး ယူနိုင်ရန် အခွင့်အာဏာ အပ်နှင်းပေးလိုက် သည့်ဥပဒေ ဖြစ်ပါသည်။ အီရန်နှင့် လစ်ဗျား နိုင်ငံတို့မှာ အကြမ်းဖက်ဝါဒကို အားပေး အားမြှောက် ပြုနေကြသော နိုင်ငံများဟု ဝါရှင်တန်၏ စွပ်စွဲခြင်းခံနေရသော နိုင်ငံများ ဖြစ်ကြသည်။ အမှန်မှာ အမေရိကန်အစိုးရ အနေဖြင့် ဤကိစ္စနှစ်ရပ် မပေါ်ပေါက်မီ လပေါင်း များစွာကတည်းက **(d’ Amato Act )** ကို စဉ်းစားပြီးခဲ့ကြပါပြီ။

၁၉၈၀ ခုနှစ်များကလည်း အမေ ရိကန်က အီရန်နှင့် လစ်ဗျားနိုင်ငံတို့အား ပြစ်ဒဏ်ခတ်ရန် ကြိုးပမ်းခဲ့ပါသေးသည်။ ထိုစဉ်က အမေရိကန်အစိုးရ၏ ရည်ရွယ်ချက် မှာ အနောက်နိုင်ငံများ၏ စီးပွားရေး အသက်သွေးကြောဖြစ်သော ရေနံထောက်ပံ့မှု ကို ကာကွယ်ရန်နှင့် ပင်လယ်ကွေ့ဒေသ၊ အရှေ့အလယ်ပိုင်းဒေသတို့တွင် သေနင်္ဂဗျူဟာ ခေါင်းဆောင်မှုနေရာကို အမေရိကန်က ရယူထားရန် ဖြစ်သည်။

အခြားဥပဒေတရပ်မှာ ၁၉၉၆ ခုနှစ်၊ မတ်လအတွင်းက အမေရိကန်ကွန်ဂရက်မှ ပြဋ္ဌာန်းလိုက်သော **(Helms Burton Act)** ပင်ဖြစ်သည်။ ကျူးဘားပြည် ဆန့်ကျင်ရေး ဥပဒေပါ။ ကျူးဘားဂျက်လေယာဉ်များက အမေရိကန် မှတ်ပုံတင်ထားသော လေယာဉ် နှစ်စင်းကို ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပစ်ချခဲ့ပြီးနောက် နှစ်လအကြာမှာ ဤဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။ အမှန်မှာ ဤလေယာဉ် နှစ်စင်း ပစ်ချမခံရမီ အရင်ကတည်းက **(Helms Burton Act)** ကို အဆိုပြု တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

၁၉၆၀ ခုနှစ်များကတည်းက အမေရိကန်က ကျူးဘားနိုင်ငံအား စီးပွားရေး ပြစ်ဒဏ်ခတ်မှုများနှင့် ကုန်သွယ်ရေး ပိတ်ဆို့ မှုများ ပြုလုပ်လာခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များတွင် အတွေး အခေါ်ဆိုင်ရာ အကြောင်းရင်းခံများ ပါဝင်နေ သလို သူ့ကျောထောက်နောက်ခံ ဒေသ ဖြစ်သည့် ဗဟိုနှင့် လက်တင်အမေရိကတို့တွင် သူ့အချုပ်အခြာအာဏာပိုင်မှုကို ထိန်းထား ရေးအတွက် တည်ဆဲအခြေအနေများကို မထိခိုက်စေရန်ဟူသောအချက်လည်း ပါဝင် သည်။

ဤဥပဒေ နှစ်ရပ်ကို ပြဋ္ဌာန်းလိုက် သည့်အခါ နိုင်ငံတကာသတင်းရပ်ကွက်တွင် ကြွက်ကြွက်ညံညံ ဖြစ်သွားရသည်။ သူ၏ ‘တဆင့်ပြီးတဆင့် ဆက်တိုက်တိုးမြှင့် အရေးယူ သွားရေး အစီအစဉ် ’ ကို တိုး၍ကန့်ကွက် ဆန့်ကျင်လာကြသည်။ နောက်ဆုံးတွင် အမေ ရိကန် အစိုးရအား တန်ပြန်ပြစ်ဒဏ်ခတ်ရေး အစီအစဉ်များ ပေါ်ပေါက်မည့် အခြေအနေထိ ဆိုက်ရောက်လာခဲ့သည်။ ဤအဖြစ်မျိုးကို အမေရိကန်အစိုးရ အာဏာပိုင်များက မျှော်လင့်မထားခဲ့ကြပါ။

ဤဥပဒေနှစ်ရပ် မပြဋ္ဌာန်းမီ ( ၆ ) လခန့်ကတည်းက အမေရိကန်အစိုးရသည် ကမ္ဘာ့ရွာကြီးတွင် ရွာရိုးတလျှောက် ခေါက်တုံ့ ခေါက်ပြန် လျှောက်ပြီး ‘ပြစ်ဒဏ်ခတ် အရေး ယူရေး’ တုတ်ကြီး တကိုင်ကိုင်၊ တရမ်းရမ်းနှင့် လူမိုက်ကြီး လုပ်ပြခဲ့သည်။ ခြိမ်းခြောက်ခဲ့သည်။ သို့ရာတွင် သူ၏ပြစ်ဒဏ်ခတ်ရေး အဆိုပြု ချက်များကို အခြားနိုင်ငံများက အကြိမ်ကြိမ် ပယ်ချဆန့်ကျင်ခဲ့ကြပါသည်။ ဤသည်မှာ သူ၏ အနီးခေတ်သမိုင်း၌ ပထမဦးဆုံးသော အတွေ့အကြုံပါ။

အမေရိကန်အစိုးရသည် စစ်အေး ခေတ်ကတည်းက သူ၏နိုင်ငံရေး ပြိုင်ဘက်များ ကို ထိန်းချုပ်ရန်နှင့် သူ့ကိုယ်ကျိုးစီးပွား ကာကွယ်ရန် ရည်ရွယ်၍ စီးပွားရေး ပြစ်ဒဏ် ခတ်သည့်နည်းဖြင့် ဗိုလ်ကျလွှမ်းမိုးရေး လုပ် လာခဲ့သည်။

ပြစ်ဒဏ်ခတ် အရေးယူမှုကြောင့် မငြိမ်မသက်မှုတွေ ပေါ်ပေါက်ခဲ့ရသည်ကတော့ စစ်အေးခေတ် နောက်ပိုင်းမှာ ဖြစ်ပါသည်။ ဆူပူကန့်ကွက်မှုများ၊ မငြိမ်မသက်ဖြစ်မှုများ ပေါ်ပေါက်လာရခြင်းသည် အမေရိကန် ပြည်သူများအပါအဝင် ကမ္ဘာ့ပြည်သူများ၏ ပိုင်းဖြတ်မှု စိတ်ဓာတ်ကို ထင်ဟပ်ဖော်ပြ နေခြင်းပင်ဖြစ်သည်။ ၎င်းပိုင်းဖြတ်မှု စိတ်ဓာတ် မှာ အမေရိကန်၏ အာဏာပြနိုင်ငံရေးကို

ဆန့်ကျင်ပြီး လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ထိန်းသိမ်းကာကွယ်လိုသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလမ်းကြောင်း အတိုင်းလိုက်လိုသောစိတ်ဓာတ် ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ် အမေရိကန်၏ ပြစ်ဒဏ်ခတ်ရေးဆိုင်ရာ ဥပဒေနှစ်ရပ်ကို ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသည်မှာလည်း ဤပိုင်းဖြတ်မှု စိတ်ဓာတ်အရပင် ဖြစ်ပါသည်။

အမေရိကန်အစိုးရသည် 'အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး' ဆိုသည်ကို အကြောင်းပြပြီး နိုင်ငံတကာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများတွင် သူ့ကိုယ်သူ အာဏာရှင်အဖြစ် ခန့်အပ်ထားပါသည်။ 'စွက်ဖက်ကျူးကျော်ရေးဝါဒ' ကို ကျင့်သုံးရာတွင် 'ပြစ်ဒဏ်ခတ် အရေးယူရေး' ဆိုသည်ကို နည်းနာတခုအဖြစ် သုံးပါသည်။

အမေရိကန်၏ ၁၉၉၆ ခုနှစ် (d' Amato Act ) တွင် ပိုမိုသစ်ဆန်းလာသည်ဟု ပြောနိုင်သည့်အချက်မှာ 'တဆင့်ပြီးတဆင့် ဆက်တိုက်တိုးမြှင့် အရေးယူသွားရေး အစီအစဉ် ' ဖြစ်ပါသည်။ ထိုအစီအစဉ်မှာ တခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်စွက်ဖက်ခြင်းပင် ဖြစ်ပါသည်။ မိတ်ဆွေပဲဖြစ်ဖြစ်၊ ရန်သူပဲဖြစ်ဖြစ် တတိယနိုင်ငံတွေမှာ အမေရိကန် ဥပဒေတွေနှင့် လိုက်လျောညီထွေ မနေတတ်ကြရင်ဖြင့် ပြစ်ဒဏ်ခတ်ရေး ဥပဒေကြိမ်တုတ်နှင့် ကျောကော့အောင် အရိုက်ခံကြရမည်ဟု သတိပေးခြိမ်းခြောက်ခြင်း ဖြစ်ပါသည်။

သွေးနားထင်ရောက်မှု၊ ဗိုလ်ကျလိုစိတ် ပြင်းပြမှုတို့ဖြင့် အမေရိကန်အစိုးရသည် သူ့ဥပဒေများကို နိုင်ငံတကာ့ ဥပဒေများ၏ အထက်တွင် ထားပါသည်။ နယ်လွန်တရားဆုံးဖြတ်ခွင့် (extraterritoriality) ကို ပိုမိုတိုးချဲ့ ကျင့်သုံးနိုင်ရန် ကြိုးပမ်းပါသည်။ ၎င်းနယ်လွန် တရားဆုံးဖြတ်ခွင့်ဖြင့် အစပျိုးပြီး နယ်ချဲ့စနစ်ဟောင်းသည် ကမ္ဘာအနှံ့ ကိုလိုနီလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၈၅၂ ခုနှစ် အင်္ဂလိပ်–ဗမာ စစ်ပွဲတွင် အင်္ဂလိပ်နယ်ချဲ့က ထိုအခွင့်အရေးကို အခမ့်ရယူသွားပါသည်။ သူ့ကို နာခံသောတိုင်းပြည်များ အကျိုးစီးပွားဖြစ်ထွန်းစေ၊ သူ့ကိုမနာခံသော တိုင်းပြည်များ အကျိုးစီးပွား ပျက်စီးစေ – ဤသို့ သူ့စိတ်ကြိုက် ဖန်တီးရန် ပုံဖော်နေခြင်း ဖြစ်သည်။

အဆိုပါ (d' Amato Act ) က အမေရိကန်အစိုးရ၏ ပေါ်လစီရေးရာတွင် အပြောင်းအလဲ ( ၃ ) ရပ် ဖြစ်လာကြောင်း ဖော်ပြနေသည်။

၁။ သူ၏ အာဏာပြနိုင်ငံရေး အတွေးအခေါ်သည် နိုင်ငံရေးဘက်မှ စီးပွားရေးဘက်သို့ ပြောင်းလာခြင်း။

၂။ ပြစ်ဒဏ်ခတ် အရေးယူရေးတွင်လည်း နိုင်ငံစုံပူးပေါင်းအရေးယူမှုမှ အမေရိကန်တနိုင်ငံတည်း၏ ပြစ်ဒဏ်ခတ် အရေးယူမှုအဖြစ်ပြောင်းလာခြင်း။

၃။ အတွေးအခေါ် ဆိုင်ရာနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ နိုင်ငံရေးပြိုင်ဘက်များကို အကန့်အသတ်ရှိရှိ ပစ်မှတ်ထားရာမှ သူ၏ မဟာမိတ်များကိုပါ ပြစ်ဒဏ်ခတ် အရေးယူရန် ပစ်မှတ်တိုးချဲ့ ပြောင်းလဲလာခြင်း– တို့ ဖြစ်ကြပါသည်။

သူ၏တဦးတည်း ဗိုလ်ကျစိုးမိုးရေးဝါဒအရ ပြစ်ဒဏ်ခတ်သွားရေး အစီအစဉ်သည် သူ၏ရက်စက်ကြမ်းကြုတ်သော သရုပ်သကန်ကို ပြရုံသာမက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု လျော့နည်းလာခြင်းကိုပါ ပြပါသည်။ သူ့မဟာမိတ်များအပေါ် သူ့အနေဖြင့် စိုးရိမ်သောက ဖြစ်နေရကြောင်းကိုလည်း ဖော်ပြနေပါသည်။

စစ်အေးလွန်ခေတ်တွင် အမေရိကန်သည် တဦးတည်းသော မဟာအင်အားလွန် နိုင်ငံကြီးအဖြစ်ဖြင့် ကုလသမဂ္ဂကို သူ့အာဏာအောက်သို့ ဆွဲသွင်းရေး ကြိုးပမ်းခဲ့သည်။ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီကို ဒုတိယသက်တမ်း မထမ်းဆောင်နိုင်အောင် သူတဦးတည်းက ဗီတိုအာဏာသုံးပြီး ဖြုတ်ပစ်ခဲ့သည်။ ကုလသမဂ္ဂအမည်ကို အသုံးချပြီး တခြားနိုင်ငံများအား အမိန့်ပေးသည့် နည်းလမ်းဖြင့် ဘက်စုံစွက်ဖက် ကျူးကျော်ရေးဝါဒကို တင်းတင်းမာမာ ကျင့်သုံးလာခဲ့သည်။ ဤသို့ လုပ်ဆောင်ရာတွင် သူအောင်မြင်ခဲ့သည့် ကိစ္စများလည်းရှိသည်။

သို့ရာတွင် တစတစ သူ့အတွက် ပိုမိုကြီးမားသော အခက်အခဲများလည်း ပေါ်ပေါက်တိုးပွား လာနေသည်။ သူ၏မဟာမိတ်များ အတွင်းတွင် နိုင်ငံရေးနှင့် စီးပွားရေးအရ ထိပ်တိုက်ဖြစ်မှုများ ပိုမိုတိုးပွားလာသောကြောင့် ဖြစ်ပါသည်။

အမေရိကန်အစိုးရသည် အီရန်နှင့် လစ်ဗျားနိုင်ငံတို့အား ဝိုင်းဝန်းပြစ်ဒဏ်ခတ်မှု ပြုကြရန် သူ့မဟာမိတ်များကို အကြိမ်ကြိမ် သွေးဆောင်စည်းရုံးသည်။ မအောင်မြင်ခဲ့ပါ။ ဤအခက်အခဲကိုကျော်ရန် 'တဆင့်ပြီးတဆင့် ဆက်တိုက်တိုးမြှင့် ပြစ်ဒဏ်ခတ်သွားရေး အစီအစဉ် ' ကို ပြောင်းလဲ ပြဋ္ဌာန်းလိုက်ပြီး သူတယောက်တည်း ရှေ့ကဦးဆောင်လုပ်ပြပါသည်။ သူ့ရှေ့ဆောင်မှုနောက်က မဟာမိတ်များ လိုက်ပါစေရန် ရည်ရွယ်ပါသည်။ သူ့ရထားဘီးနောက်တွင် မဟာမိတ်များ ကပ်ပြီး လိုက်ပါလာစေရန် ကြိုးချည်ခေါ်ဆောင်ခြင်းပါ။ ဤနည်းဖြင့် 'အမေရိကန် ခေါင်းဆောင်သည့် ကမ္ဘာ့စနစ်သစ်တရပ် ' ဖော်ဆောင်ရေးတွင် မဟာမိတ်များကလည်း ကိုယ်ကျရာအခန်းမှ တာဝန်ထမ်းရွက် လိုက်ပါစေရန် ဖြစ်သည်။

(d' Amato Act ) နှင့် (Helms Burton Act ) တို့သည် လက်တွေ့တွင် ကုလသမဂ္ဂ၏ အခြေခံမူများဖြစ်သော တန်းတူရေးနှင့် အချုပ်အခြာအာဏာပိုင်မှုတို့ကို ချိုးဖောက်ခြင်းဖြစ်သည်။ စီးပွားရေးဆိုင်ရာတွင်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) ၏ စည်းမျဉ်းစည်းကမ်းများကို ဖျက်ဆီးနေသည်။ ၎င်းဥပဒေများသည် ဒေသဆိုင်ရာ တင်းမာမှုများကို ပိုမိုသည်းသန်စေနိုင်ပြီး ကမ္ဘာ့ကုန်သွယ်မှုလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုတို့အား ထိခိုက်စေနိုင်ပါသည်။

အမေရိကန်ပြည်မှ ထုတ်ဝေသော (USA TODAY) သတင်းစာကပင်လျှင် 'အမေရိကန်အစိုးရ အနေဖြင့် ပြစ်ဒဏ်ခတ် အရေးယူမှုတို့ကို တခြားနိုင်ငံ အားလုံးနီးပါးတို့အပေါ် ဆင်ခြေဆင်လက် အမျိုးမျိုးသုံးပြီး ချမှတ်နေမှု သို့မဟုတ် ခြိမ်းခြောက်နေမှုတို့မှာ မည်သည့် ရလဒ်ကောင်းမျှ ထွက်ပေါ်လာနိုင်စရာ မရှိပါ ' ဟု ရေးသားခဲ့ပါသည်။

ချုပ်ပြောရလျှင် အမေရိကန်၏ ပြစ်ဒဏ်ခတ် အရေးယူရေးမှာ ကမ္ဘာကြီးကို ဗိုလ်ကျလွှမ်းမိုးနိုင်ရေးအတွက် တိုင်းပြည်များ၏ အချုပ်အခြာအာဏာပိုင်ခွင့်၊ လွတ်လပ်ခွင့်တို့ကို ချိုးဖောက်ပြီး စွက်ဖက်ကျူးကျော်လိုသည့် သဘောထား ပါရှိနေသဖြင့် ကမ္ဘာ့နိုင်ငံအများစုက ဆန့်ကျင်ကန့်ကွက်နေကြပါသည်။ ဤအန္တရာယ်ကို ဂရုတစိုက် စောင့်ကြည့်နေကြပါသည်။ ဤအချိန်မျိုးတွင် ကျွန်တော်တို့က ဤအန္တရာယ်ကိုလည်း တဖက်က သတိရှိနေသင့်ပါသည်။ မိမိတိုင်းပြည်၏ အကျိုးစီးပွားသာလျှင် ထာဝရ အကျိုးစီးပွား ဖြစ်ပါသည်။

( ၅ )

အီရန်၊ လစ်ဗျား၊ ကျူးဘားနိုင်ငံတို့၏ အခြေအနေသည် ဗမာပြည် အခြေအနေနှင့် ထပ်တူကျနေသည် မဟုတ်ပါ။

အမေရိကန်က ဗမာပြည်အပေါ်ထားသော သဘောထားမှာလည်း အီရန်၊ လစ်ဗျား၊ ကျူးဘားနိုင်ငံတို့အပေါ်ထားသော သဘောထားနှင့်ထပ်တူ မဟုတ်ပါ။ သို့ရာတွင် ကမ္ဘာ့နိုင်ငံအားလုံးအပေါ် အမေရိကန်ကထားသော သဘောထားမှာ အခြေခံတခုတည်းသာ ဖြစ်ပါသည်။ အမေရိကန်ဦးဆောင်သော ကမ္ဘာ့စနစ်သစ်အောက်တွင် ကမ္ဘာ့နိုင်ငံအားလုံး နာခံနေထိုင်ကြရန်သာ ဖြစ်ပါသည်။

ဗမာပြည်ပြည်သူတို့၏ မျက်မှောက်ဦးတည်ချက်မှာ ဒီမိုကရေစီရေး အောင်ပွဲခံနိုင်စေဖို့ ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး ဖြစ်ပါသည်။ ဤမျက်မှောက် ဦးတည်ချက် အောင်မြင်ရေးအတွက် ပြည်ပတွန်းအားကို အခြေခံအားဖြင့် မပစ်ပယ်သော်လည်း ပွဲလှန့်ဖျာခင်း သဘောမျိုးနှင့် ပြည်တွင်းရေး ဝင်စွက်ခြင်းမျိုးကား လက်ခံ၍မဖြစ်ပါ။ "ဘွန္တွေ့ကြက်သူခိုး" ကရွာတန်းရှည်လှည့်ပြီး ကြေးစည်သံပေးနေသည့် နည်းမျိုးဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကြွေးကြော်ပြီး အသံကောင်း ဟစ်နေတိုင်းလည်း မျက်စိမှိတ်ယုံ၍ မဖြစ်ပါ။

နိုင်ငံတကာကိစ္စများတွင် ပါးစပ်ကြွေးကြော်သံထက် လက်တွေ့လုပ်ရပ်ကို ကြည့်ကြရပါမည်။ အပေါ်ယံသဏ္ဍာန်ထက် အနှစ်သာရကို နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ကြည့်ရန် လိုပါသည်။ သို့မှသာ ကျားကြောက်၍ ရှင်ကြီးကိုး – ရှင်ကြီးကျားထက်ဆိုးသော အဖြစ်မျိုးကို ရှောင်ရှားနိုင်ပါလိမ့်မည်။ မိမိတိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကိုသာ ဦးထိပ်ထားပြီး လုပ်ဆောင်ကြရပါမည်။ စစ်အေးခေတ် ပြီးဆုံးခြင်းသည် ကမ္ဘာကြီး ထာဝစဉ် ငြိမ်းချမ်းသောခေတ်သို့ ရောက်ခြင်း မဟုတ်ပါ။ အရာရာကို မိမိတိုင်းပြည်၏ အကျိုးစီးပွားအပေါ် အခြေခံနိုင်မှ တော်ရုံကျပါလိမ့်မည်။

( ၆ )

ဝါဆောဒီမိုကရေစီရေးရာ ညီလာခံ အပြီးတွင် ပေါ်ထွက်လာသော 'ပြင်သစ်နိုင်ငံ၏ ထုတ်ပြန်ကြေညာချက်' တွင်မူ စီးပွားရေးဆိုင်ရာ ပြစ်ဒဏ်ခတ်ရေးနှင့် ပတ်သက်၍ ဘွင်းဘွင်းပြောထားပါသည်။ ဗမာပြည်အား စီးပွားရေးဆိုင်ရာ ပြစ်ဒဏ်ခတ် အရေးယူရေးကို ပြင်သစ်နိုင်ငံက လုပ်မည်မဟုတ် – ဟူသော အဓိပ္ပာယ်ပါရှိပါသည်။ သူသည်လည်း ပြစ်ဒဏ်ခတ် အရေးယူမှု လုပ်–မလုပ်ဆိုသည်ကို သူ့ကိုယ်ကျိုးစီးပွားအပေါ် မူတည်ပြီး ဆုံးဖြတ်ခြင်းပါ။

ပြင်သစ်နိုင်ငံက သူ့ထုတ်ပြန်ကြေညာချက်သည် အမေရိကန်အစိုးရအား ဝေဖန်ပြစ်တင်နေခြင်းမဟုတ်ဟု ဆိုသော်လည်း ဝေဖန်ပြစ်တင်ခြင်းထက် ပိုဆိုးပါသည်။ အမေရိကန်၏ တခုတည်းသော ဝင်ရိုးစွန်းရှိသည့် ကမ္ဘာစနစ်ကို ဆန့်ကျင်လိုက်ခြင်း တနည်းဆိုလျှင် အမေရိကန်၏ အရင်းခံရည်ရွယ်ချက်ကို ဆန့်ကျင်တိုက်ခိုက် လိုက်ခြင်း ဖြစ်ပါသည်။ တိုင်းပြည်တခုတွင် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရေးသည် သူ့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်၍ ပြည်ပမှ တွန်းအားပေးနေရန်မဟုတ်ဆိုသော အဓိပ္ပာယ်လည်း ယင်းထုတ်ပြန်ကြေညာချက်တွင် ပါရှိနေသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြပြီး အမေရိကန်၏ အခြားတိုင်းပြည်များအား ဝင်ရောက်စွက်ဖက်ရေး ပေါ်လစီကျင့်သုံးနေခြင်းကို ဆန့်ကျင်လိုက်ခြင်း ဖြစ်ပါသည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်သည် အမေရိကန်နှင့် သူ့မဟာမိတ်တို့ အကြားမှ ပဋိပက္ခကို ဖွင့်လှစ်ပြသနေသည်။ 'တခုတည်းသော ဝင်ရိုးစွန်းကမ္ဘာ့စနစ် ဖြစ်ရေးကြိုးပမ်းမှု' နှင့် 'ဝင်ရိုးစွန်း အများအပြားရှိသော ကမ္ဘာ့စနစ်ဖြစ်ရေး ကြိုးပမ်းမှု' တို့အကြားမှ ပဋိပက္ခကိုလည်း ထင်ဟပ်ပြနေသည်။

ပြင်သစ်အစိုးရ၏ အယူအဆမှာ – ဒီမိုကရေစီရေး ကြိုးပမ်းသော အင်အားစုများ အနေဖြင့် မိမိပြည်တွင်းမှ နိုင်ငံရေး ပြဿနာများကို ဖြေရှင်းရင်း တဖြည်းဖြည်းချင်း ဒီမိုကရေစီ စနစ်ဆီသို့ ကူးပြောင်းရေး ဖြစ်သည်။ ဤသည်မှာ အရင်းရှင်နိုင်ငံ၊ နယ်ချဲ့နိုင်ငံတို့၏ ဆန္ဒသဘောထားမှန်ကို အရင်းခံအတိုင်း ဖော်ပြလိုက်ခြင်းပါ။ သူတို့သည် ဒီမိုကရေစီအောင်ပွဲအတွက် အကြမ်းဖက်ဖိနှိပ်မှုကို အကြမ်းဖက် တွန်းလှန်သော နည်းဖြင့် ပြည်သူလူထုကြီးကိုယ်တိုင် အစိုးရ အပြောင်းအလဲ လုပ်မည်ကို မလိုလားပါ။ ဤအချက်တွင် အမေရိကန်အစိုးရရော၊ ပြင်သစ်အစိုးရပါ သဘောထား တူညီကြပါသည်။ အမေရိကန်ကလည်း တော်လှန်ရေး နည်းလမ်းမဟုတ်သော နည်းလမ်းဖြင့် သူ့ကို နာခံမည့် အစိုးရတရပ် ငြိမ်းငြိမ်းချမ်းချမ်း ပေါ်ပေါက်လာရေးကိုသာ ဖြစ်စေချင်ပါသည်။ "ငှက်ပျောသီးကျွေးရေး" ပေါ်လစီမှာ ထိုငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရေးဆန္ဒအရ ချမှတ်ခြင်း ဖြစ်ပါသည်။ အမေရိကန်၊ ဥရောပနည်းမှာ ပြောင်ကျလွန်းသဖြင့် တဖက်သားကို စော်ကားသလို ဖြစ်သွားပါသည်။ စစ်အုပ်စု အတော်ကြီး ရှက်သွားပါသည်။ "ငှက်ပျောသီး ကျွေးပြီး အကခိုင်း"သလို ခံစားသွားရ၍ ရှက်ရမ်းရမ်းပြီး ငြင်းဆန်ပါသည်။ ထိုအခါ ဂျပန်ဝင်လာကာ မျက်နှာမပျက်စေဘဲ တပည့်မွေးနိုင်သည့် အာရှနည်းကို ကျင့်သုံးပါသည်။ ဖြုန်းစားကြီး အာရှတိုက်နှင့် နီးစပ်ချင်လာသော ဩစတြေးလျကလည်း နည်းတမျိုး စမ်းသပ်ပါသည်။ အမေရိက၊ ဥရောပနှင့် ချက်ကြိုးဆက်နေသဖြင့် ဩစတြေးလျနည်းမှာ အောင်မြင်ဘွယ် မရှိပါ။ ဂျပန်လိုလည်း စီးပွားရေးမတောင့်၊ ငွေအိတ်မဖောင်းပါ။

ဂျပန်၏နည်းကို အမေရိကန်က မကန့်ကွက်ပါ။ "တုတ်ပစ်၍ ရရ၊ ခွေးကိုက်၍ ရရ" ရတာပဓာနဟု သဘောထားပါသည်။ ဂျပန်မှာ အမေရိကန် ထီးရိပ်အောက်မှ တိုင်းပြည်။ အမေရိကန်၏ ကျေးဇူးကြောင့် စီးပွားရေး အင်အားကြီးနိုင်ငံ ဖြစ်ခဲ့ပြီး ယခုလည်း စစ်အင်အားကြီးနိုင်ငံဖြစ်ရေးကို အမေရိကန် ထီးရိပ်အောက်ခိုကာ ကြိုးပမ်းနေသည့် နိုင်ငံ မဟုတ်ပါလော။

ဗမာပြည်သည် ၁၉ ရာစု ကုန်ခါနီးတွင် စစ်လမ်းပေါ်ရောက်နေသဖြင့် အင်္ဂလိပ်ကိုလိုနီ ဖြစ်ခဲ့ပါသည်။ နှစ် ၁၀၀ ကျွန်ဖြစ်ခဲ့ရပါသည်။ ၂၀ ရာစု ပထမနှစ် ၅၀ ပိုင်းတွင် စစ်လမ်းကျပြန်၍ ဂျပန့်အောက် ရောက်ခဲ့ပါသည်။ ၃ နှစ် ဖက်ဆစ်ကျွန်ဘဝ ရောက်ပါသည်။

၂၁ ရာစုတွင် စစ်လမ်းအကျခံ၍ မဖြစ်ပါ။ ဗမာပြည်၏ ဝန်းကျင်တွင် တည်ငြိမ်ပြီး ငြိမ်းချမ်းနေမှ၊ စစ်ရာသီဥတုနှင့် စစ်အခြေအနေ မပေါ်ပေါက်ပါမှ စစ်လမ်းဘဝ ကျရောက်ခြင်းမှ ကင်းဝေးပါလိမ့်မည်။ အုပ်စိုးသူများက အမြင်တိုပြီး တနပ်စား အကျင့်အကြံများအရ လုပ်နေလျှင် ဒုက္ခတွေ့နိုင်ပါသည်။

အုပ်စိုးသူများ၏ အမြင်တိုမှု တနပ်စားကြံမှုကြောင့် စစ်လမ်းကျသွားလျှင် တော်တော်နှင့် လွတ်ကိန်းမမြင်ပါ။ ရာစုနှစ်နှင့်ချီ၍ ကျွန်ဖြစ်ရပါလိမ့်မည်။

အမြင်တိုမှုဖြစ်စေ၊ တနပ်စားကြံမှုဖြစ်စေ အရင်းခံမှာ စစ်အုပ်စု အာဏာတည်မြဲရေး ဖြစ်ပါသည်။ စစ်အုပ်စုသည် အာဏာ တည်မြဲရေးအတွက် ပြည်တွင်းနိုင်ငံရေးခွင်တွင် တနပ်စားအကျင့်အကြံ

အမြောက်အမြား လုပ်ဖူးပါသည်။ အောင်မြင်သည့်အခါလည်းရှိ၊ ဒုက္ခတွေ့သည့်အခါလည်းကြုံ ဖြစ်ဖူးပါသည်။ ပြည်တွင်းနိုင်ငံရေးခွင်တွင် ကစားခြင်းဖြစ်၍ ပြုလွယ်၊ ပြင်လွယ် ရှိနိုင်ပါသည်။ နိုင်ငံတကာ့ခွင်တွင် ကစားရာ၌ တကွက်မှားလျှင်ကား ပြင်မရသောအမှား ဖြစ်သွားပါလိမ့်မည်။

( ၇ )

ကွန်မြူနစ်များသည် ငြိမ်းချမ်းသောနည်းဖြင့် ဒီမိုကရေစီအရေးတော်ပုံ အောင်ပွဲခံသည်ကို မြင်တွေ့လိုပါသည်။ သို့ရာတွင် ‘အုပ်စိုးသူများက လက်နက်ဖြင့် အကြမ်းဖက် ဖိနှိပ်နေပါက အုပ်စိုးခံများအနေနှင့် လက်နက်ဖြင့် အကြမ်းဖက်ခုခံတော်လှန်ခြင်းသည် တရားသည် ’ဟု ကွန်မြူနစ်များက အတိအလင်း ထုတ်ဖော်ကြေညာထားပြီး ဖြစ်ပါသည်။ နအဖ က “ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ပြည်တွင်းပြဿနာများ ဖြေရှင်းရေးလမ်းကြောင်း” ကို တဖက်သတ် ပိတ်ပစ်လိုက်ပါက အကြမ်းဖက်ရေးလမ်းကြောင်းကို ပြည်သူများ ရွေးချယ်ခွင့်ရှိသည်ဟု ယူဆပါသည်။

ပြည်သူလူထုက ဆန္ဒမဲဖြင့် အခွင့်အာဏာပေးထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား မတရားသင်းကြေညာမည်ဆိုပါက ယင်းလုပ်ရပ်သည် ပြည်သူ့ဆန္ဒအား အပြီးအပိုင် ချေမှုန်းလိုက်ကာ မျှော်လင့်ချက်မဲ့စေခြင်း ဖြစ်ပါသည်။ ထိုသို့လုပ်ပါက ပြည်တွင်းနိုင်ငံရေးပြဿနာများအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေးလမ်းကြောင်းကို နအဖက ယတိပြတ် ပိတ်ပစ်လိုက်ပြီဟူ၍သာ ယူဆရပါတော့မည်။

**“ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရှိမရှိဟာ အမေရိကန်နယ်ချဲ့မားအဖို့ အဓိကစံမဟုတ်ပါဘူး။ နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုကို ဆန့်ကျင်ရေး လုပ်မလုပ်သာလျှင် စံဖြစ်ပါတယ်။**

**ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရှိမရှိဟာ စံဖြစ်ခဲ့ရင် အလယ်အမေရိကနဲ့ တောင်အမေရိကမှာရှိတဲ့ စစ်အစိုးရတွေ သက်ဆိုးရှည်ဖို့ မမြင်ပါဘူး။ ဒီစစ်အာဏာရှင်တွေလောက် ဘယ်စစ်အစိုးရမှ ဒီ ၂ ခုကို ချိုးဖောက်တာ မရှိပါဘူး။ ဒါပေမဲ့ ဒီစစ်အာဏာရှင်တွေကို အမေရိကန်နယ်ချဲ့က ‘ ဒို့လူတွေ ’ နဲ့ ‘ ဘက်တော်သားတွေ ’ အဖြစ် ပြုစုပျိုးထောင်ပေးကြပါတယ်။**

**ပြည်သူများအနေနဲ့ ထင်ယောင်မှားကာ၊ နယ်ချဲ့အပေါ်မှာ စိတ်ကူးယဉ်မှု ထပ်ပြီးမဖြစ်မိကြဖို့ လိုပါတယ်။ ဗမာပြည်ရဲ့သမိုင်းမှာ ဒါမျိုးကို ပြင်သစ်လဲ လုပ်ခဲ့တယ်။ အင်္ဂလိပ်လုပ်ခဲ့တယ်။ ဂျပန်လဲ လုပ်ခဲ့တယ်။ အခုတော့ အမေရိကန်က လုပ်နေတယ်။ ဒီသမိုင်းသင်ခန်းစာတွေကို မမေ့ကြဖို့ လိုပါတယ်။ ”**

**အထွေထွေအတွင်းရေးမှူး ( ယာယီ ) ၏ နိုင်ငံရေးအစီရင်ခံစာ၊ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ ( ၁၅ ) ရက်။**

# ထိုးသားများများရအောင်လုပ်နေတဲ့

# ဒိုင်ချုပ်

ထီဆိုတာ အစိုးရအသိအမှတ်ပြု လောင်းကစားပွဲတမျိုး ဖြစ်တယ်လို့ မြန်မာ့စွယ်စုံကျမ်းထဲမှာ တိတိကျကျ ဆိုထားတာ တွေ့ရပါတယ်။ ဒါကိုကျွန်တော်တို့ လက်ခံတယ်။

စစ်အစိုးရအနေနဲ့ အကဲဆတ်တဲ့ ကိစ္စ အတော်များများ ရှိပါတယ်။ ထိလိုက်တို့ လိုက်ရင် ရှူးရှူးရှဲရှဲနဲ့ ငရုတ်သီးစပ်ကုန်ကြတာ တွေ့ရလေ့ရှိတယ်။

နိုင်ငံရေးဘက်မှာ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ် (စစ်အုပ်စု အာဏာစွန့်ရမှာဖြစ်လို့ )

အမျိုးသားညီလာခံကိစ္စ (စစ်တပ်က ထာဝရအာဏာ ဆုပ်ကိုင်ဖို့ )

အလားတူ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိစ္စတွေကိုလည်း အပြောမခံပါဘူး။

စီးပွားရေးဘက်မှာ ပြည်သူတွေကို အခမဲ့ အလုပ်ခိုင်းစေခြင်းကိစ္စ (ကုန်ရမယ့်ဘတ်ဂျက် သက်သာနေလို့ )

နိုင်ငံခြားမှာ ဥပဒေမဲ့ အလုပ်လုပ်နေသူများ ပြန်ခေါ်ရေးကိစ္စ (မိမိကလည်း အလုပ်မပေးနိုင်၊ သူတို့ဆီကဝင်လာမယ့် နိုင်ငံခြားငွေတွေကြောင့် )

မူးယစ်ဆေးဝါးကိစ္စ (ဒါနဲ့ အသက်ဆက်နေရတာလို့ ဆိုကြ )

ကျပ်ငွေတန်ဖိုးချရေးကိစ္စ (ဦးနေဝင်းက သူ့တသက် ငွေတန်ဖိုးထပ်ချတာ မြင်မသွားချင်ဘူး ... ပြောလို့ ဆိုပဲ။)

စစ်ရေးဘက်မှာ ပေါ်တာဆွဲတဲ့ကိစ္စ၊ အကျဉ်းသားများ ရှေ့တန်းပို့တဲ့ ကိစ္စ၊ ရွာမီးရှို့၊ လူသတ်၊ အမျိုးသမီးများကို မဖွယ်မရာ ပြုကျင့်တဲ့ ကိစ္စတွေလည်း အတို့အထိ မခံပါ။ (ဒါတွေ မလုပ်ရရင် တပ်ပြိုကွဲသွားနိုင်တယ်လို့ ယူဆပုံရ )

လူမှုရေးဘက်ဖြစ်တဲ့ ပညာရေးမှာ တက္ကသိုလ်တွေ ပြန်ဖွင့်ရေးကိစ္စ (ကျောင်းသားတွေ ဆူမှာစိုးလို့ )

ရှိပြီးသား တက္ကသိုလ်နေရာတွေမှာ ကျောင်းတွေဖွင့်ဖို့၊ မြို့ပြင်တွေမထုတ်ဖို့ (ဒါမျိုး မပြောနဲ့ ကျန်းမာရေး ထိခိုက်သွားနိုင်တယ်)

ကျန်းမာရေးမှာ နိုင်ငံနဲ့ဒေသ ၁၉၁ ခုမှာ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအဆင့် နံပါတ် ၁၉၀ ရနေတဲ့ကိစ္စ (ဝန်ခံလိုက်ရင် ဂိုက်ပဲ့မှာရယ်၊ ကောင်းအောင်လုပ်ပေးရရင် ငွေကုန်မှာရယ်ကြောင့် )

အေအိုင်ဒီအက်စ်ကိစ္စ (ဝန်မခံနိုင်၊ သိက္ခာကျတယ်၊ ငွေကုန်မယ် )

ဆန္ဒက ဘယ်လိုပဲ ရှိပါစေ၊ အသေဆုပ်ထားတာတွေ ပြုတ်ပြုတ်ကျလာတာတွေ ရှိသလို၊ မျှင်းမျှင်းချင်း လျှော့လျှော့ပေးနေရတာတွေလည်း တွေ့လာရပါတယ်။

ဒီလိုအတို့အထိ မခံနိုင်တဲ့ ကိစ္စတွေထဲမှာ စစ်အစိုးရ အသက်ဆက်ရေးအတွက် အရေးပါပါ ဘဏ္ဍာငွေရှာပေးနေတဲ့ အောင်ဘာလေထီကိစ္စလည်း ပါနေပါတယ်။ အောင်ဘာလေထီနဲ့ လစဉ်လစဉ် လူတွေအလုပ်ရှုပ်အောင် ဖမ်းစားထားတာ တွေ့ရလို့ ထီကိစ္စကို ကျွန်တော်တို့ စိတ်ဝင်စားမိပါတယ်။

## ‘ထီ’ ကြောင့်ဒုက္ခရောက်ရတဲ့ ရတနာပုံ။

ဗမာပြည် ထီသမိုင်းကို ပြန်လှန်လှောကြည့်တဲ့အခါ ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် သီဘောဘုရင်လက်ထက်လို့ သွားတွေ့ပါတယ်။ ရည်ရွယ်ချက် အကြောင်းပြချက်ကတော့ သဘောကျချင်စရာပါ။ “သူဌေးအများပေါ်ပေါက်ရန် ” မှူးတော်မတ်တော်တို့ ညှိနှိုင်းတိုင်ပင်ပြီး လုပ်ကြသည်လို့ ဆိုပါတယ်။ စတင်ဖွင့်လှစ်တဲ့အချိန်က မြန်မာသက္ကရာဇ် ၁၂၄၀ ခု၊ တပေါင်းလမှာ ဖြစ်ပါတယ်။

လက်တွေ့မှာ အလုပ်မလုပ်ဘဲ သူဌေးဖြစ်ချင်သူတွေကများ၊ ထီရုံကလည်း တရုံတည်းဆိုတော့ ကြိတ်ကြိတ်တိုး စည်ကားလှတယ်လို့ သမိုင်းမှတ်တမ်းတချို့မှာ ဖော်ပြပါတယ်။ လက်မှတ်တစောင် ငွေ ၅ ကျပ်နှုန်းနဲ့ လက်မှတ်ပေါင်း ၁၂,၀၀၀ ရောင်းရလေတော့ ရောင်းရငွေပေါင်း ၆၀,၀၀၀ ကျပ်ရပါတယ်။ အခွန်နုတ်ယူတာက ၁၀,၀၀၀ ကျပ်ဆိုတော့ ရာခိုင်နှုန်းအားဖြင့် ၁၆.၆၇% သာရှိပါတယ်။

နောက်ပိုင်းမှာ ထီထိုးသူတွေ ပိုများလာလို့ ထီရုံ ၁၀ ရုံအထိ ဖွင့်လှစ်ရောင်းချကြရတယ်။ ထီရုံတရုံဟာ လက်မှတ်တစောင်ကို ၂ ကျပ်နှုန်းနဲ့ လက်မှတ်ပေါင်း ၆,၀၀၀ ရောင်းခွင့်ရှိတယ်။ ထီရုံတရုံ တလ ၁၀ ကြိမ်နှုန်း

ဖွင့်လို့ ၁၀ ရုံဆိုတော့ အကြိမ်ပေါင်း ၁၀၀ ဖွင့်ပါတယ်။ တကြိမ်လျှင် အခွန်ငွေအဖြစ် ၂,၀၀၀ ကျပ်ယူပါတယ်။ အကြိမ် ၁၀၀ ဖွင့်တာမို့ တလတလ ဘုရင့်ဘဏ္ဍာတော်ငွေဟာ ၂၀၀,၀၀၀ ကျပ် ဖြစ်လာတယ်။

အကျိုးဆက်အနေနဲ့ လူတွေဟာ အလုပ်မလုပ်ကြတော့ဘဲ 'ထီ ' ထဲမှာပဲ စိတ်ကရောက်ကုန်တယ်။ ပြုပြယ်ဆောင်ဖွယ်တွေလဲ မဆောင်ရွက်နိုင်၊ စီးပွားရေးကလည်း ဆုတ်ယုတ်လာ၊ ကြွေးတင်သူကတင်၊ အမှုအခင်းတွေပေါ်၊ တရားတပေါင်တွေဖြစ်ကြနဲ့ – အချင်းချင်းကြား ဆက်ဆံရေးတွေပျက်၊ စည်းလုံးညီညွတ်မှုမရှိ၊ ထထကြွကြွ လုံ့လဥဿာဟလည်း နည်းကုန်ကြတယ်။ လူတော်တော်များများဟာ မိမိကိုယ်ကိုရောင်းပြီး ထီထိုးလာကြတာမို့ ကြွေးတင်ကျွန်ဖြစ်ကုန်တယ်။ ထီဖွင့်ချိန်က ၂ နှစ်နဲ့ ၁၀ လသာ ကြာပေလို့ တော်ပေတော့တယ်။ ဒါ့ထက်များ ကြာလိုက်ရင် ဘယ်အထိ ပြောင်းဆန်ကုန်မယ် မသိ။

ဒီနေရာမှာ အချိန်မီ လောဘဘရိတ်အုပ်နိုင်တဲ့ သီပေါဘုရင်ကို အသိအမှတ်ပြုကြရမယ် ထင်ပါတယ်။ လူတွေ အလွန်အမင်း ပျက်စီးလာတာကို တွေ့ရပြီး ထီလုပ်ငန်းကို ပိတ်ပစ်လိုက်ပါတယ်။ ဒါ့အပြင် ဆင်းရဲသားတွေအတွက် အချင်းချင်းယက်တင်နေတဲ့ ထီကြွေးငွေ ကျပ် ၂၀,၀၀၀ ကျော်ကိုလည်း ဘဏ္ဍာတိုက်က ထုတ်ပြီးပြန်ဆပ်စေပါတယ်။ ကြွေးတင်ကျွန်ဖြစ် နေသူတွေကိုလည်း ရွေးနုတ်ပြီး လွတ်လပ်ခွင့် ပေးတာတွေလည်း လုပ်ခဲ့တယ်။

သီပေါဘုရင်ကို ဘက်နှစ်ဘက် အမြင်က ကြည့်ဖို့တော့လိုမယ် ထင်ပါတယ်။ ထီစဖွင့်တာ သူ့မှာတာဝန် ရှိပါတယ်။ ဗမာလူမျိုးတွေအနေနဲ့ တဇာဖြစ်ဖြစ် လူပျင်းလူဖျင်းတွေ ဖြစ်စေခဲ့ပါတယ်။ နယ်ချဲ့က အကွက်ရှာပြီး (လက်ကျန် ) အထက်ဗမာပြည်ကို သိမ်းဖို့ချောင်းနေချိန်မို့ ပိုအရေးကြီးပါတယ်။ သူဖော်တဲ့ဆေး သူမနိုင်ဖြစ်သွားတာလည်း ပါပါတယ်။

သူ့ကို သမိုင်းမှာ 'လူညံ့ ' တယောက်အဖြစ် သမိုင်းဆရာ အဆက်ဆက်က မိတ်ဆက်ပေးခဲ့တာပါ။ ဒါပေမဲ့ 'ထီ ' ကိစ္စနဲ့ ပတ်သက်လို့ သူ့ရဲ့နောက်ပိုင်း ဆောင်ရွက်ချက်တွေ ကြည့်ရတာမှာ 'တာဝန်ယူစိတ် ' ရှိတာတော့ တွေ့ရပါမယ်။ ရာဇမျှ ဖားလာသိပ်၊ ငါးလာသိပ် မလုပ်တာ၊ ကိုယ့်နိုင်ငံသားတွေ ကြွေးတင်ကျွန်ဖြစ်တာကို ကိုယ့်ငွေနဲ့ ရွေးနုတ် လွတ်လပ်ခွင့်ပေးတာစတဲ့ အချက်တွေကတော့ သဘောကျချင်စရာပါ။

သီပေါဘုရင် စွန့်လွှတ်လိုက်တဲ့ 'ထီ ' ကို အင်္ဂလိပ် နယ်ချဲ့အစိုးရက ၁၉၃၈ ခုနှစ်မှာ ပြန်လည်ဖွင့်လှစ်ပါတယ်။ တစောင် ၂ ကျပ်နှုန်းနဲ့ တနှစ်ကို ၄ ကြိမ် ဖွင့်ပါတယ်။

### ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ် ထီများမှ ––သည်။

၄၈ ခု လွတ်လပ်ရေး နောက်ပိုင်း ကာလများမှာ ၃ လတကြိမ်၊ နောက် ၂ လတကြိမ်ဖွင့်တဲ့ ဖြိတ်သျှအမွေ အစိုးရအောင်ဘာလေ သိန်းထီဆိုတာ ဆက်ဖွင့်ပါတယ်။ လက်မှတ်တစောင်ကို ၂ ကျပ်နှုန်းပဲ သတ်မှတ်ပါတယ်။ ထီထိုးသူက သတ်မှတ်ဈေးထက် ငွေပိုပေးရတာ မရှိပါ။ အဲဒီခေတ် အနိမ့်ဆုံး အစိုးရအမှုထမ်း တယောက်ရဲ့ လစာငွေက ၈၂ ကျပ် ဖြစ်ပါတယ်။ ထီတစောင်ရဲ့ တန်ဖိုးဟာ လစာရဲ့ ၁.၆၄% သာ ရှိပါတယ်။ တစောင်၊ နှစ်စောင်ထက်လည်း ပိုမထိုးကြပါ။ ဒါကြောင့် စီးပွားရေးအရလည်း မထိခိုက်လှပါ။

လွတ်လပ်ရေးခေတ် တချို့ခရိုင်မြို့များမှာ ဒေသအစိုးရက ဦးစီးပြီး 'လွတ်လပ်ရေး ကျောက်တိုင်' စိုက်ထူဖို့ သောင်းထီဆိုတာမျိုး ဖွင့်ကြပါတယ်။ တစောင်ကို တကျပ်နှုန်းနဲ့ ရောင်းပါတယ်။ ကိုယ်တိုက်ယူထားရတဲ့ လွတ်လပ်ရေးကို အထိမ်းအမှတ်ပြုရတဲ့ ကိစ္စဖြစ်လို့ မုန့်ဖိုးပဲဖိုးထဲက ထုတ်ပြီး ပျော်ပျော်ကြီး ထိုးခဲ့ကြပါတယ်။ ငွေခွဲတာမျိုး၊ မလှူမနေရ ငွေကောက်ခံတာမျိုး မဟုတ်လေတော့ စိတ်အနှောင်အဖွဲ့ ကင်းပါတယ်။ မထိုးလို့လည်း ဘယ်သူကမှလာပြီး စွဲချက်တင်နေမှာ မဟုတ်ပါဘူး။ ပေါ်တာဆွဲခံရမယ့် ကာလလည်း မဟုတ်သေးပါဘူး။

### ထီမှ ပူးလ် ( မှန်းတွဲပွဲ )

စစ်တပ်အိမ်စောင့် အစိုးရခေတ်မှာ ကျတော့ နည်းနည်းကဲလာပါတယ်။ 'ထီ ' နဲ့တင် ရပ်မနေပါဘူး။ ကြံ့ခိုင်ရေး အားကစားကွင်းတွေ ဖွင့်ဖို့လိုတယ်၊ ရန်ပုံငွေလိုတယ်ဆိုကာ ဘောလုံးပွဲတွေ စီစဉ်ပြီး အကန်နိုင်းပါတယ်။ 'ပူးလ်' လက်မှတ်တွေ ရောင်းပါတယ်။ ပွဲစဉ်တွေမှာ ဘယ်အသင်းက ဘယ်အသင်းကို ဘယ်နဂိုး– ဘယ်နဂိုးနဲ့ နိုင်မယ်။ သို့မဟုတ် သရေကျမယ် – လို့ တွက်ချက်ပြီး 'ပူးလ်' တွဲရပါတယ်။ မှန်သူများရင် လျော်ကြေးနည်းနည်းရပြီး၊ မှန်သူနည်းရင် များများပြန်ရပါတယ်။ သူတို့က ရောင်းရသမျှငွေပေါ်က (ထီမှာ ကောက်တဲ့အတိုင်း) ၄၀% အခွန်ကောက်ပါတယ်။

မြေလတ်ပိုင်း တံခွန်စိုက်ဒိုင်းလို အသင်း ၂၀ ပတ်ဝန်းကျင် ယှဉ်ပြိုင်တဲ့ ဗိုလ်လုပွဲများဆိုရင် ရတဲ့အကောက်ခွန်ဟာ မနည်းလှပါဘူး။ ဒီလိုနဲ့ ခရိုင်ကြံ့ခိုင်ရေးကွင်းသစ် တချို့ ပေါ်လာပါတယ်။ ကိုယ့်မြို့ကိုယ့်ဒေသအတွက် ကစားကွင်းရတာပေါ့လေလို့ မြေမယ်ဆိုရင် ဖြေသာသေးတယ်။ ––ထားပါ၊ ပြဿနာက လူထုထဲမှာ၊ လူငယ်တွေကြားမှာ (တရားဝင်) လောင်းကစား စိတ်ဓာတ်အမြစ်တွယ်သွားစေတာပါပဲ။

အားကစားကွင်း ကိစ္စတင်မက အားကစားရန်ပုံငွေအတွက် အကြောင်းပြပြီး နောက်ပွဲတွေမှာလည်း 'ပူးလ်' ကိစ္စကြီးက ဆက်ရှိနေပါတယ်။ လွယ်လွယ်နဲ့ ငွေရတဲ့ကိစ္စ လက်မလွှတ်တတ်တဲ့ အကျင့်ဆိုတာ ဖျောက်ရအခက်သားကလား။

ဒီလိုနဲ့ဈေးသည်တွေကလည်း ဈေးမရောင်းနိုင် ပူးလ်တွဲကြပါတယ်။ စာမတတ်ပေမတတ်၊ ဘောလုံးပွဲ မကြည့်တတ်တဲ့ ကုန်စိမ်းသည် အမျိုးသမီးများတောင် သား၊ တူ၊ မောင် ကျောင်းသားတွေ အကူအညီနဲ့ ပူးလ်တွဲခဲ့ကြတာပါ။ ကျောင်းဆရာ ( တချို့ ) လည်း စာမသင်နိုင် (ကြိတ်ပြီး) ပူးလ်တွဲကြပါတယ်။ အစိုးရအမှုထမ်းအရာထမ်းတွေသာမက ငွေလွယ်တဲ့ ကျောင်းသားတချို့လည်း လုပ်လာကြပါတယ်။ အနည်းဆုံး စာသင်ရင်း စိတ်က အဲဒီဘက်ရောက်နေတတ်ကြတယ်။ နေအကျဘက်ရောက်လေ – ရောဂါတက်လေပါပဲ။ သိပ်မထိခိုက်လှဘူး ပြောလို့ရတဲ့ ကျေးလက်တွေတောင်မှ မြို့နဲ့နီးတဲ့ရွာတွေ ဒီရောဂါမလွတ်ပါဘူး။ "ကျေးရွာအဆုံး တပြည်လုံး ဘောလုံးကစားကြသည်" ဆောင်ပုဒ်အစား ' ကျေးရွာအဆုံး ဘောလုံးလောင်းကြသည် 'ဖြစ်လာပါတယ်။

တခါမှာတော့ ခရိုင်မြို့ အထက်တန်းကျောင်း တကျောင်းမှာ ထူးထူးဆန်းဆန်း အဖြစ်တခု ဖြစ်ခဲ့ပါတယ်။ ခရိုင်ပထမတန်း ပတ်လည်ဘောလုံးပြိုင်ပွဲမှာ ကျောင်း (က) သင်းနဲ့ ကျောင်း (ခ )သင်း ကန်ကြရမယ့် အလှည့်ရောက်လာတယ်။ ကျောင်းကော်မတီက ကျောင်းရန်ပုံငွေအတွက် ငွေလိုချင်နေ

တယ်။ အားကစား (ကာယ) ဆရာရယ်၊ ဘောလုံးကန်မယ့် ကျောင်းသားတွေရယ်ပဲ ကြိတ်ပြီး စီမံကိန်းတခု ရေးဆွဲစေပါတယ်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကျောင်း (ခ) အသင်းက ကျောင်း (က) အသင်းကို ၁၂ ဂိုး – ၁ ဂိုးနဲ့ နိုင်အောင်ကန်ရမယ်လို့ သတ်မှတ်လိုက်ကြတယ်။ ဒီဂိုးအရေအတွက်အတိုင်း ကာယဆရာတဦးပဲ ပူးလ်တွဲဖို့ တာဝန်ယူရတယ်။ ဒါပေမဲ့ ပွဲပြီးသွားတဲ့အခါ ပေါက်တဲ့လက်မှတ်က ၂ စောင်ဖြစ်နေပါတော့တယ်။ တယောက်ယောက်ကဖောက်တာ သေချာနေပြီပေါ့။ ကျန်တစောင် ငွေလာထုတ်မယ့်သူကို ရိုက်ဖို့ ကျောင်းသားတချို့ စောင့်နေပေမယ့် ထုတ်မယ့်သူ မရှိခဲ့ပါဘူး။

'ပူးလ်' တွဲတာအပြင် တဦးချင်းလောင်းကြတာလည်း အနံ့အပြားပါ။

ဒါကြောင့်လည်း ပွဲကောင်းကောင်းမကောင်းကောင်း ဘောလုံးပွဲတွေကတော့ လူစည်ကားမြဲ စည်ကားနေပါတယ်။ အဝေးကလာကန်တဲ့ အသင်းတွေက အရှုံးပေး – ငွေစားပြန်တာ၊ တဖက်အသင်းခြေကြည့်ပြီး ပူးလ်တွဲ ငွေထုတ်ပြန်ကြတာ၊ ထိုးကြရိုက်ကြတာစတဲ့ သတင်းတွေ လှိုင်လှိုင်ပြန့်လာပါတယ်။

ဒီလိုနဲ့ အားကစားစိတ်ဓာတ်ပျက်စီးသွားလိုက်တာ ဘောလုံးပွဲတွေရဲ့ သဘာဝ – တောင်နဲ့မြောက် ကန်ရတဲ့ ဘောလုံးပွဲအစား အရှေ့နဲ့အနောက် ကန်ကြတဲ့ပွဲ၊ သူများဘက် ရှုံးရမယ့်အစား ကိုယ့်ဂိုးကိုယ် ပြန်သွင်းတဲ့ပွဲတွေ များလာပါတယ်။

<u>စစ်အစိုးရခေတ် အဆက်ဆက် ထီ။</u>

'ထီ ' လုပ်ငန်းကို သမ္မာအာဇီဝလို့ ပြောတတ်ကြပါတယ်။ ကံစမ်းတာပဲ၊ ကိုယ့်ကံရှိရင် ပေါက်မှာပဲဆိုပြီး မမြင်ရတဲ့ ကံအပေါ် ယုံပြီး ပုံထားလိုက်တတ်ကြတယ်။ ဒါက ထီထိုးသူတွေဘက်က ရပ်တည်ချက်ပါ။ သူတို့မှာ အပြစ်မရှိပါဘူး။

'ထီ ' ဖွင့်သူဘက်မှာ ကြည့်ပြန်တော့ ဘယ်လိုမှမရှုံးတဲ့၊ သေချာပေါက် အမြတ်ထွက်တဲ့ လုပ်ငန်းပါ။ ငွေကျပ် ၁၀၀ ဖိုးရောင်းရတိုင်း ငွေ ၄၀ ကျပ် နုတ်ယူထားပါတယ်။ ကုန်ကျစရိတ် တွက်ရာမှာ ရာခိုင်နှုန်းတော်တော်များများ သုံးရတဲ့ဒီခေတ် 'ကြော်ငြာ' စရိတ် မသုံးရသလောက် နည်းပါတယ်။ ရေနံသူဌေးတွေကမှ ထုတ်လုပ်စရိတ်တွေ အများကြီး သုံးရပါသေးတယ်။ 'ထီ ' မှာတော့ ကုန်ကျစရိတ် သိပ်မရှိလှပါ။ နောက်တခုက အချိန်လည်း များများစောင့်ရတာ မဟုတ်ပါဘူး။ တလပဲ ကြာပါတယ်။

'ထီ' လုပ်ငန်းဆိုတာ ကမ္ဘာမှာ ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ ဗမာပြည်မှာလို တကယ့်ကို ကြီးမားတဲ့ စီးပွားရေးလုပ်ငန်း၊ အစိုးရဘတ်ဂျက်မှာ အခွန်ငွေ ရာခိုင်နှုန်း အတော်များများ နေရာယူထားတဲ့ နိုင်ငံကတော့ ရှားပါလိမ့်မယ်။

တလတကြိမ် ထီစောင်ရေ ၂၄ သန်းခွဲဖိုးလောက် ရောင်းရပါတယ်။ တိုင်းပြည်မှာ လူနှစ်ယောက်ရှိတိုင်း တယောက်က ထီထိုးတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ တအိမ်ထောင် လူငါးယောက်နှုန်းနဲ့တွက်ရင် အိမ်တိုင်းထီလက်မှတ် နှစ်စောင်နှုန်းကျော်ကျော် ထိုးကြတဲ့နှုန်းပါ။

<u>'ထီ'ဘာကြောင့်ထိုးကြသလဲ။</u>

ဒါဟာ 'ထီ'လုပ်ငန်း ဘာ့ကြောင့် ကြီးထွားလာသလဲဆိုတဲ့ မေးခွန်းနဲ့ အတူတူပါပဲ။ အလုပ်မရှိကြလို့၊ ရှိတဲ့အလုပ်က မစားလောက်ကြလို့၊ ထွက်ပေါက်မရှိကြလို့ ကောက်ရိုးမျှင်ကို ဖမ်းဆွဲကြရတဲ့သူက အများစုပါ။ တချို့ကျတော့ ရှိတဲ့ငွေတွေနဲ့ မတင်းတိမ်နိုင်လို့ စီးပွားရေးလုပ်ငန်းအဖြစ် ကံစမ်းကြတာပါ။ တချို့က ထီပေါက်လို့ ချမ်းသာတယ်ဆိုတဲ့ နံမည်ခံချင်လို့ပါ။ ဒီအထဲမှာ ငွေမဲကိုငွေဖြူ လုပ်ချင်တဲ့သူတွေ ပါပါတယ်။ သူတို့ဟာ အနည်းစုဖြစ်ပေမယ့် ငွေရင်းပမာဏ များများသုံးကြသူတွေ ဖြစ်ပါတယ်။ မပေါက်ပေါက်အောင် ထိုးသူတွေလည်း ဖြစ်တယ်။ ကိုယ်မပေါက်ရင် ပေါက်တဲ့သူတွေကို တန်ကြေးထက်ပိုပေးပြီး ပေါက်လိုက်ကြတဲ့သူတွေပါ။ ဒီအထဲမှာ မူးယစ်ဆေးဝါးကရတဲ့ ငွေသာမက အာဏာ (လုပ်ပိုင်ခွင့်) နဲ့ရထားတဲ့ငွေတွေ၊ ဆက်ကြေးငွေ၊ ဝေစုငွေတွေကို 'ဖြူ' စေချင်တဲ့သူတွေ ပါပါတယ်။ ဒါကလည်း ထီလုပ်ငန်း ကြီးထွားလာစေတဲ့ အကြောင်းတခုပါ။

<u>'ထီ' ရောင်းရငွေများ။</u>

၂ ကျပ်တန်'ထီ'ဟာ ကိုလိုနီခေတ် ၁၉၃၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကနေ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ ၅၁ နှစ်တိုင် သက်တမ်းရှည်ခဲ့ပါတယ်။ နောက်ဆုံး ၁၀ စုနှစ်အတွင်းမှာတော့ ဈေးနှုန်းဟာ ၅ ကျပ်၊ ၁၀ ကျပ်၊ ၅၀ ကျပ် စသည်ဖြစ်လာတယ်။ ကုန်ဈေးနှုန်းနဲ့ အပြိုင်ပါ။ ရာခိုင်နှုန်းအားဖြင့် ၂၅၀၀% ပါ။ နဝတ – နအဖ သက်တမ်းအတွင်း ထီဈေး ၂၅ဆ တက်တယ်ဆိုတဲ့ သဘောပါပဲ။

ရောင်းရငွေ ကြည့်ပြန်တော့ ၁၀ နှစ်အတွင်း ၁၀ ဆကျော် တိုးလာပါတယ်။ ၁၉၈၉ – ၉၀ ဘဏ္ဍာနှစ်မှာ ကျပ်သန်းပေါင်း ၉၅၂.၅ ဖိုးသာ ရောင်းရပေမယ့် ၁၉၉၈ –၉၉ ဘဏ္ဍာနှစ်မှာ ကျပ်သန်းပေါင်း ၁၀,၅၆၀ အထိ ရောင်းရပါတယ်။

ရောင်းရငွေ သိပ်များလာ၊ ထီဈေးနှုန်းကလည်း တင်ထားတော့ ထုံးစံအတိုင်း ဆုငွေတွေကိုလည်း တိုးမြှင့်ပေးရပါတယ်။ အမြင့်ဆုံးဆု ၁ သိန်းကနေ ၃ သိန်း၊ နောက် ၅ သိန်း၊ နောက် ၁၀ သိန်း၊ ၉၆ –၉၇ ရောက်တော့ သိန်း ၅၀ ဆုဖြစ်သွားတယ်။ ၉၉ ခုနှစ်ကုန်ခါနီး ၁၃၀ ကြိမ်မြောက်ကစပြီး သိန်း ၁၀၀ ဖြစ်လာရာက သက္ကရာဇ် ၂၀၀၀ နှစ်ဝက်မှာတော့ သိန်း ၃၀၀ ဆု ဖြစ်လာပါတော့တယ်။ ဒါ့ကြောင့်ရောင်းရငွေတွေ ထပ်တက်သွားပါလိမ့်ဦးမယ်။

ကျွဲကူးရေပါ ထီခွန်ငွေတွေလည်း တရိပ်ရိပ်တိုးလာတာ တွေ့ရပါတယ်။ ၁၉၈၉ –၉၀ ဘဏ္ဍာနှစ်မှာ စစ်အစိုးရအနေနဲ့ အခွန်ငွေစုစုပေါင်း ကျပ်ငွေ ၅,၃၁၂ သန်းရရှိခဲ့တယ်။ ထီပေါ်ကရတဲ့ အခွန်ငွေက ၃၈၁ သန်းဆိုတော့ ရာခိုင်နှုန်းအားဖြင့် ၇% ကျော်ကျော်ရှိပါတယ်။ ၁၉၉၂ –၉၃ ကျတော့ အခွန်ငွေ စုစုပေါင်းရဲ့ ၁၂.၉% အထိ မြင့်တက်သွားပါတယ်။ ၁၉၉၈ –၉၉ ဘဏ္ဍာနှစ်မှာ ထီပေါ်မှရတဲ့ အခွန်ငွေပေါင်းဟာ ကျပ်သန်း ၄,၂၂၄ သန်းဖြစ်လာပါပြီ။ အတက်အကျ အနည်းအကျဉ်း ရှိပေမယ့် ၁၀ နှစ် စုစုပေါင်း ထီပေါ်မှရတဲ့ ဘဏ္ဍာငွေကို ပျမ်းမျှခြင်းလုပ်ယူလိုက်ရင် အခွန်ငွေ စုစုပေါင်းရဲ့ ၉.၈% လောက်ရှိနေပါတယ်။ ဒါကြောင့် 'ထီ'လုပ်ငန်းဟာ စစ်အစိုးရအတွက် မရှိမဖြစ်မိုးပါပဲ။ မပင်မပန်း ပြဿနာမရှိဘဲ ရွာချတဲ့ 'မိုး' မို့ တန်ဖိုးကြီးလှပါတယ်။ ဒါက ပေါ်ပေါ်ထင်ထင် တန်ဖိုးပါ။ နောက် ဒီတန်ဖိုးရဲ့အောက်မှာ လူတွေထီနောက် တတန်းလန်းလန်း လိုက်နေစေတဲ့၊ အာရုံရောက်နေစေတဲ့ တန်ဖိုး၊ ဘိန်းစွဲသလို စွဲနေစေတဲ့ တန်ဖိုးတွေလည်း ရှိပါသေးတယ်။ စစ်အစိုးရကတော့ ဒါကို နိုင်ငံရေးတန်ဖိုးအဖြစ် ပိုမြတ်နိုးပါလိမ့်မယ်။

<u>ဘေးထွက်အကျိုးကျေးဇူးများ။</u>

ဒီနေရာမှာ ဖြစ်နေတာတွေကို ထွေထွေပြားပြား ဖော်ပြချင်ပါတယ်။ ထီဟာ

လူနေမှုဘဝအတွင်း ကျယ်ကျယ်ပြန့်ပြန့် နေရာယူလာတော့ ထီလုပ်ငန်းအပေါ် အမှီပြုတဲ့သူတွေလည်း များလာပါတယ်။ စားကွက်စားလမ်း ပုံစံတွေလည်း ပြောင်းလိုက်လာပါတယ်။ စောစောပိုင်းမှာ ပင်စင်စားတွေနဲ့ ကျေးဇူးခံကျေးဇူးစား လူတချို့ကို ထီစာအုပ် ၁၀၀ –၂၀၀ စသဖြင့် ဝယ်ခွင့်ပါမစ်တွေ ပေးထားခဲ့ပါတယ်။ အပြိုင်လူမွေးသလို ဖြစ်လာတာရယ်၊ ကြေးတမ်းညှိလာတာတွေရယ်ကြောင့် ဈေးကွက်စီးပွားရေး မျက်နှာဖုံးအောက်မှာ ဒီစနစ်ကို ပယ်ဖျက်ပစ်လိုက်ပါတယ်။ ဝယ်ချင်သူဝယ်၊ ရောင်းချင်သူရောင်း စနစ်လုပ်ပါတယ်။ လက်တွေ့မှာ ဝယ်ချင်သလောက် ဝယ်မရကြပါဘူး။ လည်သူစားတမ်း ဖြစ်ကုန်ပါတယ်။

လူတွေက ဒုက္ခရောက်လေ – ထီကရောင်းမလောက်လေ ဖြစ်လာတော့ ထီဝယ်ရဖို့ကိုက ဒုလ္လဘဖြစ်လာတယ်။ ထီဆိုင်တွေက ဘဏ်မှာအပ်ထားတဲ့ ငွေစာရင်းပြပြီး အောင်ဘာလေ သိန်းဆုဌာနခွဲမှာ ထီစာအုပ်တွေ ဝယ်ရပါတယ်။ ဘဏ်ကထုတ်ပေးတဲ့ P.O (Payment Order) ပြပေမယ့် လိုသလောက်မရ၊ ရာခိုင်နှုန်းနဲ့ဖြတ်ချပြီး ရောင်းပေးသလောက်သာ ဝယ်ယူခွင့် ရကြပါတယ်။ အုပ် ၁၀၀ လျှောက်မှ ၅ အုပ်လောက်သာ ရောင်းပေးတာ ဖြစ်လာတယ်။ ဒါကြောင့် လိုချင်သလောက်ရအောင် ကိုယ့်မရှိတဲ့ငွေကို ဘဏ်တွေနဲ့ပေါင်းပြီး စာရင်းတွေပိုတင်ကြရတယ်။ စာရင်းပြပေးရုံနဲ့ ပုဂ္ဂလိကဘဏ်တွေ ပွပေါက်တိုးကုန်ပါတယ်။ ဒီတော့လည်း မခက်ပါဘူး။ ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်အောင် P.O ကို မြန်မာ့စီးပွားရေး ဘဏ်ခွဲ ၄၊ ၅၊ ၆၊ ကသာထုတ်ပေးဖို့ အမိန့်ချလိုက်ပါတယ်။

ထီထိုးတယ် ဆိုရာမှာလည်း အစောင် ၃၀ တတွဲ (တကတ်) ထိုးရင်ကို ငွေကထောင်ချီကုန်နေပြီ၊ ခုခေတ် ထိုးကြတာက ၁၀ ကတ်၊ ကတ် ၁၀၀ ဆိုတော့ ထီဖိုးငွေကိုက သောင်းသိန်းချီပြီး မရင်းလို့မရတော့ဘူး။ ဆင်းရဲသားများ ( အစုစပ်ကလွဲလို့ ) ကတ်လိုက် မထိုးနိုင်တာတော့ သေချာပါတယ်။ ထိုးတဲ့ထီလက်မှတ်ပေါင်း ၂၄,၅၀၀,၀၀၀ မှာ ပေါက်တဲ့သူက ၂၀,၀၀၀ မပြည့်ပါဘူး။ ထီပေါက်နိုင်ခြေဟာ ၁၄၂၆ စောင်မှာမှ ၁ ဆုပဲ ပေါက်နိုင်ပါတယ်။ ဆုသေး (၁သောင်း၊၂ သောင်းဆု) သာပေါက်လို့ ပေါက်ရှုံး ရှုံးတဲ့သူတွေကလည်း ရှိသေးတယ်။ အရင်းကျော်ကျော်၊ အရင်းလောက်သာ ရတဲ့သူတွေလည်း ရှိတယ်။ လက်မှတ်ပေါင်း ၂၄ သန်းခွဲလောက် ကိုင်ထားသူတိုင်း မက်ခဲ့ကြတဲ့ အိပ်မက်လှလှတွေကို လက်တွေ့ခံစားလိုက်ရသူ (မဟာကံထူးရှင်တို့၊ မဟာ့မဟာ ကံထူးရှင်တို့ ဆိုပြီး စလွယ်အချိတ်ခံသူ ) ဆိုတာကလည်း ၂၅ ဦးပဲရှိပါတယ်။

ဘယ်သူတွေ မြတ်လိုက်ကြသလဲ၊
ဘယ်သူတွေ ကံထူးလိုက်ကြသလဲ၊
ဘယ်လိုမြတ်တာလဲ ---

စသည်စဉ်းစားကြည့်ရင် အင်မတန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ စလွယ်အချိတ်ခံရသူတွေကိုတော့ တကယ်ကံထူးသူများအဖြစ် ယေဘုယျ သတ်မှတ်နိုင်ပါတယ်။ ဘယ်သူတွေ ဘယ်လိုမြတ်တာလဲ – အပိုင်းက ပိုစိတ်ဝင်စားဖို့ ကောင်းမယ်ထင်ပါတယ်။

ထီဆိုင်ပိုင်ရှင်တွေကိုတော့ အစိုးရကိုယ်တိုင်က ‘ဝိသမလောဘသား’ ဆိုင်းဘုတ် ပြောင်းချိတ်မပေးတော့ပါ။ စောင်းပါးရိပ်ခြေလောက်ပဲ လက်ညှိုးထိုးပြနေတာ တွေ့ရပါတယ်။ သူတို့တတွေအနေနဲ့ နံမည်ရှိရင် ရှိသလောက် အကျိုးရှိပါတယ်။ ဒါပေမဲ့ အရေအတွက် မများပါဘူး။ တချို့ စားနိုင်ရုံသောက်နိုင်ရုံပါ။ တချို့ ကြွေးကြေရုံပါ။ တချို့ လှုနိုင်တန်းနိုင်ရုံပါ။ နတ်ကတော်နဲ့ ဗေဒင်ဆရာတချို့လည်း အလုပ်ဖြစ်ကြပါတယ်။ လက်ချိုးရေတွက်လို့ ရပါတယ်။ ထီလုပ်ငန်းနဲ့ ပတ်သက်ပြီး အလုပ်ရနေသူ အများစုကတော့ မငတ်ရုံတမယ်က များပါတယ်။

တလတကြိမ် မှန်မှန်ရှုံးနေသူတွေကတော့ ၄၈ သန်း (ကိုယ်မထိုးလည်း ကိုယ့်အိမ်ကထိုးနေတာမို့ ) သော ပြည်သူတွေပါ။ ကိုယ်ထီပေါက်လို့ ပေါက်မှန်း မသိလောက်အောင် အလုပ်ကများ၊ အချိန်မပေးနိုင်၊ သတင်းမီဒီယာဆိုတာကလည်း ကိုယ်နဲ့မဆိုင်၊ ပညာဗဟုသုတကလည်း မရှိတဲ့ သူတွေကတော့ နှစ်ခါပြန်ရှုံးကြရပါတယ်။ မီးထဲ၊ ရေထဲ၊ ရွာရွှေ့ရတဲ့အထဲ၊ ထွက်ပြေးရတဲ့အထဲ၊ မေ့လျော့တဲ့အထဲ၊ ပျောက်သွားတဲ့အထဲ ပါသွားလို့ လာမထုတ်တဲ့ ငွေတွေကလည်း နှစ်စဉ်သိန်းထောင်ချီ ရှိပါတယ်။ ၉၅ –၉၆ ဘဏ္ဍာနှစ်မှာ ကျပ်သိန်း ၁၂၂၀ ကျော်၊ ၉၆ –၉၇ မှာ ကျပ်သိန်း ၁၃၈၀ ကျော်ရှိပါတယ်။ တနှစ်ကျော်လို့မှ လာမထုတ်ရင်တော့ မဟာ့မဟာ ကံထူးရှင်ကြီးက သိမ်းယူတယ်လို့ ဆိုပါတယ်။

နောက်ပိုင်း အကြိမ် ၁၃၀ ကစပြီးတော့ လာမထုတ်တဲ့ငွေထဲက မဟာ့မဟာ ကံထူးရှင်ဆုအဖြစ် သိန်း ၁၀၀ (ယခု သိန်း ၃၀၀ ) တဆုပေးပါတယ်။ ဒီမက်လုံးပေါ်ကတက်လာတဲ့ ရောင်းအားကိုလည်း ထည့်တွက်ရပါမယ်။ ၁၉၉၉ ခုနှစ်မှာတော့ ထီပေါ်ကရတဲ့ အခွန်ငွေ စုစုပေါင်းဟာ ကျပ်သန်း ၄,၉၉၄ ရှိနေပါပြီ။

<u>ထီဈေးနှုန်းများတက်လာခြင်း။</u>

ဈေးကွက်စီးပွားရေး သဘောတရားအရ ဝယ်လိုသူ (ထိုးသူ ) များလာတော့ ထီဈေးနှုန်းတွေ တက်လာပါတယ်။ ၂၀၀၀ ခုနှစ် မတ်လအတွင်း ၅၀ ကျပ်တန်တစောင်ကို ရန်ကုန် –မန္တလေးမှာ ၆၀ ကျပ်၊ မော်လမြိုင် ၆၅ ကျပ်၊ တချို့ နေရာတွေမှာ ၇၀ ကျပ်အထိ ဖြစ်သွားပါတယ်။ ၂ စောင်တွဲတစောင် မူလ ၁၀၀ မှ ရန်ကုန် –မန္တလေး ၁၂၀၊ မော်လမြိုင် ၁၅၀၊ ၅ စောင်တွဲဆိုရင် မူလ ၂၅၀၊ ရန်ကုန် –မန္တလေး ၃၀၀၊ မော်လမြိုင် ၄၀၀၊ ၁၀ စောင်တွဲတန်ဖိုး ၁၅၀၀ မှ ရန်ကုန် –မန္တလေး ၁၇၀၀၊ မော်လမြိုင် ၂၁၀၀ ဖြစ်သွားပါတယ်။

ဒီအတွက် တာဝန်ရှိသူအဖြစ် ထီဆိုင်ပိုင်ရှင်တွေ၊ ထီရောင်းသူတွေ ကံကွက်ကျားကျပြီး တရားခံဖြစ်ကုန်ပါတယ်။ ထီဆိုင်ဆိုရာမှာ များများရောင်းရတဲ့ဆိုင်က များများပေါက်ဖို့ အခွင့်သာပါလိမ့်မယ်။ များများပေါက်တဲ့ ဆိုင်ကိုပဲ လူတွေက ရွေးထိုးကြတာလည်း နားလည်လို့ရပါတယ်။ ဈေးကွက်စီးပွားရေးလုပ်ငန်းတွေမှာ အရင်းအနှီးကြီးသူက လွှမ်းမိုးသွားတတ်တာ ဓမ္မတာပါ။ ဒါကြောင့် နံမည်ရလာတာနဲ့အမျှ ဆိုင်ခွဲတွေ အများကြီး ထားလာနိုင်ကြတယ်။ ဆိုင်ခွဲဆယ်အချို့မှ ဆိုင်ခွဲ ၆၀၀ အထိတောင် ထားနိုင်တဲ့ ပင်ရင်းဆိုင်စသည် ပေါ်လာတယ်။ ဆိုင်ခွဲနံမည် ခံနိုင်ဖို့တောင် ငွေကျပ် ၅၀,၀၀၀ လောက်အထိ ပေးကြရတယ်။ ဒါကြောင့်လည်း ငွေရှင်ကြေးရှင်များ၊ နံမည်ကြီး အနုပညာရှင်များ ဒီဈေးကွက်ထဲ ဝင်လာကြတာ ဖြစ်ပါတယ်။ မစည်ကားအပ်တဲ့ နေရာမှာ စည်ကား၊ မထွန်းကားသင့်တဲ့ လုပ်ငန်းက ထွန်းကားနေတာဟာ တကယ်တော့ ရင်နာစရာပါ။

တိုင်းပြည်မှာ ဖြစ်နေတာက အမြတ်ထွက်မယ့် လုပ်ငန်းကြီးမှန်သမျှကလည်း စစ်တပ်ပိုင် ဦးပိုင်လီမိတက်က ပိုင်ချင်ပိုင်၊ ဒါမှမဟုတ် သူမွေးထားတဲ့ ဗျူရိုကရက်တွေက လုပ်ချင်လုပ်၊ တခြားအမြတ်ထွက်မယ့် လုပ်ငန်းတွေကျတော့ ကျေးဇူးခံကျေးဇူးစားများ၊

လက်ဝေခံများကိုသာ လုပ်ပိုင်ခွင့် ပေးထားတော့ ကျန်လူများအတွက် ဒူးနန့်ပြီးစားရမယ့်လုပ်ကွက် မကျန်တော့ပါ။ မြို့နေဆင်းရဲသားများနဲ့ ကျေးလက်နေ တိုင်းရင်းသားပြည်သူတွေဘဝက ပိုဆိုးပါတယ်။ ရွှေတောပြေးလိုက်ကြ၊ ရတနာမြေ ပြေးလိုက်ကြ၊ ဖားကန့်ရောက်လိုက်၊ နယ်ခြားခိုလိုက်၊ ပြည်ပထွက်လိုက် ဖြစ်ကုန်တယ်။ ဒါမှမဟုတ် ဆောက်လုပ်ရေး ဝင်လိုက်ကြ၊ လမ်းခင်းလိုက်ကြနဲ့ ယောက်ယက်ခတ်နေကြပါတယ်။ ဒုက္ခသည်စခန်း ရောက်သွားသူတွေကလည်း များမှများပါ။

မြို့ပေါ်မှာကျတော့ ငွေရှိသူက စက်ရုံအလုပ်ရုံ ထောင်နိုင်သူကထောင်၊ အထွေထွေ လုပ်ငန်းတွေအတွက် ကုမ္ပဏီ ထောင်ချင်သူထောင်၊ မထောင်ချင်သူက ငါးပွက်ရာငါးစာချ လုပ်ငန်းတွေနောက် လိုက် တာဖြစ်ကုန်တယ်။ ဒီလိုနဲ့ စာနယ်ဇင်းလုပ်ငန်း၊ ရုပ်ရှင်ဗွီဒီယိုလုပ်ငန်းတွေမှာ စီစီညံညံဖြစ်လာတယ်။ 'ထီ 'လုပ်ငန်းဟာလည်း ငါးပွက်ရာငါးစာချ လုပ်ငန်းတခုပါ။ အရှိန်ကောင်းဆဲ လုပ်ငန်းတခုလည်း ဖြစ်ပါတယ်။ စစ်အစိုးရက ရေလောင်းပေးနေလို့ စည်ပင်လာတဲ့ လုပ်ငန်းသာဖြစ်တာမို့ ထီရောင်းသူတွေမှာ တာဝန်မရှိပါ။

<u>ထိုင်းချဲထီ။</u>

နိုင်ငံတော်ထီ သာမက ချဲထီကလည်း လူထုကို ဒုက္ခပေးပါတယ်။ အမ္ဗာညီနောင်ပါ။ နိုင်ငံတော်ထီက တလတကြိမ်၊ ချဲထီက တလ ၂ ကြိမ်ဖွင့်ပါတယ်။ ချဲထီက ပြည်တွင်းဖြစ် မဟုတ်ပါ။ ဒါကြောင့် အဖမ်းခံထိတတ်ကြပါတယ်။ မလည်မဝယ်သူများ – လက်ဖျားများသာ ထိကြတာပါ။

နောက်ဆက်တွဲ ဂြိုဟ်ကောင်အဖြစ် ၃၆ ကောင်ကိုလည်း ထည့်နိုင်ပါသေးတယ်။ အထက်ပါထီ ၂ မျိုးလောက် ငွေကုန်ကြေးကျခံ မထိုးကြပေမယ့် စိတ်ဓာတ်နဲ့ အချိန်ကိုတော့ ထိခိုက်စေပါတယ်။

ဗမာပြည်မှာ မြင်းပွဲမရှိတော့ပါ။ ကိုလိုနီအမွေဆိုးကို ရိုက်ချိုးလိုက်နိုင်ပြီလို့ ပေါ်ပင်နယ်ချဲ့ ဆန့်ကျင်ရေးသမားများ လက်မထောင်တာ မတွေ့ရပါ။ ချောင်ထိုးထားရတဲ့ နိုင်ငံ့ဦးသျှောင်ကို ထိမိတို့မိမှာ စိုးဟန်တူပါတယ်။ မေးခွန်းတွေလည်း တက်လာမှာ သေချာတယ်။ "တစ်" ပျောက်ပြီး "နှစ်" ရောက်လာတာတွေက များမှများကိုး။

စစ်အစိုးရခေတ် အဆက်ဆက်အတွင်း ပြည်တွင်းဖြစ် (ထီ၊ ၃၆ ကောင်) အပြင် နိုင်ငံခြားဖြစ် ချဲထီယဉ်ကျေးမှု ထွန်းကားခဲ့ပြီ။

အားကစားမှာ 'ခေါက်ဆွဲစားသည် ' ဆိုတဲ့ ဝေါဟာရအသစ် ဖြစ်တည်လာခဲ့ပြီ။

ရိုးရာလောင်းကစားတွေလည်း ထိန်းသိမ်းထားနိုင်ခဲ့ပါပြီ။

နိုင်ငံတကာအဆင့်မီ ကာစီနိုလောင်းကစားဝိုင်းများတောင် ပေါ်ထွန်းခဲ့ပြီ။

ထီနဲ့အတူ လောင်းကစားဈေးကွက်ကြီး စည်ပင်ကြီးထွားလာအောင် ရေလောင်း၊ ပေါင်းသင်၊ မြေတောင်မြှောက်ပေးခဲ့ကြတဲ့ မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကား ကြီးမားလှပါဘိတောင်း။

---

**" သို့ကြောင့်ပင် ဓနရှင်များသည် လူတွေအရေးတကြီး လိုနေသော စားကုန် – သောက်ကုန် အထည်အလိပ်တို့ကို လုပ်မည့်အစား၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်ခြင်းခံနေရသော လူအသင်္ချေ၏ ရှေ့မှောက်တွင်၊ ဓနရှင်များ၏ သားငယ်များ ကစားရန် – ကျွဲကော်ရုပ်များနှင့် ဓနရှင်များဇနီးနှင့် သမီးတို့ အလှပြင်ရန် နံ့သာတောင့်ပေါင်ဒါတို့ကို လုပ်ကိုင်နေကြလေသည်။ "**

**သခင်ဗဟိန်း**

**( ဓနရှင်လောကစာအုပ် )**

**၂၁၊ ၅၊ ၁၉၃၉**

---

## အနောက်ကျိုးကုပါတက်ကိုင်းဆီကတက်လာနေတဲ့

# လှိုင်းလုံးများ

စစ်အေးစစ်ပွဲမှာ အမေရိကန်ဟာ ဂေါ်ဘာချော့ဗ်ရဲ့ ဆိုဗီယက်ယူနီယံအပေါ် အငြင်းပွားဖွယ်မရှိလောက်အောင် အနိုင်ရလိုက်ပြီ၊ အမေရိကန်နိုင်ငံရဲ့ စီးပွားရေး တောက်လျှောက်ကောင်းနေတာလည်း ၁၀နှစ်လောက်ရှိသွားပါပြီ။ ဒါကြောင့် အမေရိကန်ပြည်က လူထုတွေဟာ သူတို့ရဲ့ လက်ရှိ အခြေအနေတွေကို ကျေနပ်နှစ်သိမ့်နေကြလိမ့်မယ်၊ အဲဒီနိုင်ငံမှာ အရင်းရှင်စနစ်ဟာ အန်တုခံရခြင်းမရှိဘဲ အေးချမ်းသာယာစွာ ဖြစ်ပေါ်တိုးတက်တော့မယ်လို့ ယူဆစရာပါပဲ။

ဒါပေမဲ့ အခြေအနေတွေဟာ တော်ရုံလူလုံးဝနားမလည်နိုင်လောက်အောင် အထက်က ယူဆနည်းနဲ့ပြောင်းပြန် ဖြစ်နေပါတယ်။ အမေရိကန်အပါအဝင် ထိပ်သီးအနောက်နိုင်ငံကြီးတွေမှာ မတွေ့ရတာ ဆယ်စုနှစ် ၂ ခုကျော်၊ ၃ ခုနီးပါးရှိပြီဖြစ်တဲ့ လမ်းမကြီးတွေပေါ်က ရောမလူထုဆန္ဒပြပွဲကြီးတွေကို ပြီးခဲ့တဲ့ တနှစ်တာကာလအတွင်းမှာပဲ ပြန်တွေ့လာကြရပါတယ်။ တွေ့ရတာမှ အကြိမ်ကြိမ်ပဲလို့ ဆိုရမလို ဖြစ်လာနေပါတယ်။ အရင်းရှင်စနစ်နဲ့ အရင်းရှင်လူတန်းစားအတွက် “အေးချမ်းစွာ” ဆိုတာ သမိုင်းစာအုပ်ထဲကအရာ ဖြစ်နေကြောင်း မေ့နေသူတွေကို အဲဒီနိုင်ငံတွေက လူထုတွေကပဲ ပြန်ပြီးသတိပေးနေသလို ရှိပါတော့တယ်။

ဒီတခါ လှုပ်ရှားမှုကြီးတွေ စပေါ်လာတော့ သူတို့ကို မီဒီယာလောက၊ နိုင်ငံရေးလောကစတာတွေက သိပ်အလေးမထားပါဘူး။ တချို့ကဆိုရင် အူကြောင်ကြောင်လူတချို့ရဲ့ လှုပ်ရှားမှုလို့တောင် ယူဆကြတာပါ။ ဒါပေမဲ့ ၂၀–ရာစုကို နှုတ်ဆက်ပြီး ၂၁–ရာစုကို ဆီးကြိုလိုက်တဲ့ အမေရိကန်နိုင်ငံ ဆီယဲ့တဲ ( Seattle ) မြို့က လူသောင်းနဲ့ချီတဲ့ လှုပ်ရှားမှုဟာ တကမ္ဘာလုံးကို အံ့အားသင့် သွားစေရုံမက ဒီအင်အားစုတွေကို ပမာမထားဘဲနေလို့ မရအောင် ဖြစ်သွားစေပါတယ်။ ၁၉၉၉ခုနှစ်၊ နိုဝင်ဘာလအတွင်းမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ဝန်ကြီးအဆင့် အစည်းအဝေးဟာ သောင်းနဲ့ချီတဲ့ လူထုတွေရဲ့ဆန္ဒပြမှုကြောင့် ပွဲပျက်မတတ် ဖြစ်သွားခဲ့ရပါတယ်။ ဒီလိုနဲ့ ဘီဘီစီက “ကမ္ဘာ့အထူးဆန်းဆုံး မဟာမိတ်ဖွဲ့မှုကြီး”လို့ ကင်ပွန်းတပ်ခဲ့တဲ့ ဒီဆန္ဒပြပွဲကြီးတွေကို မီဒီယာတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ ပညာရှင်တွေ၊ နောက်ပြီး– ဓမ္မတာပဲ– အက်ဖ်ဘီအိုင်၊ စီအိုင်အေ၊ ပုလိပ်စတာတွေက ဂရုပြု၊ စောင့်ကြည့်၊ ခွဲခြမ်းစိတ်ဖြာတာတွေ လုပ်လာကြပါတော့တယ်။

### ထူးခြားတာက

အံ့ဩစရာကောင်းတဲ့အချက်တချက်က ဒီလှုပ်ရှားမှုတွေဟာ အင်မတန်လျင်မြန်တဲ့ နှုန်းနဲ့ တကမ္ဘာလုံးကိုပျံ့နှံ့နေတာ ဖြစ်ပါတယ်။ တနှစ်တောင်မရှိတဲ့ကာလလေးအတွင်းမှာ အမေရိကတိုက်ကနေ အတ္တလန္တိတ်သမုဒ္ဒရာကြီးကိုဖြတ်ပြီး ဥရောပတိုက်ကိုရောက်၊ နောက်အရှေ့တောင်အာရှတိုက်ကို ရောက်သွားပါတယ်။ အခုဆိုရင် ဒီလှုပ်ရှားမှုတွေဟာ WTO ခေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်၊ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ရဲ့နောက်မှာ အရိပ်မည်းကြီးလိုလိုက်ပါခြိမ်းခြောက်နေသလို ဖြစ်နေတာ တွေ့ကြရပါတယ်။ နောင်အခါ ဒီအဖွဲ့တွေအနေနဲ့ အစည်းအဝေးကြီးကြီးမားမား လုပ်မယ်ဆိုရင် ဒီ“အန္တရာယ်”ကို ထည့်သွင်း မစဉ်းစားဘဲနေလို့မရအောင် ဖြစ်နေပါပြီ။

နောက်တခုက အချိန်အခါပြဿနာပါ။ ဒါတွေပေါ်ပေါက်လာတာဟာ ကမ္ဘာ့အရင်းရှင်စနစ်ကြီးအဖို့ ဂလိုဘယ်လိုက်ဇေးရှင်းခေါ် တကမ္ဘာလုံးကို လက်ဝါးကြီးအုပ်သွေးစုပ်ရေးဆိုတဲ့ အစီအစဉ်နဲ့ ရေသင်ဖြူးမှာ လေယာဉ်မြူးစ ပြုသခိုက်၊ တနည်းအားဖြင့်၊ အရှိန်ရတော့မယ်အပြုမှာ ရုတ်တရက် ဘွားကနဲပေါ်လာတဲ့ ကျောက်ဆောင်တွေလို ဖြစ်နေတာပါပဲ။ ပိုပြီးတိကျအောင်ပြောရရင် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့သက်တမ်း ၁၀နှစ်သာသာမှာ လာတွေ့ရတဲ့ စိန်ခေါ်မှုကြီးတွေ ဖြစ်ပါတယ်။ ကွန်မြူနစ်တွေက စိန်မခေါ်နိုင်သေးမီ သူတို့အနားမှာရှိတဲ့သူတွေက စိန်ခေါ်တာ ခံရတယ်လို့ ဆိုနိုင်ပါတယ်။

သတိထားရမှာတခုက ဒီအဖွဲ့နဲ့ ဒီလှုပ်ရှားမှုတွေကို မာ့က်စ်ဝါဒီ၊ ဒါမှမဟုတ် လက်ဝဲသမားတွေက ခေါင်းဆောင်တာ မဟုတ်တာပါပဲ။ ဒီအထဲမှာ သူတို့တတွေ မပါဝင်တာတော့ မဟုတ်ပါဘူး၊ ပါကြပါတယ်။ ဒါပေမဲ့ အခုအထိပြောရရင် သူတို့ရဲ့ ပါဝင်မှု အခန်းကဏ္ဍဟာ အဓိကလဲ မဟုတ်ဘူး၊ အများစုလည်း မဟုတ်ဘူးလို့ ဆိုနိုင်ပါတယ်။

အံ့ဩစရာကောင်းတာက ဒါတွေအထဲမှာ လက်ရှိပါဝင်သူနေတွေဟာ လူတန်းစားလူ့အလွှာ စုံလင်လွန်းလှတာ ဖြစ်ပါတယ်။

အလုပ်သမား၊ လယ်သမားကအစ၊ ကျောင်းသား၊ လူငယ်၊ အမျိုးသမီး၊ ပါမောက္ခ၊ ပညာရှင်၊ စာပေအနုပညာသည်၊ သာသနာရေးပုဂ္ဂိုလ်စသဖြင့် လူ့အဖွဲ့အစည်းထဲက အမျိုးအစားခွဲလို့ရသမျှ အမျိုးအစားအားလုံးလိုလို ပါဝင်နေတာတွေ့ရပါတယ်။ စုံလိုက်သမှ မိန်းမလျာ၊ ယောက်ျားလျာတွေတောင် ပါပါတယ်။ အဖွဲ့အစည်းအနေနဲ့ဆိုရင်လဲ အလုပ်သမားသမဂ္ဂ၊ လယ်ယာလုပ်ငန်းရှင်များရဲ့အဖွဲ့၊ ကျောင်းသားအဖွဲ့အစည်း၊ အမျိုးသမီး အခွင့်အရေး ကာကွယ်ရေးအဖွဲ့၊ အမြဲစိမ်းအဖွဲ့၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း စသဖြင့် အဖွဲ့အစည်း သဗ္ဗရန်ပေါင်းစုံလို့ ဆိုနိုင်ပါတယ်။

ဒီလိုပါဝင်မှုစုံတာနဲ့အမျှ သူတို့တတွေရဲ့ ဦးတည်တောင်းဆိုချက်တွေဟာလဲ အမျိုးအမည်အားဖြင့် စုံလင်များပြားလှပါတယ်။ ချူကလီးယားလက်နက် ဖျက်သိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီး အခွင့်အရေး ကာကွယ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးရရှိရေး၊ အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေး၊ အာဏာရှင် ဆန့်ကျင်ရေး၊ အလုပ်သမားအခွင့်အရေး ရရှိရေး၊ တတိယကမ္ဘာ နိုင်ငံများအပေါ် တရားမျှတစွာ ကျင့်သုံးရေး၊ ဂျာမန်ဖက်ဆစ်ဝါဒ ပြန်လည်ခေါင်းထောင်လာမှု ဆန့်ကျင်ရေး၊ ကျူးဘား၊ အီရတ်စတဲ့ နိုင်ငံတွေအပေါ် ပိတ်ဆို့တားဆီးမှုတွေကို ဖျက်သိမ်းရေး၊ စုံလို့–စုံလို့ပါ။

ဒီအထဲမှာ အထူးခြားတကာ့ အထူးခြားဆုံးလို့ဆိုရမဲ့ အချက်ကတော့ ပါဝင်သူတွေ ဘယ်လိုပဲ ကွဲပြားနေနေ၊ တောင်းဆိုချက်တွေ ဘယ်လိုပဲထွေပြားနေနေ၊ အခြေအနေ တခုလုံးကို သတ္တုချကြည့်လိုက်ရင် သူတို့အဓိက ဦးတည်တိုက်ခိုက်နေတာဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေ ဖြစ်နေတာပါပဲ။ တနည်းပြောရရင် သူတို့ရဲ့ ပစ်မှတ်ဟာ ဒီနေ့အရင်းရှင်စနစ်ရဲ့ အသဲနှလုံးနဲ့ ခြေလက်တွေလို့ဆိုရမယ့် အဆောက်အအုံတွေ ဖြစ်နေပါတယ်။ ဓမ္မတာပဲ မြားဦးဟာ အိမ်ဖြူတော်တံခါးဝဆီကို တန်းနေပါတယ်။

ဒါတွေအပြင် အရင်းရှင်ကြီးတွေကို မျက်လုံးပြူးစေတဲ့ နောက်အချက်တခုကတော့ ဆန္ဒပြပွဲအရေအတွက်နဲ့ ပါဝင်သူဦးရေဟာ သိပ်များတဲ့အပြင် အကြိမ်လည်း သိပ်စိပ်တာပါပဲ။ တနှစ်တောင်မရှိတဲ့ ကာလအတွင်း ထောင်သောင်းချီတဲ့ ဆန္ဒပြပွဲ လေး–ငါးကြိမ်ဖြစ်ခဲ့ပြီး လှုပ်ရှားမှုအငယ်စားတွေလဲ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ဖြစ်ပွားဆဲ၊ ဖြစ်ပွားလတ္တံ့ဆိုတာလဲ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

အရင်းရှင်လူ့အဖွဲ့အစည်းရဲ့ ဗဟိုချက်မလို့ ပြောနိုင်တဲ့ မြို့ကြီးတွေမှာမှ ပေါက်ကွဲလေ့ရှိတာနဲ့ ‘ငြိမ်းချမ်းစွာ’ ဆိုတဲ့ ဘောင်ထဲက မထွက်တာဟာလဲ ဒီလှုပ်ရှားမှုတွေရဲ့ ထူးခြားချက် တခုလို ဖြစ်နေပါတယ်။ ဒီလိုကြောင့်မို့လဲ မီဒီယာတွေထဲက ရုပ်ပုံတွေမှာ နိုင်ငံသိ၊ ကမ္ဘာသိ ပုဂ္ဂိုလ်တွေ တက်တက်ကြွကြွ ပါနေတဲ့ပုံတွေ၊ တခြားပါဝင်သူတွေ ပိုင်းဖြတ်မှုရှိပုံတွေ၊ တပါတည်းမှာ နှိပ်ကွပ်တဲ့ပုလိပ်တွေရဲ့ ရက်စက်ကြမ်းကြုတ်ပုံတွေ စတာတွေကို တကမ္ဘာလုံးက မြန်မြန်ဆန်ဆန် တွေ့နေကြရပါတယ်။ ဆီယဲ့တဲလ်မှာဖြစ်ပြီးလို့ သုံးလလောက်ရှိသေး၊ အဲဒီနဲ့ ကမ္ဘာ့တဖက်ခြမ်းလို့ ဆိုရမယ့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာလဲ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ကို ဆန့်ကျင်တဲ့ ရောမလှုပ်ရှားမှုကြီးတွေ တွေ့ရတော့တာဟာ သတိထားရမယ့် အချက်ပါပဲ။

ဒီနေရာမှာ တလောက ဖြစ်ပွားခဲ့တဲ့ အမေရိကန်နိုင်ငံ၊ ဖီလဒဲလ်ဖီးယားမြို့ကြီးက သမတလောင်းဘုရှ်အငယ်ရဲ့ မဲဆွယ်တရားပွဲကို ဆန္ဒပြကြတဲ့ပွဲမှာ မတူတဲ့လူတွေရဲ့ မတူတဲ့ ရပ်တည်ချက်တွေအရ ပြောကြပုံတွေကို ထောက်ပြချင်ပါတယ်။ ဖီလဒဲလ်ဖီးယား လှုပ်ရှားမှုကြီးရဲ့ ခေါင်းဆောင်အဖွဲ့လို့ ဆိုရမယ့် “တိုက်ရိုက်လှုပ်ရှားမှုအစု”( Direct Action Group ) ရဲ့ ပြောရေးဆိုခွင့်ရှိသူဖြစ်တဲ့ ဂျော့လေကီ ( George Lakey ) က အခုလို ပြောပါတယ်။ “ကျနော်တို့ရဲ့ ရည်မှန်းချက်ကတော့ လူတွေကို ဘာကြောင့်ဒါလောက် ထက်သန်ပြင်းပြစွာ လှုပ်ရှားစေတယ်ဆိုတာကို အများသိအောင်လုပ်ဖို့ ဖြစ်ပါတယ်”။ ဆန္ဒပြသူတွေကို နှိမ်နင်းဖို့တာဝန်ယူခဲ့တဲ့ အဲဒီမြို့က ပုလိပ်ကော်မရှင်နာ တင်မိုနီ ( Timoney ) ဆိုသူကတော့ နောက်တနေ့ မြို့တော်ဝန်နဲ့ အတူ သတင်းစာရှင်းလင်းပွဲလုပ်ရာမှာ အရင်းရှင်စနစ်ရဲ့ အိမ်စောင့်ခွေးပီပီ အခုလို ပြောပါတယ်။ “ဒီလူတွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံရဲ့ ပြင်ဆင်မှုဥပဒေ၊ အခန်း( ၁ ) နဲ့အညီ ငြိမ်းချမ်းစွာ ဆန္ဒပြနေကြတယ်လို့ ပြောလာရင်၊ အဲဒီပြောတဲ့လူဟာ ကိုယ့်ဦးဏှောက်ကို စစ်ဆေးသင့်တယ်”တဲ့။ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံကပဲ ဘက်လိုက်တာလား၊ ဒီပုလိပ်ကော်မရှင်နာဆိုသူကပဲ ဘက်လိုက်တာလား၊ နှစ်ခုစလုံးကပဲ ဘက်လိုက်တာလား၊ စဉ်းစားရမလို ဖြစ်နေပါတယ်။

**စဉ်းစားစရာများ**

တချို့သော ရှေ့မီနောက်မီပုဂ္ဂိုလ်တွေနဲ့ သတင်းသမားတွေဟာ ဒီနေ့ဒီလှုပ်ရှားမှုတွေကို ဖ၀စုနှစ်များဆီတုန်းက အနောက်နိုင်ငံတွေမှာ အန့်အပြား ဖြစ်ပေါ်ခဲ့တဲ့ သပိတ်ကြီးတွေ၊ ဆန္ဒပြပွဲကြီးတွေနဲ့ယှဉ်ထိုးပြီး ကြည့်ကြပါတယ်။ ဗီယက်နမ်စစ်ကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေနဲ့ ပြင်သစ်၊ အီတလီစတဲ့ နိုင်ငံတွေက ကျောင်းသားနဲ့ အလုပ်သမား လှုပ်ရှားမှုကြီးတွေဟာ အဲဒီတုန်းက မီဒီယာတွေရဲ့ သည်းခြေကြိုက် သတင်းတွေလို့ ဆိုရမှာပါ။ ဖ၀စုနှစ်များတုန်းက လှုပ်ရှားမှုတွေမှာ ပါဝင်တဲ့သူတွေဟာ စီးပွားရေး၊ လူမှုရေး အခြေအနေတွေပေါ်မှာ မကျေနပ်တာနဲ့ အမေရိကန် အစိုးရရဲ့ဗီယက်နမ်ပေါ်လစီလို လတ်တလောချင်း မကျေနပ်စရာတွေ ပေါင်းမိပြီး ပေါက်ကွဲထွက်လာကြတာ ဖြစ်ပါတယ်။ ဒီတချို့ လှုပ်ရှားမှုတွေမှာ ပါဝင်သူတွေကတော့ အခြေအနေတွေကို အချိန်ယူ လေ့လာသုံးသပ်ပြီး တိုက်ပွဲဝင်ကြတယ်လို့ ဆိုနိုင်ပါတယ်။ ဟိုတုန်းက လူတွေဟာ နှလုံးသားအပေါ် အဓိကအခြေခံပြီး တိုက်ပွဲဝင်ကြတယ်လို့ဆိုရင်၊ အခု လူတွေဟာ ဦးဏှောက်အပေါ် အဓိကအခြေခံပြီး တိုက်ပွဲဝင်ကြတယ်လို့ ဆိုနိုင်ပါတယ်။

လောလောဆယ်မှာတော့ ဒီလှုပ်ရှားမှုတွေရဲ့ အဓိကပျော့ကွက်ဟာ စည်းလုံးညီညွတ်မှုပါ။ သူတို့အထဲမှာ ပါဝင်နေတာက လူမျိုးစုံ၊ အဖွဲ့အစည်းမျိုးစုံ မဟုတ်လား။ နောက်ပြီး တောင်းဆိုချက်တွေကလဲ အမျိုးမျိုးနဲ့။ တိုက်အသီးသီး၊ နိုင်ငံအသီးသီးမှာ မတူတဲ့ နောက်ခံသမိုင်းတွေနဲ့ ပေါ်ပေါက်လာကြတဲ့ အင်အားစုတွေ တသားတည်းစည်းလုံးညီညွတ်ဖို့ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ပါဘူး။ နောက်ပြီးတောင်းဆိုချက်တွေ ထွေပြားလွန်းတာဟာလည်း သူတို့ချင်းတွဲလုပ်ရခက်စေပါတယ်။ တကယ်လို့သာ စည်းစည်းလုံးလုံးနဲ့ ညီညွတ်နိုင်ကြရင်၊ တညီတည်းတပြိုင်တည်းလှုပ်ရှားနိုင်ကြရင် အင်မတန်ကောင်းမယ်ဆိုတာ လူတိုင်းနားလည်ကြပါတယ်။

သူတို့မှာ ဌာနချုပ်လို အားလုံးလက်ခံတဲ့ ခေါင်းဆောင်အဖွဲ့တခု မရှိတာဟာလဲ ကြီးမားတဲ့ အားနည်းချက်ကြီးတခု ဖြစ်ပါ

တယ်။ အလားတူပဲ အားလုံးလက်ခံထားတဲ့ သဘောတရား အခြေခံတခု မရှိတာဟာလဲ ဒီလှုပ်ရှားမှုအတွက် မသေးတဲ့ အားနည်းချက်ပါ။

## တိုးတက်ပြောင်းလဲလာနေတယ်

ခေတ်တခေတ်လို့ ပြောရတော့ မလောက် ထကြွလာနေတဲ့ ဒီအဖွဲ့အစည်းတွေနဲ့ လှုပ်ရှားမှုတွေရဲ့တိုးတက်ပြောင်းလဲမှုဟာလဲ ထင်သာမြင်သာလှပါတယ်။ ဥပမာ တခုကတော့ ပါဝင်သူတွေထဲမှာ လူငယ်အရေအတွက် များသထက် များလာတာပါ။ လေ့လာအကဲခတ်သူတွေရဲ့ အဆိုအရ လူငယ်အရေအတွက်ဟာ ပါဝင်သူအားလုံးရဲ့ ၈၀ ရာနှုန်းကျော်တောင် ရှိပါတယ်။ နောက်ပြီး လူဖြူပါဝင်မှုဟာလဲ တခါပြီးတခါ များသထက် များလာနေပါတယ်။ နဂိုကတော့ စီးပွားရေး၊ လူမှုရေးအကြောင်းရင်းတွေကြောင့် လူမည်းတွေက ပိုစိတ်ဝင်စားတယ်လို့ တချို့က ယူဆကြတာပါ။ အခုတော့ လူဖြူလူငယ်တွေ အများကြီးပါလာ၊ အမျိုးသမီးတွေလဲ အများကြီး ပါလာနေကြပါတယ်။

အခုနောက်ဆုံး အခြေအနေအရဆိုရင် လှုပ်ရှားမှုတွေဟာ တောမီးလိုပျံ့နှံ့လာနေပြီး တောင်းဆိုချက်တွေဟာလဲ ပိုလို့စုံလာနေပါတယ်။ လူထုတွေဟာ ရာစုနှစ်နှစ်ခုကျော်လောက် အောင့်ထားခဲ့ရတဲ့ မကျေနပ်ချက်တွေကို အတိုးချပေါက်ကွဲကြဖို့ စဉ်းစားနေကြသလိုပါပဲ။ နောင်ဆိုရင် ဒီလူတွေဟာ ထစ်ကနဲရှိ ဆန္ဒပဲပြနေကြတယ်လို့တောင် ပြောစရာဖြစ်လာနိုင်ပါတယ်။ သေချာနေတာ တချက်ကတော့ သူတို့ဟာ မကြာခင်မှာ ပုလိပ်တွေရဲ့ ဆန္ဒပြသူတွေအပေါ် ရိုင်းစိုင်းစွာ ဆက်ဆံကိုင်တွယ်မှုကို ကန့်ကွက်ဆန္ဒပြလာကြပါလိမ့်အုံးမယ်။

ဒီလိုဆန္ဒပြပွဲတွေ များလာတာနဲ့အမျှ တိုက်ပွဲဝင်သူတွေဟာ အတွေ့အကြုံတွေ ပိုများလာသလို နည်းပရိယာယ်တွေလဲ ပို–ပိုကြွယ်ဝလာတာ တွေ့ရပါတယ်။ ဖီလဒဲလ်ဖီးယားက ဆန္ဒပြပွဲတွေတုန်းကဆိုရင် သူတို့ဟာ ပြောက်ကျားစစ်တိုက်သလို အဖွဲ့ငယ်လေးတွေခွဲပြီး နေရာအနှံ့မှာ လူစုလိုက်ကြပါတယ်။ ဒီလိုနဲ့ပုလိပ်တွေကို အဓိက လူစုဆန္ဒပြကြမယ့် နေရာကနေ အာရုံလွှဲပစ်လိုက်ရုံမက မိမိကို ဖြိုခွဲမယ့် ပုလိပ်အင်အားတွေကိုလဲ သေးငယ်သွားအောင် ဖြန့်ပစ်လိုက်နိုင်ပါတယ်။ ပုလိပ်တွေရဲ့ တင်ကြိုရှာဖွေတွေ့ရှိမှု တခုမှာဆိုရင် ဆန္ဒပြမယ့်သူတွေဟာ ပုလိပ်တွေရဲ့ နှိမ်နင်းမှုကို ရင်ဆိုင်ဖို့အတွက် ခေတ်ငွေ့ကာ မျက်နှာဖုံးလိုဟာကအစ စားနပ်ရိက္ခာအထိ စနစ်တကျ ပြင်ဆင်ထားတာ တွေ့ရပါတယ်။

## ရှေ့အလားအလာ

အကန့်အသတ်အမျိုးမျိုးကြောင့် ကမ္ဘာပေါ်မှာ ကွန်မြူနစ်တွေရဲ့လှုပ်ရှားမှုတွေ ဒီရေနိမ့်တခုကို ရောက်နေချိန်မှာ ပြည်သူလူထုတွေရဲ့ ဆုံးရှုံးမှု၊ နာကြည်းမှုတွေအတွက် ဖော်ထုတ်တိုက်ပွဲဝင်ဖို့ အခုလို လှုပ်ရှားမှုတွေ ရှိနေတာဟာ ကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ရဲ့ ဖြစ်ပေါ်တိုးပွားမှုတွေကို မကျေနပ်တာဟာ ကွန်မြူနစ်တွေမှ မဟုတ်ဘူးဆိုတဲ့ အချက်ကိုလဲ ပေါ်လွင်ထင်ရှားစေပါတယ်။ တွေ့နေကြရတဲ့ ပုံအတိုင်းဆိုရင် အနောက်နိုင်ငံတွေက အုပ်စိုးသူတွေဟာ ဒီလှုပ်ရှားမှုတွေ ပေါ်ပေါက်တည်ရှိနေတာကို ကြည်ဖြူဟန် မရှိပါဘူး။ သူတို့နှိမ်နင်းဖြိုခွဲပုံတွေဟာ အငြိုးတကြီး ရှိလှပါတယ်။ ဒီလှုပ်ရှားမှုတွေ တည်ရှိနေတာဟာ သူတို့ဒီမိုကရေစီရဲ့ ပြယုဂ်လို့လဲ အသားမယူနိုင်ကြတော့ပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ သူ့ကြောင့်နစ်နာရတယ်ဆိုတဲ့ တတိယကမ္ဘာ နိုင်ငံတွေမှာသာမက သူ့ကြောင့်အကျိုးအများကြီးရှိတယ်ဆိုတဲ့ အနောက်နိုင်ငံတွေမှာလဲပဲ ကြီးမားတဲ့ ဆန့်ကျင်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီလှုပ်ရှားမှုတွေနဲ့ ကွန်မြူနစ်တွေရဲ့ အရင်းရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲတွေဟာ အပြန်အလှန်အထောက်အကူ ဖြစ်နေတာ အမှန်ပါပဲ။ ကြာရင် သူတို့ချင်းပိုပြီးနီးစပ်လာကြမယ်ဆိုတာလဲ ဘယ်သူမှ သံသယမဖြစ်ပါဘူး။

ကွန်မြူနစ်အနှ္တရာယ်လို့ တမင်ဖန်တီးပြီး စစ်အေးစစ်ပွဲကြီးကို ဖန်တီးခဲ့၊ မက္ကာသီဝါဒနဲ့ သူ့နိုင်ငံတွင်းက ကွန်မြူနစ်တွေကို ချုပ်ချယ်သတ်ဖြတ်ခဲ့တဲ့ လက်နက်ထုတ်လုပ်ရောင်းဝယ်သူ သန်းကြွယ်သူဌေးကြီးတွေရဲ့ ကိုယ်စားလှယ် အိမ်ဖြူတော်အဖို့တော့ ပြည်သူလူထုကို ဖိနှိပ်ဖို့ အကြောင်းပြစရာ ရလာနိုင်ပါတယ်။ သူတို့အနေနဲ့ ဗမာပြည်က စစ်အစိုးရလိုပဲ ဒီဟာတွေကို လက်ညှိုးထိုးပြပြီး ပြည်သူလူထုကို ဖိနှိပ်ရေးအတွက် အဆောက်အအုံတွေကို တိုးချဲ့အားဖြည့်တာ လုပ်ကောင်းလုပ်လာနိုင်ပေမယ့် သူတို့ ဘယ်လိုပဲလုပ်လုပ် သမိုင်းရဲ့လိုအပ်ချက်အရ ပေါ်လာတာဖြစ်တဲ့ ဒီအင်အားစုတွေနဲ့ သူတို့ရဲ့ ဒီလှုပ်ရှားမှုတွေ ပိုမိုကြီးထွား တက်ကြွလာမှာကို မတားနိုင်ပါဘူး။ အခုအခါ ဆန္ဒပြရုံသာရှိသေးတဲ့ ဒီလှုပ်ရှားမှုတွေ သပိတ်အဆင့် ပြောင်းလဲလာရင် ဘယ်လိုဖြစ်မလဲဆိုတာလဲ စိတ်ဝင်စားစရာပါပဲ။

စစ်အေးစစ်ပွဲကြီး ပြီးသွားပြီဆိုပေမယ့် အရင်းရှင်စနစ်အဖို့ "အနောက်စစ်မျက်နှာမှာ အရာရာ အေးချမ်းနေသည်" လို့ ပြောလို့ မရနိုင်ပါကလား။

# ပါတီဇဟိုကျောင်းအဘိဓမ္မာ ပို့ချချက်

## ဟောပြောချက် ( ၄ ) မှအဆက်

အသိ ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ မာ့က်စ်ဝါဒဆိုင်ရာ အဘိဓမ္မာ ရုပ်ဝါဒ၏ ရှင်းလင်းဖော်ပြချက်။

ဦးနှောက်သည် တွေးခေါ်မှု၏ အင်္ဂါအစိတ်အပိုင်း ဖြစ်သည်၊ တွေးခေါ်မှုသည် ဦးနှောက်၏ စွမ်းရည်ဖြစ်သည်။

အသိသည် မြင့်မားစွာ ဖွဲ့စည်းထားသော သက်ရှိရုပ်ဝတ္ထု၏ အထူးစွမ်းရည် အင်္ဂါရပ်ဖြစ်သည်။ အသိသည် ရုပ်ဝတ္ထု ဖြစ်ပေါ်တိုးပွားမှု၏ အမြင့်ဆုံးသောအဆင့်၌သာ ဖော်ပြနိုင်သည်။ လူမှုရေးအသိသည် လူ၌သာ နဂိုပါရှိသည်။ အဆင့်မြင့်မားသော သတ္တဝါများ (အထူးသဖြင့် အိမ်တွင်းတိရစ္ဆာန်များနှင့် လူဝံများ) ၌လည်း အရိုးဆုံးသော ဗီဇသဏ္ဍာန်ဖြစ်သောအသိ ပါရှိသည်။

လူ၏အသိ ပေါ်ပေါက်ရန်နှင့် သဏ္ဍာန်ဖွဲ့တည်ရန် အခြေခံအကြောင်းအချက်မှာ အလုပ်နှင့်အလုပ်၏ ပြုမူလှုပ်ရှားမှု ဖြစ်သည်။ အလုပ်၏ အကျိုးသက်ရောက်မှုကြောင့်သာ လူတို့သည် တိရစ္ဆာန်လောကမှ လူ့လောကသို့ ကြီးမားစွာ ခုန်ကူးပြောင်းလဲရေးကို ဖြစ်မြောက်လာစေနိုင်ပေသည်။ အလုပ်ပြုမူလှုပ်ရှားမှုသည် လူဖြစ်မည့် လူဝံ၏ ဩဂဲနစ်အဆောက်အအုံအတွင်း နက်နဲသော ပြောင်းလဲမှုများကို မုချပင် ဖြစ်ပေါ်လာစေ၍၊ ၎င်းအင်္ဂါရပ်များ၏ အလုပ်တာဝန်များကို ကွဲပြားလာစေသည်။ ရှေ့ခြေထောက် နှစ်ချောင်းသည် သွားလာခြင်းနှင့် သစ်ပင်တက်ခြင်း ကိရိယာအဖြစ်မှ အလုပ်လုပ်သည့်အင်္ဂါရပ် ဖြစ်လာသည်။ အလုပ်ဖြစ်စဉ်အတွင်းရှိ ခြေထောက် နှစ်ချောင်းသည် တစုံတခုသော အတတ်ပညာနှင့်နည်းနာ ရရှိလာပြီး၊ ဖျတ်လတ်လျင်မြန်လာပြီး မှန်ကန်တိကျစွာ ပြုမူလှုပ်ရှားလာနိုင်သည်။ ဤအချက်များသည် သားစဉ်မြေးဆက် မျိုးရိုးလိုက်လာတော့သည်။

ရှေ့ခြေထောက် နှစ်ချောင်းသည် အလုပ်၏အင်္ဂါ ဖြစ်လာသဖြင့် လူဖြစ်လာမည့် လူဝံ၏သွားလာနည်းကို အခြေခံအားဖြင့် ပြောင်းလဲပစ်လိုက်ပေသည်။ မတ်တတ်ရပ်ပြီး လမ်းလျှောက်လာတတ်ခြင်းသည်၊ လည်ချောင်းရိုး (အသံထွက်တံ) နှင့် ရင်အုံ (အဆုတ်) ကို ကြီးမားစွာ ဩဇာအရှိန်သက်ရောက်လာသည်။ ဤသို့ဖြင့် လူဖြစ်မည့်လူဝံက ၎င်းတို့ (လည်တံရိုးနှင့် ရင်အုံ ) ကို လွတ်လပ်စွာ အသုံးချရန် ဖြစ်လာခဲ့သည်။ လူဖြစ်မည့်လူဝံသည် မတ်တတ်မရပ်နိုင်ခဲ့လျှင် ၎င်း၏အဆက်အနွယ်ဖြစ်သည့် လူသည် မလွဲသာဘဲတွား၍လျှောက်ရမည်။ သွားရင်းကြည့်ရှုရာမှာလည်း ခေါင်းအောက်သို့ကြည့်ပြီး သွားရလိမ့်မည်။ ထိုမှတဆင့် မိမိ၏ ထင်မြင်မှုများ ရလာလိမ့်မည်။ ငါတို့၏ ဘိုးစဉ်ဘောင်ဆက်များသည် မတ်တတ်ရပ်လာပြီးနောက်၊ ပတ်ဝန်းကျင်ကို ခွဲခြားသိမြင်ရန် ကြီးမားသောသာလွန်ချက်ကို ရရှိလာသည်။ ထိုအခါ သူတို့၏ မြင်ကွင်းသည် မနှိုင်းယှဉ်နိုင်လောက်အောင် ကျယ်ပြန့်လာပြီး အဘက်ဘက်မှ နေ့စဉ် ထင်မြင်မှုများကို ရရှိလာနိုင်လေသည်။

ထိုအခါမှစ၍ အာရုံအင်္ဂါများသည် လူဖြစ်မည့်လူဝံ၏ ဦးနှောက်အတွင်းသို့ ယခင်ကထက် ပို၍များပြားသော ထင်မြင်မှုများ ယူဆောင်လာခဲ့သည်။ ပြင်ပထိုးဆွမှုများသည် အာရုံအင်္ဂါများ အတွင်းသို့ ဝင်လာပြီး၊ ဤနေရာတွင် နဗ်ကြောလှုပ်ရှားမှုများ ဖြစ်လာသည်။ ၎င်းတို့သည် ဦးနှောက်ကြီးလုံးခြမ်းနှစ်ခု၏ အရေခွံများသို့ ရောက်လာသည်နှင့် တပြိုင်နက် အသိပြုမူချက်များ အဖြစ်သို့ ပြောင်းလဲလာသည်။

အလုပ်ပြုမူ လှုပ်ရှားမှုနှင့် တချိန်တည်း၌ အလုပ်ပြုမူ လှုပ်ရှားမှု၏ အခြေခံပေါ်၌ ရှေးလူများသည် တယောက်နှင့်တယောက် တစုံတခုသော အကြောင်းကိစ္စများ ဆွေးနွေးလိုသော တရားနှင့်ကိုက်ညီသော လိုအပ်မှု ပေါ်ပေါက်လာသည်။ ဆိုလိုသည်ကား အသံပီသသောစကား လိုအပ်မှု ပေါ်ပေါက်လာသည်။ ရှေးလူများသည် အလုပ်ဖြစ်စဉ်တွင် အရာဝတ္ထုနှင့် အခြင်းအရာ အမျိုးမျိုးထဲမှ တစုံတခုသော လိုအပ်မှုကို တင်းတိမ်စေနိုင်သော (အရာဝတ္ထုနှင့် အခြင်းအရာများ) အရာများကို ရှာဖွေတွေ့ရှိခဲ့သည်။ ဘေးပတ်ဝန်းကျင်၏ ဆိုးဝါးသော အခြေအနေများက ပြင်းထန်၍ သိနိုင်ခဲသော သဘာဝအင်အားများနှင့် တိုက်ပွဲဝင်ရာ၌ ရှေးလူများအား အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြရန် တွန်းဆော်ပေးခဲ့သည်။ စုပေါင်းလုပ်ကိုင် ကြိုးစားကြမှသာလျှင် လူများသည် ဘေးပတ်ဝန်းကျင်၏ ပြင်းထန်သော အင်အားစုများကို ခုခံနိုင်မည်ဟု နေရာ

တကာတွင် လက်တွေ့ဘဝက လူများကို ပညာပေးခဲ့သည်။ ပေါ်ပေါက်ခါစ ရေးဘုံအဖွဲ့တွင် တူညီသော အလုပ်ပြုမူလုပ်ရှားမှုကို ဆောင်ရွက်လိုလျှင် အသံထွက်သော စကားအပေါ် အခြေစိုက်မှသာလျှင် ဖြစ်နိုင်ပေသည်။ လူ့အဖွဲ့အစည်း ပေါ်ပေါက်လာသည်နှင့်အမျှ အသံထွက်သော စကားလည်း ပေါ်ပေါက်လာလေသည်။ ၎င်းသည်လူများ တဦးနှင့်တဦး ဆက်ဆံရန်လိုအပ်သော နည်းလမ်းဖြစ်ပြီး လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုတွင် အင်အားကြီးမားသော တိုက်ပွဲကိရိယာ ဖြစ်ပေသည်။

အလုပ်ပြုမူလုပ်ရှားမှုတွင် အသံထွက်သော စကားသည် ငါတို့၏ရှေးခေတ်ဘိုးစဉ်ဘောင်ဆက်များ၏ သြဂဲနစ်ကိုယ်ထည်တခုလုံးကို အင်အားကြီးမားစွာ ဩဇာအရှိန်သက်ရောက်စေသည်သာမက ဦးစွာပထမ ဦးဏှောက်ကို ဩဇာအရှိန် သက်ရောက်လာခြင်းပင် ဖြစ်သည်။ ဦးဏှောက်ကြီး လုံးခြမ်းနှစ်ခု၏ အရေခွံတွင် လုပ်ငန်းခွဲအသစ် ပေါ်ပေါက်လာ၏။ အရေခွံ အခြားလုပ်ငန်းခွဲ အားလုံးသည်လည်း အခြေခံအားဖြင့် ပြုပြင်ပြောင်းလဲ လာလေသည်။

ဦးစွာပထမ အလုပ်ပေါ်လာသည်။ ထိုနောက် အလုပ်နှင့် ဒွန်တွဲပါလာသော အရာမှာ အသံရှိသော စကားဖြစ်သည်။ ဤနှစ်ခုမှာ အဓိကအဖြစ်ဆုံးသော တွန်းအားဖြစ်သည်။ ၎င်းတို့၏ ဩဇာအရှိန် သက်ရောက်မှု အောက်၌သာလျှင် လူဝံ၏ ဦးဏှောက်သည် လူ၏ဦးဏှောက်အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခြင်း ဖြစ်လေသည်။ (ဤအမှာစကားသည် အိန်ဂဲလ်ရေးသည့် လူဝံမှလူအဖြစ်သို့ ပြောင်းလဲလာသောဖြစ်စဉ်တွင် အလုပ်၏အခန်းတွင် ပါရှိပေသည် )

ထို့ကြောင့် လူဝံအဖြစ်မှ လူအဖြစ်သို့ ရောက်ရှိလာသည့်ဖြစ်စဉ် (ဘိုးစဉ်ဘောင်ဆက်များ၏ ဘဝဖြစ်စဉ်) သည် အလုပ်ကြောင့်လည်းကောင်း၊ အသံထွက်သော စကားကြောင့်လည်းကောင်း ခန္ဓာကိုယ် ဦးဏှောက်အစိတ်အပိုင်းများ တဖြည်းဖြည်း ပြောင်းလဲလာပြီး လူဖြစ်လာခြင်းနှင့် ပတ်သက်၍ မာ့က်စ်လီနင်ဝါဒအဘိဓမ္မာ မူသဘောများ မှန်ကန်ကြောင်းကို ဝိဇ္ဇာပညာ အထောက်အထားများက သက်သေထူလျက် ရှိပေသည်။

ဤအထောက်အထားများကို အင်္ဂလိပ်လူမျိုး ပါရဂူကြီး ချားလ်ဒါဝင် (၁၈၀၉ –၁၈၈၂ ) က ဘိုင်အိုလိုဂျီ (သတ္တဗေဒ) တွင် ဖော်ထုတ်ခဲ့သည်။

ဒါဝင်က လူနှင့်လူဖြစ်လာမည့် လူဝံ၏ အဆောက်အအုံကို လေ့လာရာ၌ ၎င်းတို့သည် တူညီသော ဘိုးစဉ်ဘောင်ဆက်များမှ ဆင်းသက်လာကြသည်ဟု နိဂုံးချုပ်ပြောဆိုခဲ့သည်။

လူသည်တိရစ္ဆာန်မှ ဆင်းသက်လာသည်ဟု ကလလဗေဒဟူသည့် ဝိဇ္ဇာပညာရပ်က နိဂုံးချုပ်ခဲ့သည်။ သုတ်ရည် ပိုးကောင်များကို လက်ခံလိုက်သော လူ၏ သားဥကလေးများ သန္ဓေတည်ရာ၌ ၎င်း၏ဖြစ်ပေါ်တိုးပွားမှုက ဖြတ်သန်းခဲ့သော အဆင့်အားလုံးသည် နို့တိုက်သတ္တဝါ၏ ကွဲထွက်လာသောသားဥများ အားလုံးဖြတ်သန်းခဲ့ရသည့် အခြေအနေနှင့် တူပေသည်။

သို့ဖြင့် လူ၏သန္ဓေသားသည် အရိုးဆုံးသောသဏ္ဌာန်မှ လူသဏ္ဌာန် ဖြစ်လာသည်အထိ လူ၏တက်လှမ်းနေသော ဖြစ်ပေါ်တိုးပွားမှု၏ အဓိကအဆင့် အားလုံးကို အကျဉ်းချုပ်အားဖြင့် ထပ်တလဲလဲ ပြန်ဖြစ်နေသည်။

ကလလရေကြည် ဖြစ်ပေါ်တိုးပွားသည့် တော်တော်နောက်ပိုင်းကျသည့် အဆင့်၌သာလျှင် ကလလရေကြည်၌ လူ၏သြဂဲနစ်ကိုယ်ထည်၏ နမူနာထားလောက်သော ထူခြားသည့်လက္ခဏာများ ထင်ရှားလာလေသည်။ ကလလရေကြည်၏ ဦးဏှောက်သည်လည်း ရှုပ်ထွေးသော ဖြစ်ပေါ်တိုးပွားမှု လမ်းကြောင်းကို ဖြတ်သန်းပြီးနောက်ပိုင်း အဆင့်ပေါင်းများစွာကို ဖြတ်သန်းခဲ့သည်။ သုံးလအရွယ် သန္ဓေသား၏ ဦးဏှောက်သည် အဆင့်နိမ့်သော လူဝံ၏ဦးဏှောက်နှင့် အဆင့်တူပေသေးသည်။

ထို့ကြောင့် လူကလလရေကြည်သည် ၎င်း၏ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်တွင် ပထမဆုံးအားဖြင့် ၎င်းနှင့်အဝေးကြီး ကွာလှမ်းသော သတ္တဝါတို့၏ သဏ္ဌာန်များနှင့် ဆင်တူသည့်အချက်များ ကွယ်ပျောက်သွားပြီး၊ ၎င်းနှင့်ပိုမို၍ နီးစပ်သော သတ္တဝါ (ဝါ ) နို့တိုက်သတ္တဝါ (၎င်းအနက် လူဖြစ်မည့် လူဝံ၏ ကလလရေကြည်လည်း အကျုံးဝင်သည် ) နှင့် ဆင်တူသည့် အချက်များကို ပိုမိုကြာရှည်စွာ ထိန်းသိမ်းထားလေသည်။

အသိသည် ဇဟိုနပ်ကြောစနစ် ကာလကြာရှည်စွာ ဖြစ်ပေါ်တိုးပွားရာမှ ပေါ်ထွက်လာသောအရာဖြစ်သည်ဟူသည့် အချက်ကို ရှင်းပြရန် ရုရှားပြည်ရှိ ( ပါးဗလော့ ) က ရှာဖွေတင်ပြခဲ့သည်။

ပါးဗလော့သည် နပ်ကြောလှုပ်ရှားမှုများ၏ အမြင့်ဆုံး ဖော်ပြချက်များနှင့် ဦးဏှောက်ကြီး ရောင်ပြန်ဟပ်မှု၏ ဆက်သွယ်မှုများကို ရုပ်ဝါဒအရ ဝိဇ္ဇာနည်းကျ သက်သေပြခဲ့သည်။

မာ့က်စ်ဝါဒ အဘိဓမ္မာ ရုပ်ဝါဒကသာလျှင် ဝိဇ္ဇာပညာကို လက်နက်တပ်ဆင်ခဲ့ပြီး၊ အသိပေါ်ပေါက်လာခြင်းနှင့် သဏ္ဌာန်ဖွဲ့တည်ခြင်းဖြစ်စဉ်နှင့် ငါတို့၏ ရှေးဘိုးစဉ်ဘောင်ဆက်များက တဖြည်းဖြည်းပြောင်းလဲဖြစ်ပေါ်လာကာ တိရစ္ဆာန်ဘဝမှ လူဘဝသို့ ကြီးမားစွာ ခုန်ကူးပြောင်းလဲခြင်းဖြစ်စဉ်နှင့် ၎င်းနှင့်ဆက်စပ်နေသော ပြဿနာများ၏ အနှစ်သာရကို မှန်ကန်စွာ နားလည်လာစေပေသည်။

<u>တွေးခေါ်မှုနှင့် ဘာသာစကားတို့နှင့် ပတ်သက်၍ အနုပဋိလောမ ရုပ်ဝါဒ၏ ရှင်းပြချက်။</u>

<u>၎င်းတို့ညီညွတ်မှုနှင့် အပြန်အလှန် သက်ရောက်မှု။</u>

တွေးခေါ်မှုနှင့် ဘာသာစကားသည် ကာလရှည်ကြာသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုမှ ထွက်ပေါ်လာသော အရာဖြစ်သည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးပွားမှုအရ ပေါ်ပေါက်လာ၍၊ ဖြစ်ပေါ်တိုးပွားလာပေသည်။ လူ့အဖွဲ့အစည်း ပြင်ပတွင် ဘာသာစကားဟူ၍ ဘယ်တော့မှ မရှိခဲ့၊ ရှိလည်းမရှိနိုင်ချေ။ ဤနေရာတွင် ငါတို့သည် တွေးခေါ်မှုကို ဖော်ပြသော ကိရိယာဖြစ်သည့် ဘာသာစကား (အသံထွက် ပြောဆိုသော ဘာသာစကား၊ ၎င်းနောက် ရေးသားဖော်ပြသော ဘာသာစကား) တို့ကို ပေါ်ပေါက်စေသည့် အကြောင်းအချက်များကို မရှင်းပြလိုပေ။ ဤအချက်နှင့် ပတ်သက်၍ အထက်တွင် အသေးစိတ် ရှင်းပြခဲ့ပြီ။ လူ့အဖွဲ့အစည်း၏ ပေါ်ပေါက်မှု၊ ဖြစ်ပေါ်တိုးပွားမှုနှင့် နီးကပ်စွာဆက်စပ်နေသော ဘာသာစကားနှင့် ၎င်းဖြစ်ပေါ်တိုးပွားမှု၏ သဘာဝတရားများကို လေ့လာသုံးသပ်လျှင် လူ့အဖွဲ့အစည်းသမိုင်း လေ့လာရေးကို အခြေပြု၍ လေ့လာသုံးသပ်ရမည်။ လူ့အဖွဲ့အစည်းသည် လူတန်းစား

မရှိသော၊ ထို့ပြင် လူတန်းစားရှိသော ဖြစ်ပေါ်တိုးပွားမှု အဆင့်များကို ဖြတ်သန်းခဲ့သည်ဟုလည်းကောင်း၊ ထိုနောက် လူတန်းစား လူ့အဖွဲ့အစည်းသည် ပိုမို၍ ဖြစ်ပေါ်တိုးပွားလာသော စနစ်သစ်ဖြစ်သည့် ကွန်မြူနစ် လူ့အဖွဲ့အစည်းကို နေရာလွှဲပေးရမည်ဟုလည်းကောင်း လူ့အဖွဲ့အစည်း သမိုင်းစဉ်က ဖော်ပြနေပေသည်။

မတူသော ဤအဆင့်အားလုံးတွင် ဘာသာစကားသည် လူလူချင်းဆက်ဆံရေး ကိရိယာဖြစ်သည်။ ယဉ်ကျေးမှုနှင့် ဝိဇ္ဇာပညာ ဖြစ်ပေါ်တိုးပွားမှု၏ တန်ဆာပလာဖြစ်သည့် ဘာသာစကားသည် လူတန်းစားများအပေါ် တန်းတူသဘောထားသည်။ လူ့အဖွဲ့အစည်းရှိ လူတန်းစားအားလုံးကို တူညီစွာ အလုပ်အကျွေးပြုသည်။ ဥပမာဆိုလျှင် ကျေးကျွန်စနစ် ခေတ်ကာလက မည်သည့်အမျိုးသားတို့၏ ဘာသာစကားမဆို ကျေးကျွန်ပိုင်ရှင်နှင့် ကျေးကျွန်များကို အလုပ်အကျွေး ပြုခဲ့သည်။ ဆိုလိုသည်ကား နှစ်ဦးစလုံးကို၊ လူ့အဖွဲ့အစည်းရှိ လူတန်းစား နှစ်ခုစလုံးကို တချိန်တည်း အလုပ်အကျွေးပြုလေသည်။ ဘာသာစကား အပြင်ပတွင် လူမှုရေးဘဝ မရှိနိုင်ပါ။ ထုတ်လုပ်ရေးနှင့် ဖလှယ်မှု၏ စည်းရုံးခြင်းနှင့် ဖြစ်ပေါ်တိုးပွားခြင်း မရှိနိုင်။ လူတန်းစားများနှင့် လူမှုရေးအစုများ၏ နိုင်ငံရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ဝိဇ္ဇာပညာဆိုင်ရာ ဘဝတို့သည် မရှိနိုင်ပေ။

ဥပမာ စနစ်ဟောင်းကို စနစ်သစ်နှင့် အစားထိုးခဲ့သော ရုရှားပြည်တွင် မြေကျွန်စနစ်ကို အရင်းရှင်စနစ်က အစားထိုးခဲ့သော်လည်း ရုရှားဘာသာစကားမှာ အခြေခံအားဖြင့် ပဒေသရာဇ်စနစ် ခေတ်ကာလရှိ ဘာသာစကားနှင့် တပုံစံတည်း ရှိနေသေး၏။ အခြေခံ အုတ်မြစ်ဟောင်းနှင့် ၎င်း၏ အထက်အဆောက်အအုံကို အခြေခံ အုတ်မြစ်သစ်နှင့် ၎င်းနှင့်ကိုက်ညီသော အထက်အဆောက်အအုံက အစားထိုးလိုက်သောအခါ ဘာသာစကားဟောင်းကို တစုံတခုသော ဘာသာစကားသစ်က အစားထိုးခြင်း ဖြစ်ပေါ်မလာသည်ကို ငါတို့တွေ့ကြရသည်။ လူတို့သည် ဘာသာစကားဟောင်းကို ဖျက်ဆီးပစ်ရန် မစဉ်းစားကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ခေတ်ကာလတခုမှ ပေါ်ထွက်လာသော အရာမဟုတ်ဘဲ၊ လူ့အဖွဲ့အစည်း သမိုင်းတရပ်လုံးမှ ပေါ်ထွက်လာသော အရာဖြစ်ပြီး တချိန်တည်းတွင် ဘာသာစကားဟောင်း ဖျက်ဆီးခြင်းတွင် ဘာသာစကားသစ် ဖန်တီးရန်လည်း မစဉ်းစားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သမိုင်းခေတ်ကာလ တခုကို တခြားခေတ်ကာလ တခုက အစားထိုးသောအခါ ဘာသာစကားသည် ကျန်ရစ်နေသေး၍ လူ့အဖွဲ့အစည်းသစ် လူတန်းစားသစ်များနှင့် လူမှုရေးအုပ်စုသစ်များကို အလွန်ကောင်းမွန်စွာ အလုပ်အကျွေး ပြုလျက်ပင်ရှိသည်။

လီနင်၊ စတာလင်တို့ ခေတ်က ရုရှားပြည်တွင် အရင်းရှင်ဝါဒကို ဖျက်သိမ်းပြီး ဆိုရှယ်လစ် လူ့အဖွဲ့အစည်းသစ်ကို တည်ဆောက်ရာ၌ အခြေအနေမှာလည်း ဤအတိုင်းပင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ လူ့အဖွဲ့အစည်း စနစ်ပြောင်းလဲသွားသော်လည်း ရုရှားဘာသာစကားသည် အခြေခံအားဖြင့် အရင်းရှင်စနစ်အောက်ရှိ ဘာသာစကားနှင့် တပုံစံတည်း ရှိနေသေး၏။ ဓမ္မတာပင် အခြားသော အခြင်းအရာများ အားလုံးထဲ၌ကဲ့သို့ပင် ဘာသာစကားထဲ၌လည်း ဖြစ်ပေါ်တိုးပွားမှုကား ရှိနေပေသည်။ ၎င်း၏စကားလုံးများတွင် တချို့ စကားလုံးများသည် ဟောင်းနွမ်းလာသဖြင့် ဘာသာစကား ဇာတ်ခုံပေါ်မှ တဖြည်းဖြည်း ထွက်ခွာပေးရကာ ၎င်းတို့အစား အခြင်းအရာသစ်များနှင့် ကိုက်ညီသော စကားလုံးသစ် တချို့ ပေါ်ပေါက်လာသည်။ ဤသို့ဖြင့် ဘာသာစကားများသည် တဖြည်းဖြည်း ပိုမိုပြည့်စုံလာခြင်းပင် ဖြစ်သည်။ ဘာသာစကား၏ အခြေခံစကားလုံးနှင့် သဒ္ဒါဖွဲ့စည်းပုံသည် ဘာသာစကား၏ တဆင့်တက်လှမ်းနေသော ဖြစ်စဉ်အတွင်း၌ တိုးပွားရာ အခြေခံအဖြစ်ပင် ကျန်ရစ်နေသေးသည်။

သို့သော် အခြေခံအုတ်မြစ်နှင့် အထက် အဆောက်အအုံ အစားထိုးခံရသော အခါ၌ ဘာသာစကားသည် ၎င်း၏ အဆောက်အအုံအရဆိုလျှင် (အခြေခံအားဖြင့် ယခင်ကနှင့် တပုံစံတည်းရှိလျှင် ) ဘာသာစကားသည် အခြေခံအုတ်မြစ် လက္ခဏာနှင့် အထက်အဆောက်အအုံ လက္ခဏာပါသော အခြင်းအရာများနှင့် မသက်ဆိုင်ပေ။ ဘာသာစကားသည် တစုံတခုသော လူတန်းစားကို အလုပ်အကျွေးပြုသည်မဟုတ်။ လူ့အဖွဲ့အစည်း တခုလုံးကို အလုပ်အကျွေး ပြုသည်။ အခြေခံအုတ်မြစ်တခုကို အလုပ်အကျွေး ပြုသည်မဟုတ် အခြေခံအုတ်မြစ်အားလုံးကို အလုပ်အကျွေး ပြုသည်။ ထို့ကြောင့် ဘာသာစကားတွင် လူတန်းစား လက္ခဏာ မရှိချေ။

လူလူချင်းဆက်ဆံရေး ကိရိယာဖြစ်သော ဘာသာစကားသည် အထက်အဆောက်အအုံနှင့်လည်း မတူသည့် အချက်မှာ – ၎င်း၏အဝန်းအဝိုင်းသည် အထက်အဆောက်အအုံ၏ အဝန်းအဝိုင်းထက် အတိုင်းမသိ ကျယ်ပြန့်ခြင်းပင် ဖြစ်သည်။ ဘာသာစကားသည် ထုတ်လုပ်ရေးမှ အခြေခံအုတ်မြစ်၊ အခြေခံအုတ်မြစ်မှ အထက်အဆောက်အအုံအထိ လုပ်ငန်းအဝန်းအဝိုင်း အားလုံးရှိ လူများ၏ လှုပ်ရှားမှုတရပ်လုံးနှင့် တိုက်ရိုက်ဆက်သွယ်နေသည်။ အထက် အဆောက်အအုံသည် အခြေခံအုတ်မြစ်နှင့်သာလျှင် တိုက်ရိုက်ဆက်သွယ်နေသည်။

ဘာသာစကားနှင့် လူများ၏ လှုပ်ရှားမှုသဏ္ဍာန် အားလုံးသည် တိုက်ရိုက်ဆက်သွယ်နေသောကြောင့် ဘာသာစကားကို မုချပင် အဆက်မပြတ် ကြွယ်ဝလာစေလိမ့်မည်။ စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း၊ ဝိဇ္ဇာပညာနှင့် အတတ်ပညာ၊ ရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည်တို့၏ ဖြစ်ပေါ်တိုးပွားလာမှုကလည်း ဘာသာစကားကို စကားလုံးသစ်များ၊ စကားအသစ်များဖြင့် မိမိကိုယ်ကို ဖြည့်စွက်ရန် တောင်းဆိုလာနေပေသည်။ ဤသို့ဖြင့် ဘာသာစကား၏ သဒ္ဒါအဆောက်အအုံ ကောင်းမွန်လာသည့် ဖြစ်စဉ်ကို လွယ်ကူလာစေသည်။

ဘာသာစကား၏ ထူးခြားသော လက္ခဏာများကို ဖွင့်ပြလိုက်ခြင်းသည် ဘာသာစကား၏ အတွင်းပိုင်းဖြစ်ပေါ်တိုးပွားမှု တရားများနှင့် အလွန်အရေးကြီးသည့် မူသဘောများကို ချမှတ်ရန် ဝိဇ္ဇာပညာအား အထောက်အကူ ပြုခဲ့သည်။

ဘာသာစကား၏ ဖြစ်ပေါ်တိုးပွားမှုသည် တည်ရှိနေသော ဘာသာစကားကို ဖျက်သိမ်းပစ်ပြီး၊ ဘာသာစကားအသစ်ကို ဖန်တီးသောနည်းဖြင့် ဖြစ်မြောက်လာသည် မဟုတ်ဘဲ၊ တည်ရှိနေသော စကား၏ အခြေခံပေါ်တွင် ဘာသာစကား၏ အစိတ်အပိုင်းများကို တိုးချဲ့၍ ပိုမိုကောင်းမွန်လာစေသော နည်းဖြင့် ဖြစ်မြောက်လာစေပေသည်။ ဘာသာစကားသည် အရည်အချင်း သဏ္ဍာန်တမျိုးမှ အရည်အချင်းသဏ္ဍာန်သစ်သို့ ကူးပြောင်းရာ၌ ပေါက်ကွဲသောနည်းဖြင့် ဖြစ်မြောက်လာသည်

မဟုတ်ဘဲ၊ အဟောင်းကို ချက်ချင်းဖျက်သိမ်းပစ်ပြီး အသစ်ကိုတည်ဆောက်လိုက်သည့် နည်းဖြင့် ဖြစ်ပြောက်လာသည် မဟုတ်ဘဲ၊ အရည်အချင်းသစ် အစိတ်အပိုင်းများ တဖြည်းဖြည်းစုပုံလာ၍ အရည်အချင်းအဟောင်းများ၊ အစိတ်အပိုင်းများ တဖြည်းဖြည်း ပျောက်ကွယ်သွားသည့် နည်းဖြင့်သာ ဖြစ်ပြောက်လာပေသည်။

ဘာသာစကားနှင့် တွေးခေါ်မှုသည် တခုနှင့်တခု မခွဲခွာနိုင်လောက်အောင် ဆက်သွယ်နေသည့် တစုံတခုသော အယူအဆ၊ ချင့်ချိန်မှုနှင့် ဆင်ခြင်မှုကို မဖော်ပြသော ဘာသာစကားဟူ၍ ဘယ်တော့မှ မရှိခဲ့။ ဘာသာစကား အချက်အလက် လုံးဝမပါသော၊ သဘာဝရုပ်ဝတ္ထု မပါသော ဗလာဟင်းလင်း တွေးခေါ်မှုဟူ၍ ဘယ်တော့မှ မရှိခဲ့။ ရှိလည်းမရှိနိုင်ချေ။

ဘာသာစကားသည် တွေးခေါ်မှု၏ တိုက်ရိုက်ဖြစ်ရပ် ဖြစ်သည်။ (ဤကား မာ့က်စ်၏ ပြောဆိုချက်ဖြစ်သည် )

တွေးခေါ်မှုသည် ဘာသာစကားကို အားကိုးမှသာလျှင် တကယ့်ဖြစ်ရပ် ဖြစ်လာနိုင်သည်။ ဘာသာစကား (ဝါ ) အသံထွက်ပြောဆိုသော ဘာသာစကားနှင့် ရေးသားဖော်ပြသော စကားသည် တစုံတခုသော တွေးခေါ်မှုကိုလည်းကောင်း၊ ပကတိဘာဝကမ္ဘာလောကရှိ အခြင်းအရာများနှင့် ပတ်သက်သော အယူအဆကိုလည်းကောင်း၊ ကမ္ဘာလောက ဖြစ်ပေါ်တိုးပွားမှု၏ ပကတိဘာဝ တရားများကိုလည်းကောင်း ဖော်ပြသောနည်း (သဏ္ဍာန် ) ဖြစ်သည်။ တွေးခေါ်မှုကို ဘာသာစကားနှင့်လည်းကောင်း၊ ဘာသာစကားကို တွေးခေါ်မှုနှင့်လည်းကောင်း ခွဲပစ်လိုက်လျှင် စိတ်ဝါဒစွဲလမ်းနေသူများ၏ နွံထဲသို့ ကျရောက်သွားလိမ့်မည်။ တွေးခေါ်မှု ပေါ်လာသည်နှင့် တပြိုင်နက် ချက်ချင်းပင် ဘာသာစကား အရေခွံပါရှိပေသည်။ ဤဖြစ်စဉ်သည် တချိန်တည်း ဖြစ်ပေါ်လာမှုပင် ဖြစ်သည်။ ၎င်းတို့ကို တခုနှင့်တခု ခွဲပစ်ခြင်းကို မပြုသင့်သည်သာမက၊ ၎င်းတို့ကို အချိန်ကာလပိုင်း စည်းကြောင်းအရ ခွဲပစ်ခြင်းလည်း မပြုရပေ။

တွေးခေါ်မှု အယူအဆတို့နှင့် ကိုက်ညီစွာ တွေးခေါ်မှု၏ အနှစ်သာရနှင့် ၎င်း၏ ကျယ်ပြန့်နက်နဲသော အတိုင်းအတာကို အနည်းနှင့်အများ မှန်ကန်စွာ ဖော်ပြနိုင်မည့် တစုံတခုသော စကားလုံးများ ရှိလာသည်။

စကားလုံးများသည်လည်း တွေးခေါ်မှု မှန်ကန်မှုနှင့် တိကျမှုကို ဖော်ပြသော အတိုင်းအတာ ဒီဂရီအရကြည့်လျှင် လေးနက်မှု အတိုင်းအတာ ရှိပေသည်။ ဤအချက်နှင့် ပတ်သက်၍ စကားလုံးနှင့် တွေးခေါ်မှု ဆက်စပ်မှုရှိလျှင် အတွင်းသဘောနှင့် သဏ္ဍာန်၏ ယေဘုယျဆက်စပ်မှုလည်း ဤသို့ ရှိပေလိမ့်မည်။ ဤသည်ကား တခုကိုတခု ဩဇာအရှိန်သက်ရောက်ခြင်းဖြင့် အချင်းချင်းအကြား တိုးတက်သော ဖြစ်ပေါ်တိုးပွားလာမှု ဖြစ်စဉ်ပင် ဖြစ်သည်။

တွေးခေါ်မှုသည် စကားလုံး အချက်အလက်များကို အမြဲတမ်းဩဇာ သက်ရောက်ပြီး ဘာသာစကားကလည်း သဒ္ဒါဖွဲ့စည်းပုံကို ဩဇာသက်ရောက်ပေသည်။ ဘာသာစကားကလည်း တွေးခေါ်မှုကို ပြန်လည်ဩဇာသက်ရောက်ကာ တွေးခေါ်မှု၏ တကယ့်အနှစ်သာရကို ပုံသွင်းပေးပြီး ဖော်ပြပေသည်။ ဘာသာစကား ပြည့်စုံကောင်းမွန်လာလေ၊ လူသားတွေးခေါ်မှု၏ ကြွယ်ဝမှုနှင့် ကြီးမားသော အောင်မြင်မှုများကို ပိုမိုရောင်ပြန်ဟပ်နိုင်လေ ဖြစ်ပေသည်။ ၎င်းနှင့်ပြောင်းပြန်အားဖြင့် ပြောရလျှင် တွေးခေါ်မှုပို၍ ထင်ရှားလာလေ၊ ပိုမို၍ပြည့်စုံကောင်းမွန်လာလေ၊ ပိုမိုတိကျလာလေ၊ ဘာသာစကားလည်း ပို၍ ရှင်းလာလေ၊ ပိုမို၍တိကျလာလေ၊ ပိုမိုလွယ်ကူလာလေ၊ ဘဝင်ကျမှုများ ပိုမို၍ ပြည့်နှက်လာလေပင် ဖြစ်သည်။

အထက်ပါတို့မှာ ဘာသာစကားနှင့် တွေးခေါ်မှု၊ စကားလုံးနှင့် အယူအဆတို့ အပြန်အလှန် ပြုမူသက်ရောက်ခြင်းနှင့် ပတ်သက်၍ အသက်ပါသည့် အနုပဋိလောမတရားပင် ဖြစ်ပေသည်။

ဤပြဿနာအား ခွဲခြမ်းစိတ်ဖြာခြင်းကို အဆုံးသတ်ရာ၌ ငါတို့သည် အောက်ပါနိဂုံးချုပ်ချက်များကို ချုပ်ယူနိုင်ပေသည်။

တွေးခေါ်မှုသည် ငါတို့၏အသိတွင် ပကတိဘာဝဖြစ်ရပ်ကို ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။ ဘာသာစကားသည် လူများအကြား၌ တယောက်နှင့်တယောက် တွေးခေါ်မှုကို ဖော်ပြရန် သတ်မှတ်ရန်နှင့် တဆင့်တက်လှမ်းရန် နည်းနာဖြစ်သည်။ ဆိုလိုသည်ကား ဘာသာစကားသည် လူလူချင်းဆက်ဆံရေး ကိရိယာဖြစ်သည်။ တွေးခေါ်မှုနှင့် ဘာသာစကားသည် တခုနှင့်တခု မခွဲခွာနိုင်လောက်အောင် ဆက်သွယ်နေပေသည်။ ၎င်းတို့သည် တခုကိုတခု အမြဲတမ်း အပြန်အလှန် ပြုမူသက်ရောက်ပေသည်။ အနုပဋိလောမကျသော ဤအပြန်အလှန် ပြုမူသက်ရောက်မှုသည် တွေးခေါ်မှုနှင့် ဘာသာစကား ကြွယ်ဝလာရေးနှင့် ဖြစ်ပေါ်တိုးပွားရေးအတွက် အကြောင်းအချက်တခု ဖြစ်ပေသည်။

<u>ဤဟောပြောချက်၏ အတွင်းသဘောကို ခွဲခြမ်းစိတ်ဖြာရာမှ အောက်ပါနိဂုံးများကို ရရှိပေသည်။</u>

ပထမနိဂုံး။

အဘိဓမ္မာ၏ အခြေခံပြဿနာကို ဖြေရှင်းရာ၌ ရုပ်ဝါဒဂိုဏ်းနှင့် စိတ်ဝါဒဂိုဏ်းဟူ၍ အခြေခံဖြစ်သော၊ တခုနှင့်တခု ဆန့်ကျင်သော ရန်ဘက်ဂိုဏ်းနှစ်ဂိုဏ်းသည် အစဉ်သဖြင့် တည်ရှိပေသည်။

အဘိဓမ္မာ၏ အခြေခံပြဿနာကို ရုပ်ဝါဒအမြင်အရ ရှင်းပြခြင်းသည်၊ စိတ်ဝါဒအရ ရှင်းပြခြင်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ ရုပ်ဝတ္ထုသည် ပထမအရာဖြစ်၍ အသိသည် ဒုတိယအရာဖြစ်သည်ဟု ရုပ်ဝါဒကယူဆပေသည်။ စိတ်ဝါဒကမူ ၎င်းအယူအဆနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ပြီး အသိသည် ပထမအရာ၊ ရုပ်ဝတ္ထုသည် ဒုတိယအရာဟူ၍ ယူဆသည်။ လူမှုရေးသမိုင်းလက်တွေ့နှင့် ဝိဇ္ဇာပညာ၏ အောင်မြင်မှုများက မာ့က်စ်ဝါဒ အဘိဓမ္မာရုပ်ဝါဒ၏ ဝိဇ္ဇာနည်းကျမှုနှင့် တော်လှန်မှုကို သက်သေထူပြရန်၊ အဘိဓမ္မာစိတ်ဝါဒ၏ ဝိဇ္ဇာနည်းမကျမှု၊ ဖောက်ပြန်မှုတို့ကို သက်သေပြနေပေသည်။ မာ့က်စ်ဝါဒအဘိဓမ္မာရုပ်ဝါဒသည် လူ့အဖွဲ့အစည်းရှိ တိုးတက်သော အင်အားစုများ၊ သန်းပေါင်းများစွာသော လုပ်သားပြည်သူများ၏ တွေးခေါ်မှု အလံတော် ဖြစ်သည်။ အဘိဓမ္မာစိတ်ဝါဒကမူ ကမ္ဘာဟောင်း၏ ဖောက်ပြန်ပျက်စီးနေသော အင်အားစုများအတွက် အလုပ်အကျွေး ပြုနေပေသည်။ အဘိဓမ္မာနယ်ပယ်တွင် ဂိုဏ်းနှစ်ဂိုဏ်း၏ တိုက်ပွဲသည် လူတန်းစားတိုက်ပွဲကို ရောင်ပြန်ဟပ်ခြင်းဖြစ်၍ တိုးတက်မှုနှင့် ဖောက်ပြန်မှုအကြား၊ ဝိဇ္ဇာပညာနှင့် အမှောင်အင်အားစုအကြားရှိ တိုက်ပွဲကို ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။

<u>ဒုတိယနိဂုံး။</u>

မာ့က်စ်ဝါဒ၏ အဘိဓမ္မာရုပ်ဝါဒသည် ဝိဇ္ဇာပညာနှင့် လူမှုရေးလက်တွေ့၏ ကြီးမားသော အောင်မြင်မှုများကို အမှီပြုလျက်

အသက်သည် သက်မဲ့အရာများကို ကာလရှည်ကြာစွာ ဖြစ်ပေါ်တိုးပွားမှုမှ ပေါ်ထွက်လာသောအရာ ဖြစ်သည်ဟူသည့် သဘောတရားအရ၊ လက်တွေ့အရ ကြီးမားသော အဓိပ္ပာယ်ရှိသည့် နိဂုံးကို ရရှိခဲ့ပေသည်။

ကမ္ဘာပေါ်တွင် အသက်သည် လိုအပ်သော အကြောင်းအချက်အားလုံး ဖြစ်ပေါ်လာသောအခါ၌ ပေါ်ပေါက်လာပေသည်။ ထို့ကြောင့် သက်ရှိအရာသည် သက်မဲ့အရာ ဖြစ်ပေါ်တိုးပွားမှုမှ တရားနှင့်ကိုက်ညီစွာ ပေါ်ထွက်လာသောအရာဖြစ်သည်။ ထို့ကြောင့် စကြာဝဠာကို ဖန်ဆင်းသော တန်ခိုးအကြီးဆုံး သခင်အကြောင်းနှင့် ပတ်သက်၍ စိတ်ဝါဒက တန်ဆာဆင်ပြီး ပြောဆိုချက်အားလုံးသည် ဝိဇ္ဇာပညာ အခြေအမြစ် လုံးဝမရှိပေ။ ၎င်းတို့သည် လူလူချင်းသွေးစုပ်မှုအပေါ် အခြေစိုက်သည့် သေလုဆဲဆဲ ပြိုကွဲလာခြင်းနှင့် ပုပ်သိုးဆွေးမြေ့လာခြင်းတို့၏ အကျိုးဆက် ဖြစ်ပြီး စနစ်ဟောင်းကမ္ဘာဟောင်းမှ ပေါ်ထွက်လာသည့်အရာ ဖြစ်သည်။

<u>တတိယနိဂုံး။</u>

ငါတို့အာရုံခံစားမှု အားလုံး၏ ရေသောက်မြစ်သည် ငါတို့၏အသိမှ အမှီခိုကင်းစွာ တည်ရှိနေသည့်ရုပ်ဝတ္ထု ဖြစ်သည်။ ဆိုလိုသည်ကား စိတ်ဓာတ်အခြင်းအရာသည် ရုပ်ဝတ္ထုက ခန္ဓာကိုယ်အာရုံအင်္ဂါများကို ဂယက်ရိုက်သည့် အကျိုးသက်ရောက်မှု ဖြစ်သည်။ အဓိပ္ပာယ်မှာ စိတ်ဝါဒ ပြောဆိုချက်အားလုံးမှာ လုံးဝပင် ဝိဇ္ဇာပညာ အခြေအမြစ် မရှိပေ။

<u>စတုတ္ထနိဂုံး။</u>

အသိသည် ထူးခြားစွာ စည်းရုံးထားသော သက်ရှိရုပ်ဝတ္ထု၏ ဂုဏ်အင်္ဂါရပ် ဖြစ်သည်။ အသိသည် လူ့အဖွဲ့အစည်း ကာလရှည်ကြာစွာ ဖြစ်ပေါ်တိုးပွားမှုမှ ပေါ်ထွက်လာသော အရာဖြစ်သည်။ ရည်ရွယ်ချက်ရှိသော အလုပ်ပြုမှုလုပ်ရှားမှုနှင့် အသံထွက်သော ဘာသာစကားတို့သည် လူဖြစ်မည့်လူဝံကို လူအဖြစ်သို့ ပြောင်းလဲလာရာ၌ အဆုံးအဖြတ်ပေးသော အခြေခံအချက်နှစ်ချက် ဖြစ်သည်။ အလုပ်သည် လူသားကို ဖန်တီးခဲ့သည်။ ဦးဏှောက်သည် တွေးခေါ်မှု၏အင်္ဂါ ဖြစ်သည်။ တွေးခေါ်မှုသည် ဦးဏှောက်၏စွမ်းရည် ဖြစ်သည်။ ထို့ကြောင့် တွေးခေါ်မှုနှင့် ဦးဏှောက်အကြား မည်သည့်ဆက်စပ်မှုမျှ မရှိဟူသော စိတ်ဝါဒသမားများ၏ ပြောဆိုချက်များသည် သဘာဝမကျသော မဟုတ်မဟတ် ပြောဆိုချက်များ ဖြစ်သည်။ ၎င်းသည် တကယ့်ဝိဇ္ဇာပညာနှင့် နည်းနည်းမျှ မတူချေ။

<u>ပဉ္စမနိဂုံး။</u>

ဘာသာစကားနှင့် တွေးခေါ်မှုသည် တခုနှင့်တခု မခွဲခွာနိုင်လောက်အောင် ဆက်သွယ်နေပြီး တခုကိုတခု အမြဲတမ်း အပြန်အလှန် ပြုမှုသက်ရောက်ပေသည်။ ဘာသာစကားသည် တွေးခေါ်မှုကို ဖော်ပြသော ကိရိယာဖြစ်ပြီး လူများအကြား၌ တွေးခေါ်မှုကို သတ်မှတ်ရန်နှင့် ဖော်ပြရန်နည်းနာ ဖြစ်သည်။ ဘာသာစကား အချက်အလက် မပါသော ဗလာဟင်းလင်း တွေးခေါ်မှုသည် ဘယ်တော့မှ မရှိပေ။ ရှိလည်းမရှိနိုင်ချေ။ ထို့ကြောင့် တွေးခေါ်မှုနှင့် ဘာသာစကားကို ခွဲပစ်သည့် စိတ်ဝါဒသမားတို့ ပြောဆိုချက်များသည် ဓနရှင်လူတန်းစားကို အလုပ်အကျွေးပြုပြီး ဝိဇ္ဇာပညာနှင့် နည်းနည်းမျှမတူပေ။

---

**“ ကမ္ဘာကြီးတည်ရှိမှုဟာ ထမ်းပိုးထားသူတစုံတယောက် ရှိရမယ်ဆိုတဲ့ – အခြေခံအားဖြင့် မှားယွင်းတဲ့ သဘောတရားအခြေခံနဲ့ စဉ်းစားတဲ့အခါက လူသန်ကြီးက ထမ်း၊ လိပ်ကထမ်း ဖြစ်ခဲ့ပါတယ်။ လူ သို့မဟုတ် လိပ်ကကော ဘယ်ပေါ်ရပ်နေသလဲဆိုတာ ဆက်တွေးတော့ လုံးချာလည်ကုန်တော့တာပဲ။ တန်ခိုးရှင်ဖြစ်လိုဖြစ်၊ လိပ်ပေါ်လိပ်ဆင့်ပြီး လိပ်သံသရာမဆုံးတာ ဖြစ်လိုဖြစ်၊ ယောင်ဝါးဝါးဖြစ်ကုန်မှာပဲ။ အမှန်တရားနဲ့ ကြာလေဝေးလေ ဖြစ်မှာပါ။**

**သဘောတရားအခြေခံ မှန်ကန်တဲ့အခါကျတော့ သိပ္ပံနည်းကျစမ်းသပ်မှု ဖြစ်လာပြီး ကိရိယာသစ်နဲ့ စမ်းသပ်လေ အမှန်တရားပိုတွေ့လေလေ ဖြစ်လာပါတယ်။ ”**

**အထွေထွေအတွင်းရေးမှူး ( ယာယီ ) ၏ နိုင်ငံရေးအစီရင်ခံစာ၊**

**၁၉၈၄ ခုနှစ်၊ ဩဂုတ်လ ( ၁၅ ) ရက်။**

---

# ဘောဂဗေဒ ဟောပြောချက်

## ဟောပြောချက် ( ၆ ) မှအဆက်

ပြဿနာ ( ၂ )။

အရင်း၏လှည့်ပတ်မှု။

အရင်း၏လှည့်ပတ်မှုနှင့် လှည့်ပတ်မှုအချိန်။ အရင်း၏လည်ပတ်မှုသည် တကြိမ်လည်ပတ်ရုံဖြင့် ရပ်ဆိုင်းသွားသည်မဟုတ်။ လည်ပတ်မှုတခု ပြီးဆုံးပြီးနောက်၊ နောက်ထပ်လည်ပတ်မှုတခု ဖြစ်ပွားကာ အရင်းလှုပ်ရှားမှု၏ လှည့်ပတ်မှုအချိန်များ ပေါ်ပေါက်လာပေသည်။ "အရင်း၏ လည်ပတ်မှုကို သီးခြားကင်းကွာသော အဖြစ်အပျက်အဖြစ် သဘောမထားဘဲ၊ ကာလပိုင်းဖြစ်စဉ် အနေနှင့် ထွက်ပေါ်လာသည့်အခါ ၎င်းကိုအရင်း၏ လှည့်ပတ်မှုဟု ခေါ်ပေသည်" ဟု မာ့က်စ်က ဆိုခဲ့သည်။

လှည့်ပတ်မှု ဖြစ်စဉ်အတွင်းတွင် အရင်းသည် ထုတ်လုပ်ရေးနယ်ပယ်နှင့် လှည့်လည်ရေး နယ်ပယ်များကို ဖြတ်သန်းရသည်။ ထုတ်လုပ်ရေး နယ်ပယ်အတွင်း အရင်းတည်ရှိသော အချိန်ကို အရင်း၏ ထုတ်လုပ်ရေး အချိန်ဟု ခေါ်သည်။ လှည့်လည်ရေး နယ်ပယ်အတွင်း တည်ရှိသောအချိန်ကို အရင်း၏ လှည့်လည်ရေး အချိန်ဟုခေါ်သည်။

ထုတ်လုပ်ရေး အချိန်အတွင်းတွင် အလုပ်ဖြစ်စဉ်၏ အချိန်သည်လည်း အကျုံးဝင်သည်။ သို့ဖြစ်၍ ထုတ်လုပ်ရေးအချိန်နှင့် အလုပ်ချိန်သည် တထပ်တည်းမဟုတ်ပေ။ ထုတ်လုပ်ချိန်သည် အလုပ်ချိန်ထက် ပိုရှည်သည်။ အလုပ်ချိန် အနည်းနှင့်အများကို ထုတ်လုပ်ရေးကဏ္ဍ၏ လက္ခဏာက ဦးစွာဆုံးဖြတ်ပေသည်။ ဥပမာ ချည်ငင်စက်ရုံက နေ့စဉ် တစုံတရာ ပမာဏရှိသော ဝါဂွမ်းကို ချည်ဖြစ်အောင် ထုတ်လုပ်ပေးနိုင်သည်။ သို့သော် မီးရထားစက်ခေါင်းရုံက မီးရထားစက်ခေါင်း တခုလုံးကို ထုတ်လုပ်နိုင်ရန် ရက်ဆယ်အချို့ စောင့်ဆိုင်းရပေသည်။ ဒုတိယအားဖြင့် စက်ရုံ၏ အတတ်ပညာ ရေချိန်က ဆုံးဖြတ်ပေသည်။ ထုတ်လုပ်သော ပစ္စည်းအမျိုးအစားတူပါက အတတ်ပညာ ရေချိန်မြင့်သော စက်ရုံ၏ အလုပ်ချိန်အပိုင်းအခြားသည် တိုတောင်းသည်။ အတတ်ပညာ ရေချိန်နိမ့်သော စက်ရုံ၏ အလုပ်ချိန် အပိုင်းအခြားသည် ရှည်လေသည်။ အချို့သော ထုတ်လုပ်ရေးလုပ်ငန်း၌ အလုပ်ပစ်မှတ်သည် သဘာဝဖြစ်စဉ်၏ ဩဇာသက်မှုကို ခံရသည်။ ဤကာလအတွင်းတွင် ၎င်း၏အင်္ဂါရပ်တွင် ရူပဗေဒဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာနှင့် အခြားပြောင်းလဲမှုများ ဖြစ်ပေါ်စေပေသည်။ ဤအချိန်မျိုး၌ အလုပ်ဖြစ်စဉ်သည် တခုလုံး သို့မဟုတ် တစိတ်တပိုင်းအားဖြင့် ရပ်စဲသွားပေသည်။ ဥပမာ အရက်ဖောက်သောဖြစ်စဉ်နှင့် သစ်ပင်များ ပေါက်ဖွားသော ဖြစ်စဉ်သည် ဤကဲ့သို့သော ထုတ်လုပ်ရေး အချိန်ပင်ဖြစ်သည်။ ဥပမာ စပါးသီးနှံများ စိုက်ပျိုးရာတွင် ပျိုးကြဲသည့်အချိန်မှ ရိတ်သိမ်းသည့်အထိ အလုပ်ဖြစ်စဉ်မှာ လုံးဝလိုလိုပင် ရပ်စဲသွားပေသည်။ ထုတ်လုပ်ရေး အချိန်သည် ကုန်ကြမ်းများကို သိုလှောင်ချိန်လည်း ပါဝင်သည်။ ထုတ်လုပ်ရေးကို ပုံမှန်အာမခံနိုင်ရန် အတွက် မည်သည့် ထုတ်လုပ်ရေး ကဏ္ဍ၌မဆို တစုံတရာ ပမာဏရှိသော ကုန်ကြမ်းများကို သိုလှောင်ရန် လိုအပ်ပေသည်။ အချို့သော ကဏ္ဍများ၌ ကုန်ကြမ်းများကို ရာသီအလိုက် ထုတ်လုပ်သောကြောင့် (ဥပမာ သိုးမွေး၊ ဆေးရွက်) သိုလှောင်ချိန်သည် ပို၍ကြာလေသည်။

အရင်းလှည့်လည်ရေး အချိန်သည် အသပြာအရင်းမှ ထုတ်လုပ်ရေးအရင်းသို့ ပြောင်းလဲချိန်နှင့် ကုန်စည်အရင်းမှ အသပြာအရင်းသို့ ပြောင်းလဲချိန် ပါဝင်လေသည်။ တနည်းအားဖြင့် ထုတ်လုပ်ရေးပစ္စည်းနှင့် လုပ်အားဝယ်ယူရန် လိုအပ်သောအချိန်နှင့် ကုန်စည်ရောင်းရန် လိုအပ်သော အချိန်များ ပါဝင်သည်။ လှည့်လည်ရေးအချိန် အတိုအရှည်သည် ဈေးကွက်၏ဝယ်အားနှင့် ရောင်းအား အခြေအနေ၊ ထုတ်လုပ်သောနေရာနှင့် ဈေးကွက်၏အကွာအဝေးနှင့် သယ်ယူပို့ဆောင်ရေး အခြေအနေက အဓိကအားဖြင့် ဆုံးဖြတ်ပေသည်။

အရင်း၏ ထုတ်လုပ်ရေးအချိန်နှင့် လှည့်လည်ရေးအချိန်၏ စုစုပေါင်းသည် အရင်း၏ လှည့်ပတ်မှုအချိန် ဖြစ်သည်။ ထုတ်လုပ်ရေးကဏ္ဍအသီးသီး၏ အချက်အလက်၊ ထုတ်လုပ်ရေးအချိန်နှင့် လှည့်လည်ရေးအချိန် မတူကြသောကြောင့် အရင်း၏ လှည့်ပတ်မှုအချိန်သည် အမျိုးမျိုးအဖုံဖုံ ရှိပေသည်။

အရင်း၏ လှည့်ပတ်မှုအချိန်ကို တွက်ချက်ရာတွင် အများအားဖြင့် နှစ်ကို

ယူနစ်အဖြစ်ထားပြီး တွက်ချက်ပေသည်။ အကယ်၍ အရင်းတခါ လည်ပတ်သည့်အချိန် သုံးလကြာပါက၊ တနှစ်လျှင် လှည့်ပတ်သည့် အကြိမ်သည် လေးခါဖြစ်သည်။ အကယ်၍ ဆယ်လကြာပြီးမှ တခါ လည်ပတ်၍ပြီးပါက တနှစ်လျှင် လှည့်ပတ်သည့်အကြိမ်သည် သုံးပိုင်း နှစ်ပိုင်း ဖြစ်ပေသည်။ အရင်း၏ လည်ပတ်သည့်အချိန်နှင့် လှည့်ပတ်သည့်အကြိမ် အရေအတွက်သည် ပြောင်းပြန်အချိုးအစား ဖြစ်သည်။ သတ်မှတ်ထားသောအချိန်၌ တပတ်လည်ပတ်နိုင်ရန် လိုအပ်သည့် အချိန် တိုတောင်းပါက လှည့်ပတ်သော အကြိမ်အရေအတွက်သည် ပို၍များလေသည်။ တနည်းအားဖြင့် လှည့်ပတ်သောအရှိန် ပို၍ မြန်လေသည်။ ပြောင်းပြန်အားဖြင့် တပတ်လည်ပတ်နိုင်ရန် လိုအပ်သည့်အချိန် ရှည်ကြာပါက လှည့်ပတ်သော အကြိမ်အရေအတွက် ပို၍ နည်းလေသည်။ တနည်းအားဖြင့် လှည့်ပတ်သောအရှိန် နှေးလေသည်။

<u>တည်မြဲနေသည့်အရင်းနှင့် လှည့်လည်နေသည့်အရင်း။</u> လှည့်ပတ်မှု၏ ထူးခြားချက်အရ ထုတ်လုပ်ရေးအရင်းကို တည်မြဲနေသည့် အရင်းနှင့် လှည့်လည်နေသည့်အရင်းဟူ၍ ခွဲခြားနိုင်သည်။ တည်မြဲနေသည့်အရင်း သည် စက်ခန်း၊ စက်ကိရိယာ၊ အဆောက်အဦး၊ အခြားအလုပ်ကိရိယာ အစရှိသော သဏ္ဌာန်များဖြင့် တည်ရှိနေသော ထုတ်လုပ်ရေးအရင်းထဲမှ အစိတ်အပိုင်းကို ဆိုလိုသည်။ တည်မြဲနေသည့် အရင်း၏ရုပ်ဝတ္ထု အသွင်သဏ္ဌာန် အားလုံးသည် ထုတ်လုပ်ရေးဖြစ်စဉ်ထဲတွင် ပါဝင်ကြ သည်။ ၎င်း၏တန်ဖိုးသည် စက်ခန်း၊ စက်ကိရိယာများ၏ ပွန်းပဲ့မှု အတိုင်းအတာအရ ထုတ်လုပ်လိုက်သော အထွက်ပစ္စည်း အသစ် အတွင်းသို့ တန်ဖိုးအစိတ်အပိုင်းအလိုက် ရွှေ့ပြောင်းသွားလေသည်။ ဥပမာ တွင်ခုံစက်တလုံးသည် တသိန်းတန်ပြီး ဆယ်နှစ်အသုံးပြုနိုင်သည် ဆိုပါက အထွက်ပစ္စည်း အသစ်အတွင်းသို့ ရွှေ့ပြောင်းသွားသော ၎င်း၏တန်ဖိုးသည် တသောင်းဖြစ်ပေသည်။ ဆယ်နှစ်ကြာပြီးမှ ၎င်း၏တန်ဖိုးအားလုံး ရွှေ့ပြောင်းပြီးနိုင်သည်။ တည်မြဲနေသည့်အရင်း၏ တန်ဖိုးကို ပေးချေနိုင်ရန်အတွက် ကုန်စည်များ ရောင်းချပြီးနောက် အရင်းရှင်များသည် တည်မြဲနေသည့် အရင်း၏ ပွန်းပဲ့မှုအရ သင့်လျော်သော ငွေပမာဏကို ကာလအပိုင်းအခြားအလိုက် နုတ်ယူလေသည်။ လှည့်လည်နေသည့် အရင်းသည် ကုန်ကြမ်း၊ လောင်စာ၊ အရန်ပစ္စည်း အဖြစ် တည်ရှိသောအရင်းနှင့် လုပ်အားကို ဝယ်ယူသော အရင်းများကို ဆိုလိုသည်။ ကုန်ကြမ်း၊ လောင်စာ၊ အရန်ပစ္စည်းများ၏ တန်ဖိုး အားလုံးသည် ထုတ်လုပ်ရေးဖြစ်စဉ်တွင် ကုန်စည်ထဲသို့ တခါတည်း ရွှေ့ပြောင်းသွားသည်။ လုပ်အား၏တန်ဖိုးသည် ကုန် ပစ္စည်းများ အတွင်းသို့ ရွှေ့ပြောင်းမသွားသော်လည်း ထုတ်လုပ်ရေးဖြစ်စဉ် အတွင်းတွင် ၎င်းကိုပြန်လည်ထုတ်လုပ်နိုင်သည်။ ကုန်စည်ကို ရောင်းပြီး နောက် အရင်းရှင်များလက်ဝယ်သို့ ပြန်လည်ရောက်ရှိနိုင်သည်။ ၎င်း၏ လှည့်ပတ်သော နည်းနာသည် လှည့်လည်နေသည့်အရင်း၏ အခြား အစိတ်အပိုင်းများနှင့် တူညီသည်။ ထို့ကြောင့် တည်မြဲနေသည့် အရင်းနှင့် လှည့်လည်နေသည့် အရင်း၏လှည့်ပတ်မှု အရှိန်သည် မတူ ကြပေ။ တည်မြဲနေသည့်အရင်း၏ လှည့်ပတ်မှုအရှိန်သည်နှေးပြီး လှည့် လည်နေသည့် အရင်း၏ လှည့်ပတ်မှုအရှိန်သည် မြန်သည်။ တည်မြဲနေသည့်အရင်း တပတ်ပြည့်သောအခါ လှည့်လည်နေသည့် အရင်းသည် အပတ်အချို့ လှည့်ပတ်ပြီးဖြစ်နေလေသည်။

ရှေ့ပိုင်း၌ အစွန်းထွက်တန်ဖိုး ထုတ်လုပ်ရာ၌ ပါဝင်မှုတွင် ကွာခြားမှုအရအရင်းကို မပြောင်းလဲသောအရင်းနှင့် ပြောင်းလဲနိုင်သော အရင်းဟူ၍ ခွဲခြားနိုင်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယခုလှည့်ပတ်မှု သဏ္ဌာန်တွင် ကွာခြားမှုအရ အရင်းကို တည်မြဲနေသည့်အရင်းနှင့် လှည့်လည်နေသည့်အရင်းဟူ၍ ခွဲခြားနိုင်ပေသည်။ ဤခွဲခြားမှုနှစ်ရပ်၏ ဆက်စပ်မှုကို အောက်ပါအတိုင်း ဖော်ပြနိုင်ပေသည်။

| <u>သွေးစုပ်မှုဖြစ်စဉ်၏ပါဝင်မှုအရ ခွဲခြားသော်</u> | <u>အရင်း၏အစိတ်အပိုင်းများ</u> | <u>လှည့်ပတ်မှုသဏ္ဌာန်အရ ခွဲခြားသော်</u> |
| --- | --- | --- |
| မပြောင်းလဲသောအရင်း | စက်ခန်းနှင့် အခြားအဆောက်အဦးများ၊ စက်ပစ္စည်းနှင့် စက်ကိရိယာ | တည်မြဲနေသည့်အရင်း |
| | ကုန်ကြမ်း၊ လောင်စာ၊ အရန်ပစ္စည်း | |
| ပြောင်းလဲနိုင်သောအရင်း | လုပ်ခ | လှည့်လည်နေသည့်အရင်း |

တည်မြဲနေသည့်အရင်းနှင့် လှည့်လည်နေသည့်အရင်းဟူသော ပိုင်းခြားမှုတွင် ပြောင်းလဲနိုင်သောအရင်းသည် လှည့်လည်နေသည့် အရင်း၏တစိတ်တပိုင်းသာ ဖြစ်သည်။ အကယ်၍ အရင်းကို တည်မြဲနေသည့် အရင်းနှင့် လှည့်လည်နေသည့်အရင်းဟူ၍သာ ပိုင်းခြားပြီး၊ မပြောင်းလဲသော အရင်းနှင့် ပြောင်းလဲနိုင်သော အရင်းဟူ၍ မခွဲခြားပါက အစွန်းထွက်တန်ဖိုး၏ ရေသောက်မြစ်ကို ဖုံးကွယ်ရာ ကျရောက်ပေသည်။ အရင်းရှင်လူတန်းစား နိုင်ငံရေးဘောဂဗေဒပညာရှင်များသည် တည်မြဲနေသည့်အရင်းနှင့် လှည့်လည်နေသည့်အရင်း၏ ပိုင်းခြားမှုကိုသာ အသိအမှတ်ပြုသည်။ မပြောင်းလဲသောအရင်းနှင့် ပြောင်းလဲနိုင်သော အရင်းဟူသော ပိုင်းခြားမှုကို လုံးဝအသိအမှတ် မပြုပေ။

တည်မြဲနေသည့်အရင်း၏ အစိတ်အပိုင်း အသီးသီးသည် ၎င်းတို့အသုံးပြုခြင်းခံရသော သက်တမ်းအတွင်းတွင် နှစ်စဉ်ပွန်းပဲ့မှုများ ဖြစ်ပေါ်လေ့ရှိသည်။ ၎င်းပွန်းပဲ့မှုများသည် ဘက်နှစ်ဘက်မှ ဖြစ်ပွားပေသည်။ ဘက်တဖက်မှာ ၎င်းကိုအသုံးပြုခြင်းကြောင့် ဖြစ်သည်။ အခြား ဘက်တဖက်မှာ သဘာဝကြောင့် ဖြစ်သည်။ ဥပမာ သစ်သားဖြင့်ပြုလုပ်သော စက်အစိတ်အပိုင်းများသည် ဆွေးတတ်သည်။ သံဖြင့်ပြုလုပ်သော စက်အစိတ်အပိုင်းများမှာ သံချေးတက်တတ်သည်။ ဤကဲ့သို့ ပွန်းပဲ့မှုကို တည်မြဲနေသည့်အရင်း၏ အကောင်အထည်ရှိသော ပွန်းပဲ့မှုဟုခေါ်သည်။ (သို့မဟုတ် ရုပ်ဝတ္ထုအရ ပွန်းပဲ့မှုဟု ခေါ်သည်) တည်မြဲနေသည့်အရင်း၌ အကောင်အထည် မရှိသော ပွန်းပဲ့မှုဟူသော ပွန်းပဲ့မှုမျိုးလည်း ရှိသေး သည်။ (၎င်းကိုစိတ်ပိုင်းဆိုင်ရာ ပွန်းပဲ့မှုဟုခေါ်သည် ) ဤပွန်းပဲ့မှုမှာ နည်းနာအတတ်ပညာ တိုးတက်လာမှုကြောင့် အလားတူစက်များကို ထုတ်လုပ်သော အလုပ်၏ ကုန်ခန်းမှုလျော့နည်းရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သို့မဟုတ်ပါက ပိုမိုကောင်းမွန်သောစက်များ အပြိုင်အဆိုင်

ရောင်းချရာမှ လက်ရှိစက်များ တန်ဖိုးလျော့နည်း သွားခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ တည်မြဲနေသည့် အရင်း၏ အကောင်အထည်မဲ့သော ပွန်းပဲ့မှုသည် အရင်းရှင်များအား ဆုံးရှုံးစေသည်။ ထို့ကြောင့် အရင်းရှင်များသည် တည်မြဲနေသည့်အရင်း၏ လှည့်ပတ်မှုကို တတ်နိုင်သရွေ့ လျင်မြန်အောင် လုပ်သည်။ တနေ့တာ အလုပ်ချိန်ကို တိုးမြှင့်ခြင်း၊ အလုပ်ပြင်းထန်မှုကို မြှင့်တင်ခြင်း၊ ၂၄ နာရီလုံး အလှည့်ကျ အလုပ်တက်သော စနစ်ကျင့်သုံးခြင်း အစရှိသည့် နည်းနာများဖြင့် စက်ကိရိယာကို တတ်နိုင်သရွေ့ အပြည့်အဝ အသုံးချပြီး တိုတောင်းသော အချိန်အတွင်းတွင် တည်မြဲနေသည့် အရင်း၏တန်ဖိုးကို ပြန်လည်ရရှိရန် ကြိုးစားကြလေသည်။

<u>ကြိုတင်စိုက်ထုတ်သော အရင်း၏ တခုလုံးလှည့်ပတ်ခြင်း။</u> တည်မြဲနေသည့်အရင်းနှင့် လှည့်လည်နေသည့်အရင်း၏ လှည့်ပတ်မှု အချိန်မတူကြသောကြောင့် ကြိုတင်စိုက်ထုတ်ထားသောအရင်း၏ တခုလုံးလှည့်ပတ်ခြင်းသည် အရင်း၏အစိတ်အပိုင်း အသီးသီး၏ ပျမ်းမျှ လှည့်ပတ်မှုဖြင့် သတ်မှတ်ရပေလိမ့်မည်။ တည်မြဲနေသည့်အရင်းမှာ တသိန်း၊ ငါးသောင်းဖြစ်ပြီး စက်ရုံအဆောက်အဦးသည် လေးသောင်းကုန်ကျ၍၊ အနှစ် ၄၀ အသုံးပြုနိုင်သည်။ စက်ကိရိယာများသည် ၈ သောင်း ကုန်ကျပြီး ၁၀ နှစ် အသုံးပြုနိုင်သည်။ အခြားအလုပ် ကိရိယာများသည် ၂ သောင်း ကုန်ကျပြီး ၄ နှစ် အသုံးပြုနိုင်သည်။ လှည့်လည်နေသည့် အရင်းသည် ၅ သောင်းဖြစ်သည်။ တနှစ်လျှင် ၆ ကြိမ်လှည့်ပတ်ပါက ကြိုတင်စိုက်ထုတ်သော အရင်းတခုလုံး၏ လှည့်ပတ်မှုမှာ အောက်ပါဇယား အတိုင်းဖော်ပြ နိုင်ပေသည်။

| ထုတ်လုပ်ရေး၏အစိတ် အပိုင်းအသီးသီး | တန်ဖိုး(ကျပ်) | တနှစ်အတွင်း လှည့်ပတ်သော အကြိမ် | တနှစ်အတွင်းလှ ပတ်သောတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|
| တည်မြဲနေသည့်အရင်း | ၁၅၀,၀၀၀ | ၁/၁၀ | ၁၅,၀၀၀ |
| ၎င်းအတွင်းပါဝင်သော စက်ရုံအဆောက်အဦး | ၄၀,၀၀၀ | ၁/၄၀ | ၁,၀၀၀ |
| စက်ကိရိယာ | ၈၀,၀၀၀ | ၁/၁၀ | ၈,၀၀၀ |
| အခြားအလုပ်ကိရိယာများ | ၂၀,၀၀၀ | ၁/၄ | ၅,၀၀၀ |
| လှည့်လည်နေသည့်အရင်း | ၅၀,၀၀၀ | ၆ | ၃၀၀,၀၀၀ |
| ကြိုတင်စိုက်ထုတ်သော အရင်းစုစုပေါင်း | ၂၀၀,၀၀၀ | ၁.၅၈ | ၃၁၅,၀၀၀ |

စုစုပေါင်းအရင်း၏ လှည့်ပတ်မှုအရှိန်သည် ထုတ်လုပ်ရေးအရင်း၏ ဖွဲ့စည်းမှုနှင့် ဆက်စပ်နေသည်။ စုစုပေါင်းအရင်းထဲတွင် တည်မြဲနေသည့်အရင်း ပါဝင်သော အချိုးအစားက များပါက အရင်း၏လှည့်ပတ်မှုသည် နှေးပေလိမ့်မည်။ လှည့်လည်နေသည့်အရင်း ပါဝင်မှု အချိုးအစားက များပါက အရင်း၏လှည့်ပတ်မှုသည် မြန်လိမ့်မည်။

<u>အစွန်းထွက်တန်ဖိုး ထုတ်လုပ်မှုအပေါ် အရင်း၏လှည့်ပတ်မှု၊ အချိန်၏ ဂယက်ရိုက်မှု။</u> အစွန်းထွက်တန်ဖိုး ထုတ်လုပ်မှုအပေါ် အရင်း၏ လှည့်ပတ်မှုအရှိန်သည် ကြီးမားစွာ ဂယက်ရိုက်ပေသည်။

အရင်း၏လှည့်ပတ်မှု အရှိန်မြန်ပါက ကြိုတင်စိုက်ထုတ်ရသော အရင်းကို ချွေတာနိုင်သည်။ အထူးသဖြင့် လှည့်လည်နေသည့် အရင်းကို ချွေတာနိုင်သည်။ အရင်းရှင်နှစ်ဦး၏ စက်ရုံအတိုင်းအတာမှာ တူညီကြပြီး လစဉ်စိုက်ထုတ်ရသော လှည်လည်နေသည့်အရင်းမှာ တသောင်းကျစီ ဖြစ်သည်ဆိုကြပါစို့၊ အကယ်၍ ပထမအရင်းရှင်၏ အရင်းလှည့်ပတ်မှု မြန်ဆန်ပြီး၊ တလလျှင် တကြိမ်လှည့်ပတ်ပါက လဆန်းတွင် ထည့်သွင်းသော ငွေတသောင်းကို လကုန်တွင် ပြန်လည်ရရှိနိုင်သည်။ နောက်တလတွင် ဤငွေတသောင်းကို ပြန်လည်ထည့်သွင်းနိုင်သည်။ ဤသို့ဖြင့် ကြိုတင်စိုက်ထုတ်သော အရင်းငွေတသောင်းဖြင့် လှည့်လည်နေသည့်အရင်း၏ လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်ပေသည်။ အကယ်၍ ဒုတိယအရင်းရှင်၏ အရင်းလှည့်ပတ်မှုမှာ နှေးပြီး တနှစ်လျှင်တခါသာ လှည့်ပတ်ပါက ပထမလတွင် ထည့်သွင်းသော ငွေတသောင်းကို နှစ်ကုန်မှ ပြန်လည်ရရှိနိုင်သည်။ ဒုတိယလတွက် တဖန်ငွေတသောင်း ပြန်လည်ထည့်သွင်းရပြန်သည်။ ဤသို့ဖြင့် လှည့်လည်နေသည့် အရင်းအတွက် ငွေတသိန်းနှစ်သောင်း လိုအပ်ပေသည်။

လှည့်လည်နေသည့် အရင်းအတွင်းရှိ ပြောင်းလဲနိုင်သောအရင်း၏ လှည့်ပတ်မှု မြန်ပါက အလားတူ ကြိုတင်စိုက်ထုတ်သောအရင်းက တူညီသောအချိန်ပိုင်းအတွင်း၌ အစွန်းထွက်တန်ဖိုးကို ပိုမိုပေးစွမ်းနိုင်သည်။ အရင်းရှင်နှစ်ဦးတွင် ပြောင်းလဲနိုင်သော အရင်းနှစ်သောင်းစီရှိပြီး အစွန်းထွက်တန်ဖိုး နှုန်းမှာ ၁၀၀% ဖြစ်သည်ဆိုကြပါစို့၊ အကယ်၍ ပထမလူ၏ ပြောင်းလဲနိုင်သောအရင်းမှာ တနှစ်လျှင် တကြိမ်လှည့်ပတ်ပြီး ဒုတိယလူ၏ ပြောင်းလဲနိုင်သောအရင်းသည် တနှစ်နှစ်ကြိမ်လှည့်ပတ်လျှင် နှစ်ကုန်သို့ရောက်သောအခါ ပထမလူသည် အစွန်းထွက်တန်ဖိုး နှစ်သောင်းရရှိပြီး ဒုတိယလူမှာ အစွန်းထွက်တန်ဖိုးလေးသောင်း ရရှိပေလိမ့်မည်။ ၎င်းတို့၏မူလ အစွန်းထွက်တန်ဖိုးနှုန်းမှာ တူညီကြသော်လည်း နှစ်ကုန်တွင် ပေါ်ထွက်လာသော အစွန်းထွက်တန်ဖိုးနှုန်း (တနှစ်အတွင်း ထုတ်လုပ်သော အစွန်းထွက်တန်ဖိုးနှင့် တနှစ်အတွင်း ကြိုတင်စိုက်ထုတ်သော ပြောင်းလဲနိုင်သောအရင်းကို ဆိုလိုသည် ) မှာ မတူညီကြတော့ပေ။

ပထမလူ၏ အစွန်းထွက်တန်ဖိုးနှုန်း ၂၀,၀၀၀/ ၂၀,၀၀၀ = ၁၀၀%

ဒုတိယလူ၏_အစွန်းထွက်တန်ဖိုးနှုန်း  ၄၀,၀၀၀/ ၂၀,၀၀၀ = ၂၀၀%

အရင်း၏ လှည့်ပတ်မှုကို မြန်အောင်လုပ်ပါက အရင်းရှင်များအား ပိုမိုများပြားသော အစွန်းထွက်တန်ဖိုးကို ပေးစွမ်းနိုင်သောကြောင့် အရင်းရှင်များသည် နည်းနာမျိုးစုံဖြင့် ထုတ်လုပ်ရေးအချိန်နှင့် လှည့်လည်ရေးအချိန်ကို တတ်နိုင်သ၍ လျှော့ပစ်ကြလေသည်။ ထုတ်လုပ်ရေးအချိန်လျှော့ရာတွင် အရင်းရှင်များသည် အဓိကအားဖြင့် နည်းနာအတတ်ပညာ အသစ်များကို မိုခိုပြီး ပစ္စည်းတခုကို ထုတ်လုပ်သောလိုအပ်သည့်အချိန်နှင့် သဘာဝ၏ ဩဇာသက်ရောက်မှု အချိန်ကို လျှော့ပစ်ကြသည်။ ၎င်းနောက် တနေ့တာ အလုပ်ချိန်နှင့် အလုပ်ပြင်းထန်မှုကို တိုးမြှင့်သောနည်းဖြင့် အထွက်ပစ္စည်း ထုတ်လုပ်သောအချိန်ကို လျှော့ပစ်ကြသေးသည်။ အရင်း၏လှည့်လည်ရေးအချိန်ကို လျှော့ရာတွင် အရင်းရှင်များသည် သယ်ယူပို့ဆောင်ရေး၊ ကြေးနန်းနှင့် စာပို့လုပ်ငန်းများကို ထွန်းကားစေခြင်း၊ ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများကို ပြုပြင်ဖွဲ့စည်းခြင်း အစရှိသော နည်းနာများကို အသုံးပြုကြသည်။

ဤသို့နည်းနာမျိုးစုံဖြင့် အရင်း၏လှည့်ပတ်မှုအရှိန်ကို လျင်မြန်စေသော်လည်း အရင်းရှင်စနစ်တွင် တည်ရှိနေသော ပဋိပက္ခများကြောင့် နည်းနာအတတ်ပညာတိုးတက်မှုကို အမြဲတမ်းတားဆီး နှောင့်ယှက်ခံနေရခြင်းကြောင့်လည်းကောင်း၊ ကုန်စည်များ အမြဲလိုပင်ရောင်းမထုတ်နိုင်သောကြောင့်လည်းကောင်း အရင်းရှင်များ၏ အရင်းကို လျင်မြန်စွာ လှည့်ပတ်လိုသောဆန္ဒမှာ အကောင်အထည် မပေါ်နိုင်ဘဲဖြစ်နေပေသည်။ စီးပွားရေးကပ်ဆိုးကြီး ဆိုက်ရောက်ချိန်၌ကား ဤအခြေအနေသည် ပို၍ပင်ဆိုးရွားလေတော့သည်။

**“လူ့သမိုင်းဟာ ဖြစ်ရိုးဖြစ်စဉ်နယ်ပယ်က လွတ်လပ်တဲ့နယ်ပယ်ကို ရွှေ့ရှုပြီး အဆက်မပြတ်တိုးတက်ထွန်းကားလာတဲ့ သမိုင်းစဉ်ဖြစ်တယ်။ ဒီသမိုင်းစဉ်ဟာ ဘယ်တော့မှ အဆုံးသတ်မှာမဟုတ်ဘူး။ လူတန်းစားရှိနေတဲ့ လူ့အဖွဲ့အစည်းမှာ လူတန်းစားတိုက်ပွဲဟာ အဆုံးသတ်မှာမဟုတ်။ လူတန်းစားမရှိတော့တဲ့ လူ့အဖွဲ့ အစည်းမှာ အသစ်နဲ့အဟောင်း၊ အမှန်နဲ့အမှားတိုက်ပွဲဟာ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်။ ကုန်ထုတ်လုပ်ရေးတိုက်ပွဲနဲ့ ဝိဇ္ဇာပညာ စမ်းသပ်ရေးနယ်ပယ်မှာ လူသားတို့ဟာ မပြတ်တိုးတက်နေတယ်။ ဘယ်တော့မှ တနေရာတည်း ရပ်တန့်နေမှာ မဟုတ်ဘူး။**

**ဒါကြောင့်လူသားတို့ဟာ အတွေ့အကြုံများကို မပြတ်ပေါင်းရုံးသုံးသပ်ပြီး တွေ့ရှိချက်တွေ၊ တီထွင်ချက်တွေ၊ ဖန်တီးချက်တွေနဲ့ တိုးတက်ချက်တွေရအောင် လုပ်ရစမြဲပဲ။ ရပ်တန့်လိုတဲ့ အယူအဆ၊ ဘာမှဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ဆိုတဲ့ အယူအဆနဲ့ ဘဝင်မြင့်တဲ့အယူအဆများဟာ အားလုံးမှားတယ်။ ”**

**ချူအင်လိုင်း**

**‘ တတိယအကြိမ် ပြည်လုံးကျွတ် ပြည်သူ့ကွန်ဂရက်တွင် တင်သွင်းသော အစိုးရလုပ်ငန်း အစီရင်ခံစာ ’ ၁၉၆၄ ခုနှစ်။**

# နိုင်ငံတကာ

## တိုတိုထွာထွာ

### ဒုံးခွင်းဒုံးအစီအစဉ်ကို ပညာရှင်များဆန့်ကျင်

"လေးစားအပ်တဲ့သမတကြီးခင်ဗျား၊ သမတကြီး၏ ကျန်ရှိနေသော သက်တမ်းကာလအတွင်းမှာ ဒုံးခွင်းဒုံးအစီအစဉ်ကို အကောင်အထည်မဖော်ရန် အလေးအနက်ပန် ကြားအပ်ပါသည်။ ဤစနစ်ကြောင့် အကာအကွယ်ရမှာက နည်းနည်း၊ သို့ကြောင့် ကျွန်တော်တို့ နိုင်ငံ၏အဓိကကျသော လုံခြုံရေး အကျိုးစီးပွားများကို ထိခိုက်စေမည့် အန္တရာယ်က ပိုများနေပါသည်။"

ဒါဟာ အမေရိကန်နိုင်ငံက နိုဘယ်ဆုရသိပ္ပံပညာရှင် ငါးဆယ်တို့က ဇူလိုင်လ ၆ရက်နေ့စွဲနဲ့ သမတ ကလင်တန်ဆီကို ပို့လိုက်တဲ့ စာရဲ့အစချီချက် ဖြစ်ပါတယ်။ "အမေရိကန်ပြည်ထောင်စုဟာ မိမိကိုထိအောင်ပစ်ခတ် နိုင်စွမ်းမရှိတဲ့ နိုင်ငံငယ်လေးတွေရဲ့ အန္တရာယ်ကို ကာကွယ်ရန်အတွက် ယခုကဲ့သို့ ဒေါ်လာဘီလျံဆယ်ပေါင်းများစွာ သုံးစွဲနေပါသည်ဆိုခြင်းကို ရုရှားနှင့်တရုတ်တို့ အနေဖြင့် အမှန်ပင်ယုံကြည်ရန် ခက်ပါလိမ့်မည်။ .........သူတို့သည် ဒုံးလက်နက်အပြိုင်အဆိုင်တပ်ဆင်ရေးကိုပြန်လုပ်ပြီး 'ပစ်လွှတ်ရန် အသင့်ထားရှိကြသည့် အနေအထား'သို့ ပြန်လည်ရောက်ရှိကုန်ကြပါလိမ့်မည်" လို့ ဒီစာမှာ သတိပေးထားပါတယ်။

နောက်ဆုံးအနေနဲ့ ဒီစာမှာ "အကယ်၍ ဤဒုံးများ စမ်းသပ်အောင်မြင်သည် ဆိုဦးတော့ တပ်ဆင်ရေးမှာ အချိန်လည်းမတန်၊ ဖြုန်းတီးရာလည်းကျ၊ အန္တရာယ်လည်း ကြီးလှပါသည်" လို့ ဖော်ပြထားပါတယ်။ သိပ္ပံပညာရှင်ကြီးများ ထွက်ဆထားတဲ့အတိုင်းလည်း အခြေအနေတွေ ဖြစ်ပေါ်နေပါတယ်။ ဒီသတင်းထွက်လာပြီး ၂ လ အကြာ ဩဂုတ်လ ၇ ရက်နေ့ထုတ် နယူးယော့ခ်တိုင်းမ်ရဲ့ ဖော်ပြချက်အရ အမေရိကန် ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးဌာန ဘေးကျပ်နံကျပ် ဖြစ်နေတာ သိရပါတယ်။

ကာကွယ်ရေးဝန်ကြီး ကိုဟင်လည်း 'အမျိုးသား ဒုံးကျည်ကာကွယ်ရေးစနစ် ' လို့ အမည်ပေးထားတဲ့ ဒီအစီအစဉ်ကို အဆုံးအဖြတ်မပေးနိုင်ဘဲ ရက်ရွှေ့လိုက်ရကြောင်း၊ ပြဿနာတွေကတော့ ပျံသန်းလာတဲ့ ဒုံးလက်နက်ကို ဒုံးခွင်းဒုံးနဲ့သုံးကြိမ်ပစ်ရာမှာ တကြိမ်သာ အောင်မြင်ခဲ့တာကတချက်၊ လက်တွေ့လုပ်ဆောင် အကောင်အထည် ဖော်နေတဲ့အဖွဲ့နဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့အကြား သဘောကွဲလွဲနေတာကတချက်၊ နောက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန အတွင်းမှာပင် အမြင်မတူကြတာတွေလည်း ပါပါတယ်။

သူတို့အငြင်းအခုံ ဖြစ်နေကြတဲ့ အထဲမှာ ဒီအစီအစဉ်ဟာ အကြိမ်ကြိမ် စမ်းသပ်ကြည့်မှ စိတ်ချရမယ့် အခြေအနေ ရှိမရှိသိနိုင်မယ်။ ဒီလိုစမ်းသပ်ရင်လည်း ငွေကုန်ကြေးကျများမယ်၊ မူလကုန်ကျစရိတ် ခန့်မှန်းထားခဲ့တာတောင် ဒေါ်လာကုဋေ ၆၀၀၀ ရှိနေတယ် – ဆိုတဲ့ အကြောင်းပြချက်တွေ ပါနေပါတယ်။

ချုပ်လိုက်ရင်တော့ နောက်တက်လာမယ့်သမ္မတ သက်တမ်းအတွင်းမှာတောင် ဖြစ်နိုင်၊ မဖြစ်နိုင် ယတိပြတ်ကြိုပြောလို့ မဖြစ်သေးဘူးဆိုတဲ့ အခြေအနေပါပဲ။

ဒါတွေကတော့ ကမ္ဘာကိုတနိုင်ငံတည်း စိုမိုးချင်တဲ့သူတွေရဲ့ အတွင်းပိုင်းပြဿနာတွေ ဖြစ်ပါတယ်။ ကရုဏာသက်စရာ အကြောင်းလည်း မရှိပါဘူး။ စာအုပ်တအုပ်ရဲ့ နံမည်ကိုယူပြီး ပြောရရင် "မင်းဒုက္ခနဲ့မင်း" ပဲလေ။

ကျွန်တော်တို့ မြင်တာက ဒုံးခွင်းဒုံးအစီအစဉ် ဆန့်ကျင်ကြတာဟာ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုရဲ့ အစိတ်အပိုင်းတခုဖြစ်တယ်။ ကလင်တန်ဆီ ကန့်ကွက်စာပို့တဲ့ သိပ္ပံပညာရှင်ကြီး ၅၀

ရဲ့လုပ်ရပ်ကို ကျွန်တော်တို့ ကြိုဆိုတယ်။ ဒီလုပ်ရှားမှုမှာ သိပ္ပံပညာရှင်များသာမက အဖွဲ့အစည်းများ၊ မီဒီယာလောကသားများ၊ အနုပညာသည်များနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့ ကမ္ဘာသူကမ္ဘာသား အားလုံးကပါဝင် ဆန့်ကျင်ကန့်ကွက်ကြရပါလိမ့်မယ်။

# တိုတိုထွာထွာ

## *လပေါ်မှာ နျူကလီယာဗုံးခွဲရန် အမေရိကန်ကြံစည်ခဲ့*

ဤအကြောင်းကို ၂၀၀၀ ခုနှစ်၊ မေ ၁၆ ရက်နေ့ထုတ် ရိုက်တာသတင်းတွင် တွေ့နိုင်သည်။

***စစ်အေးကာလ၏ အထွတ်အထိပ် အချိန်တခုဖြစ်သော ၁၉၅၇ – ၅၈ ခုနှစ်တွင် အမေရိကန်သည် ဆိုဗီယက်ယူနီယံကို ကျော်ရန်ဟူသည့် ရည်ရွယ်ချက်သက်သက်ဖြင့် ဤသို့ ရမ်းရမ်းကားကား ကြံစည်ဖူးကြောင်း ထိုစဉ်က ပါဝင်ခဲ့သော အမေရိကန် သိပ္ပံပညာရှင်တဦးက ဂျာနယ် တစောင်တွင် ရေးသားလိုက်သည်။ “ကျွန်တော်တို့အနေနဲ့ လွတ်တင်မယ့်ဒုံးပျံကို တည်ဆောက်တဲ့ အဆင့်အထိ မရောက်ခဲ့ပေမယ့် ဒီကမ္ဘာပေါ်ကနေ လှမ်းကြည့်ရင် ဘယ်လိုမြင်ရနိုင်တယ်ဆိုတာကို အစီရင်ခံရတဲ့ အဆင့် အထိတော့ ရောက်ခဲ့ပါတယ်” ဟု ယခုချီကာဂိုတွင် နေထိုင်သော ရူပဗေဒပညာရှင် လီယိုနတ်ရေဖယ် (Leonard Reiffel ) က မေးမြန်းချက်တခုကို ဖြေကြားရင်း ရေးသားခဲ့သည်။***

***သူက “ဒီလိုဗုံးဖောက်ခွဲတာရဲ့ ရည်ရွယ်ချက်ဟာ အဲဒီတုန်းက အာကာသဘက်မှာ ကျွန်တော်တို့ထက် သာနေတဲ့ ဆိုဗီယက်တွေကို ကျွန်တော်တို့အစွမ်း သိစေဖို့ဖြစ်ပါတယ်” ဟု မေလ ၄ ရက်နေ့ထုတ် ဗြိတိသျှနိုင်ငံမှ ‘သဘာဝ’ အမည်ရှိ သိပ္ပံဂျာနယ်တွင် ရေးသားခဲ့သည်။ ‘အေ ၁၁၉၊ လဗီမာန် ခရီးစဉ် လေ့လာချက် (လျှို့ဝှက် )’ ဟု အမည်ပေးထားသော ဤလျှို့ဝှက်စီမံကိန်းအား ၁၉၅၇ ခုနှစ်မှ ၁၉၅၈ ခုနှစ်လယ်အထိ အကောင် အထည်ဖော်ရန် ကြိုးစားခဲ့ကြခြင်းဖြစ်ပြီး လေတပ်အထူးလက်နက်ဗဟိုက တာဝန်ယူခဲ့ခြင်း ဖြစ်သည်။***

***ရေဖယ်၏စာနဲ့ပတ်သက်ပြီး အမေရိကန်က ဘာမှတ်ချက်မှ မပေးဘဲနေသည်။ ဤစီမံကိန်းမှာ လျှို့ဝှက်စီမံကိန်းများ ဖြစ်လေ့ ဖြစ်ထရှိသည့်အတိုင်း လေထဲတွင် ပျောက်ကွယ်သွားသည်။***

ဘာ့ကြောင့်လဲ –ဟု မေးစရာမလိုလောက်အောင် ကိစ္စက ရှင်းနေပါသည်။ ကြံကြီးစည်ရာလို့ အံ့သြ ချင်လည်း အံ့သြကြပါ။ ငြိမ်းငြိမ်းချမ်းချမ်းနေလိုသူ ကမ္ဘာသူ ကမ္ဘာသားများ အဖို့တော့ ‘ဖောက်ခွဲဖြစ်ခဲ့ရင် – – –’ ဆိုသော အတွေးကြောင့် ရှေ့ဖြစ်လာမည့် အကျိုးဆက်တွေ စဉ်းစားပြီး ရင်တုန်ပန်းတုန် ဖြစ်မိကြမှာပါ။

## *မူးယစ်ဆေးဝါးလုပ်ငန်းကိုအထောက်အကူပြုတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း*

ပဲရစ်တွင် အခြေပြုသည့် ပထဝီနိုင်ငံရေးဆိုင်ရာ မူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ ( Geopolitical Drug Watch: GDW ) ဆိုတာ ရှိပါသည်။ သတင်းစာဆရာ၊ သုတေသန ပညာရှင် စသူပေါင်း ၂၀၀ ကျော် ပါရှိသည်။ ဤအဖွဲ့ကြီး၏ အဆိုအရ “**ကမ္ဘာပေါ်ရှိ မူးယစ်ဆေးဝါးကုန်ကူးသူ သူကြွယ်ကြီးများသည် ဂလိုဘယ် လိုက်ဇေးရှင်းကြောင့် ငွေကြေးများ ခဝါချရသည်မှာ ပိုမိုလွယ်ကူ အဆင်ပြေ နေသည်** ” ဟု သိရသည်။

တနှစ်ပြီးတနှစ် ပိုမိုများပြားလာနေသော ဤငွေမည်းများအား ကမ္ဘာ့မြောက်ခြမ်းမှ ပုဂ္ဂိုလ်တွေက ပိုင်ဆိုင်သည်မှန်သော်လည်း သူတို့သည် အခွန်ကင်းလွတ်ခွင့်ရသော၊ အစစ်အဆေးနည်းပါးသော ကမ္ဘာ့တောင်ခြမ်းတွင် သွားရောက်ခဝါချလေ့ရှိကြသည်။ ဥပမာအားဖြင့် ရုရှားနိုင်ငံမှ မာဖီးယားဂိုဏ်းများသည် ၎င်းတို့၏ မသမာငွေကို ဆာမိုအာ၊ ဗန်နေ့ဝတူ စသည့် ပစိဖိတ်သမုဒ္ဒရာထဲမှ ကျွန်းလေးများပေါ်တွင် သွားရောက် ရင်းနှီးမြှုပ်နှံကြသည်။ ပြီးခဲ့သည့်နှစ်အတွင်း ဤနည်းဖြင့် ငွေဖြူဖြစ်ခဲ့သော ငွေအရေအတွက်မှာ ဒေါ်လာဘီလျံ ၃၅၀ မှ ၄၀၀ အထိရှိမည်ဟု ခန့်မှန်းသည်။

သူတို့ ဤသို့လုပ်ဆောင်နိုင်ခြင်း၏ အဓိကအကြောင်းရင်း တရပ်မှာ ရောမ ငွေလုံးငွေရင်းကြီးတွေ အစစ်အဆေး အတားအဆီးမရှိ ဥဒဟိုသွားလာခွင့် ရနေခြင်းကြောင့် ဖြစ်သည်။ ယခုအခါ ကမ္ဘာအရပ်ရပ်မှ မာဖီးယားဂိုဏ်း ခေါင်းဆောင်များသာမက အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတိုက်တို့မှ ဘိန်းဖြူသမားများ၊ ကိုကင်းရောင်းဝယ်သူများလည်း ဤလမ်းကြောင်းကြောင့် ကြီးပွားလျက် ရှိကြသည်ဟု သတင်းတရပ်က ဆိုပါသည်။

“မူးယစ်ဆေးဝါး” တဲ့ဆိုလျှင် ကမ္ဘာတွင် ရွှေတြိဂံသည် ထင်ရှားသည်။ အညတြ ဗမာနိုင်ငံသည် ထိုးထွက်ကာ ကျော်ကြားခဲ့သည်။ သို့သော်ပြီးခဲ့သည့် နှစ်ကတော့ ဘိန်းအထွက် ပထမနေရာမှ ဒုတိယနေရာသို့ ဆင်းပေးခဲ့ရသည်။ ပထမနေရာ တက်လာသူ အာဖဂန်က ယခုနှစ်ဘိန်းစိုက်ပျိုးမှုကို တရားဝင်ပိတ်ပင်တားဆီးသော အမိန့်ထုတ်ပြန်လိုက်သည်။

# တိုတိုထွာထွာ

## အာဏာနဲ့ လောဘ

ဒါကြောင့် နောက်ဆုံးအခြေအနေ
နှစ်ချုပ်စာရင်းကို
ကြည့်ကြရပါဦးမည်။

ကမ္ဘာတွင်
'ကျော်တော့ လေ့သူကြီး'
ဇာတ်လမ်းများ ရှိပါသည်။
နံမည်ထွက်နေသည်က
ဗမာပြည်နှင့်
စိုက်ပျိုးသူတိုင်းရင်းသားများ –
ကြီးကြီးမားမား အမြတ်ထွက်
အကျိုးခံစားခွင့် ရနေသူများက
အုပ်စိုးသူနှင့် လက်တဆုပ်စာ
ဋ္ဌကြီးဋ္ဌကောင်းများသာ
ဖြစ်ခဲ့သည်။
နိုင်ငံတကာတွင်လည်း
မာဖီးယားဂိုဏ်းများက
ဖြန့်ချိရေး လုပ်ငန်းများကို
လက်ဝါးကြီးအုပ်ပြီး ခပ်ထောထော
နေနိုင်ခဲ့ကြသည်။

ယခုတော့
ဂလိုဘယ်လိုက်ဇေးရှင်းကြီး၏
အကျိုးပြုမှုကြောင့်
ကမ္ဘာပေါ်ရှိ မူးယစ်ဆေးဝါး
ကုန်သည်ကြီးများ
ဘယ်မျှချမ်းသာသည်၊
ဘယ်လိုလှည့်ပတ်နိုင်သည်
ဆိုသည်ကို သိလာကြရပါပြီ။
နည်းပညာ၊ အတတ်ပညာများကြောင့်
မြန်မြန် ခြေရာခံနိုင်၊
မြန်မြန်သတင်းဖြန့်နိုင်သည့်
ရလဒ်ကောင်းကိုဖြင့်
ကြိုဆိုကြရမှာပါ။

အာဏာရှင်တချို့ရဲ့
ချမ်းသာကြွယ်ဝမှု စာရင်းဇယားတချို့
တွေ့လိုက်မိတယ်။ ချမ်းသာကြတာတော့
ဟုတ်ပါရဲ့၊

ဘယ်လိုချမ်းသာမှုမျိုးလဲ –
ခိုးကြံဖှက်ကြရာက ရတဲ့
'ခန'တွေဖြစ်ပါတယ်။
နတ်လူသာခုခေါ်ရမယ့် အလုပ်တွေလုပ်ပြီး
စုမိဆောင်းမိလာကြတာ မဟုတ်ပါ။
ဒါကြောင့်လည်း တချို့က
မသေခင်ကတည်းက အပုပ်နံ့ထွက်ပါတယ်။
တချို့ကတော့ သေပြီးမှ
တထောင်းထောင်းထပါတယ်။

ဖိလစ်ပိုင်သမ္မတဟောင်း မားကို့စ်
'ဘုံး' ထားခဲ့တဲ့ တန်ဖိုးက
အမေရိကန်ဒေါ်လာ သန်း ၅,၀၀၀ မျှ
ရှိပါတယ်။ ဖိလစ်ပိုင်အစိုးရက
ပြန်ကောက်သင်းကောက်လို့ ရတာက
ဒေါ်လာသန်း ၂,၀၀၀ – ဒီအထဲမှာ
အစုရှယ်ယာလက်မှတ်၊ တိုက်တာခြံမြေ၊
ငွေသား၊ စိန်ရွှေရတနာတွေ ပါပါတယ်။

ဇိုင်ယာသမ္မတဟောင်း မိုဘူတူရဲ့
ချမ်းသာကြွယ်ဝမှုကိုတော့ ဒေါ်လာသန်း
၄,၀၀၀ မှ ၁၀,၀၀၀ အထိ ခန့်မှန်းကြ
ပါတယ်။ သူမသေခင် တိုင်းပြည်က
ထွက်ပြေးရတယ်။ နိုင်ငံခြားမှာပဲ သေတယ်။
နိုင်ငံတော်ကသူ့ပိုင်ဆိုင်မှု
တချို့တဝက်ကိုသာ ပြန်သိမ်းနိုင်တယ်။
လက်ဆုပ်လက်ကိုင်အနေနဲ့
ဆွစ်ဇာလန်ဘဏ်မှာ အပ်ထားတဲ့
ဒေါ်လာ ၄ သန်း ဖော်ထုတ်လို့ရပြီး
ဒီငွေကို ဒီအတိုင်း 'ခဲ'ထားရတယ်။
တိုင်းပြည်က မအေးချမ်းသေးတော့
စနစ်တကျ မဖော်ထုတ်နိုင်ကြသေးပါဘူး။

ယောတီလိုက္ကျွန်းငယ်လေးရဲ့
သမ္မတဟောင်း ဒူဗားလီးယားကတော့
ဒေါ်လာသန်း ၁၂၀ မှ
ဒေါ်လာသန်း ၄၀၀ လောက်
ကြွယ်ဝပါတယ်။ ဇနီးနဲ့ကွာရှင်းရာမှာ
ဒီငွေတွေထဲက တော်တော်များများ
သုံးလိုက်ရတယ်လို့ ဆိုပါတယ်။

နိုင်ဂျီးရီးယားသမ္မတ အဘာချာ
ဆိုတာလည်း ရှိသေးတယ်။
နောက်တက်သမ္မတအိုဘာဆန်ဂျိုက
"အဘာချာဟာ နိုင်ငံအကြီးအကဲ
ဘဝရောက်တာ ၅ နှစ်တောင်မပြည့်သေးဘူး၊
နိုင်ငံတော်ငွေ ဒေါ်လာသန်း ၄,၀၀၀ ကျော်
ခိုးယူခဲ့တယ်" လို့ ပြောပါတယ်။

ဒီအဘာချာဆိုတဲ့လူဟာ
မသေခင် မိန်းမရှင် ၃ ယောက်နဲ့
နေရင်းထိုင်ရင်း၊ အပျော်ကျူးရင်း
အသက်ထွက်သွားတဲ့ အာဏာရှင်ပါ။
နိုင်ငံတော်အခမ်းအနားမလုပ်ဘဲ
သေပြီးနောက်နေ့မှာပဲ သင်္ဂြိုဟ်လိုက်ကြ
ပါတယ်။ ဇနီးဖြစ်သူက အထုပ်အပိုးပြင်ပြီး
နိုင်ငံခြားလစ်ထွက်ဖို့ လေဆိပ်ကို
ဆင်းပါတယ်။ အစစ်ဆေးခံရပါတယ်။
သယ်လာတဲ့ တနင့်တပိုးအထုပ်ကြီးတွေက
၃၈ ထုပ်တောင် ပါပါသတဲ့။
'ဖြေ'ကြည့်တော့
ခရီးဆောင်လက်ဆွဲအိတ်ကြီးတွေထဲမှာ
ဒေါ်လာငွေတွေ အပြည့်အသိပ်
ထည့်ထားတာ တွေ့လိုက်ကြရတယ်။

အင်ဒိုနီးရှားသမ္မတဟောင်း
ဆူဟာတိုရဲ့ ချမ်းသာကြွယ်ဝမှုကိုတော့
ဒေါ်လာသန်း ၄၀,၀၀၀ (ဘီလျံ ၄၀) အထိ
တွက်ထားပါတယ်။
ကိုယ့်တိုင်းပြည်နဲ့ ပတ်သက်နေတဲ့
ပုဂ္ဂိုလ်ဖြစ်လို့
နည်းနည်းဖြွေစွက်ပြောချင်ပါတယ်။

၆၂ ခုနှစ် ဗမာပြည်ကို
စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက်
မြန်မာ့နည်း – မြန်မာ့ဟန်လို့
ကြွေးကြော်ခဲ့ပါတယ်။ အလဲလဲအကွဲကွဲ
ဖြစ်သွားတဲ့နောက်မှာတော့ အင်ဒိုနည်း
အင်ဒိုဟန်အဖြစ် ခြေလှမ်းပြင်ပါတယ်။

ဆူဟာတိုရဲ့သားသမီးတွေနဲ့
စီးပွားရေးချိတ်ဆက်မှုတွေ လုပ်ပါတယ်။
ကံမကောင်း အကြောင်းမလှတာက
အဲဒီအချိန်မှာပဲ
ဆူဟာတိုအဖြုတ်ခံလိုက်ရတယ်။

မြန်မာ့နည်း –
မြန်မာ့ဟန်ခေတ်က ကိုယ်ပိုင်ဟန်နဲ့
ဦးနေဝင်း ချမ်းသာသွားတာ ရှိခဲ့ပါတယ်။
နောက်တက် န၀တ – နအဖ
စစ်ဗိုလ်တွေအနေနဲ့ ဆူဟာတိုဆီက
နည်းယူစရာတွေ၊
မျှော်လင့်ချက်ထားတာတွေ တပုံတပင်
ရှိပုံရပါတယ်။ အဲဒီအထဲမှာ
ရေရှည်အာဏာထိန်းနည်းနဲ့
ကိုယ့်ကိုယ်ကိုချမ်းသာအောင်လုပ်နည်းက
အဓိကဖြစ်ပါလိမ့်မယ်။ ဦးနေဝင်းနည်းက
ပွင့်ကျနေပါပြီ။

န၀တ – နအဖ ဗိုလ်ချုပ်တွေ
ခြေလှမ်းတွေလှမ်း (တချို့ကတော့
အချုပ်ထဲရောက်ကုန် ) လို့
ကောင်းတုန်းရှိသေး – ရှေ့ကပြေးပြနေတဲ့
ဆူဟာတို မှောက်ထိုးလဲသွားတာ
တွေ့လိုက်ကြရတယ်။
ဒီတော့ဆက်ပြေးရမလား၊
နောက်ပြန်လှည့်ရမလား၊ ဆတ်တငံ့ငံ့
ဖြစ်ကုန်ပါတယ်။ ဆူဟာတိုခမျာ တရားရုံးမှာ
ရင်ဆိုင်နေရပါပြီ။ 'မှောက်ထားသောခွက်ကို
လှန်လိုက်ဘိသကဲ့သို့'
စင်းစင်းကြီးမြင်ရလေမလား၊ 'ဘူး'
တလုံးဆောင်လိုက်၊ ကျန်းမာရေး
အကြောင်းပြလိုက်နဲ့ ခုလိုပဲ
ဆက်သွားလို့ရမလား၊
စောင့်ကြည့်ကြရမှာပါ။

အာဏာရှင်တွေမှာ
တူညီချက်တွေရှိပါတယ်။ အတ္တ၊
အကျင့်စရိုက်၊ လုပ်ဟန်တွေမှာ
ဖော်ပြပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေ
အလွဲသုံးစားလုပ်ကြတယ်။ ဒီငွေတွေနဲ့ဗိမ်ခံ၊
မိန်းမလိုက်စားကြတယ်။ မသေခင်မှာ
ကိုယ့်မိသားစုဆွေမျိုးတွေ အခြေခိုင်အောင်
လုပ်ထားတတ်ကြတယ်။ ငွေတွေကို
နိုင်ငံခြားဘဏ်တွေမှာ ကွဲဝှက်အပ်နှံထားကြ
တယ်။ နိုင်ငံခြားမှာ အိမ်ခြံမြေတွေ
ဝယ်ထားကြတယ်။ ရေပိတ်စကားပြောရရင်
ကိုယ့်မသမာမှုတွေ ပေါ်တာတောင်
လက်ရောက်နေဥစ္စာတွေ ပြန်မအပ်ကြဘဲ၊
ထွက်ပေါက်ရှာကြတာမှာ တူတယ်။

ကျွန်တော်တို့နိုင်ငံမှာ
စစ်အာဏာရှင် အစိုးရတက်နေတာ ၃၈
နှစ်ရှိနေပါပြီ။
စစ်အုပ်စုရဲ့ကြွယ်ဝမှုသတင်းတွေ တချို့တချို့
ပေါက်ထွက်လာပါတယ်။
နိုင်ငံခြားအာဏာရှင်တွေနဲ့ နှိုင်းယှဉ်နိုင် –
မနှိုင်းယှဉ်နိုင် ဒီနေ့ကာလမှာ
မပြောနိုင်သေးပါ။ သို့သော်
ကျောက်မျက်ရတနာလို – နဲ့ဆက်စပ်နေကြ
သူတွေဖြစ်လို့ မသာရင်နေမယ်၊
အောက်တန်းကျဖို့တော့ မရှိပါ။ ဦးနေဝင်းက
သူ့လက်အောက်ငယ်သားတွေကို "ခြေမမြဲ
လက်မြဲအောင်" လုပ်ထားဖို့
ပညာပေးလေ့ ရှိပါတယ်။
အမှုအကျင့်တွေမှာလည်း
နိုင်ငံတကာအဆင့်မီပါတယ်။

## ကိုတိုထွာထွာ

– မားကို့စ် ကိစ္စတွေကို
သေပြီး ၁၀ နှစ်ကြာမှ
ဖော်ထုတ်နိုင်ခဲ့ကြတယ်။

– မိုဘူတူရဲ့
ဓနဥစ္စာတွေကလည်း ပေါ်ပြီးရင်းပေါ်ရင်း
ဖြစ်လာနေပါတယ်။

– ဗမာပြည်ပဲ ကျန်ပါတော့တယ်။
အာဏာရှင်ကြီး၊
အာဏာရှင်လေးတွေအလှည့်
မကြာမီရောက်လာမှာပါ – လို့
ယုံကြည်ပါတယ်။

## ကိုးရီးယားစီးပွားရေးလောကမှ ဘ၀သံသရာ

အရှေ့တောင်အာရှမှာ စတင်ခဲ့တဲ့
ငွေကြေးအကျပ်ရိုက်မှုကနေ
အကျိုးဆက်အဖြစ် တောင်ကိုရီးယားနိုင်ငံက
ဒေဝူးကုမ္ပဏီကြီး ဗုန်းဗုန်းလဲ
ကျသွားပြီးတဲ့နောက်
ဟွန်ဒိုင်းကုမ္ပဏီကြီးလည်း မျက်လုံးနီနေပါပြီ။
ဂယိမ်းဂယိုင်နဲ့ ထိန်းညှိမှုတွေ
လုပ်နေရပါတယ်။ ငွေကြေးတောင့်တင်းမှုနဲ့
လုပ်ငန်းအရ ဟွန်ဒိုင်းက
နိုင်ငံရဲ့ထိပ်ဆုံးအဆင့်မှာရှိပြီး ဒေဝူးက
ဒုတိယနေရာမှာ ရှိပါတယ်။

ဟွန်ဒိုင်းကို
တည်ထောင်သူလည်းဖြစ်၊ အစုအများဆုံးကို
ပိုင်ဆိုင်သူလည်းဖြစ်တဲ့ ချွန်ကျူယွန်းက
မိမိတို့အိမ်ထောင်စုအနေနဲ့ ဒီကုမ္ပဏီကြီးရဲ့
အုပ်ချုပ်မှုလုပ်ငန်းတွေထဲ ပါ၀င်မှု
လျှော့ချပေးမယ်။ ပြည်ပအစုရှင်တွေကို
အုပ်ချုပ်မှုမှာ ပိုမိုပါ၀င်ခွင့်ပေးပါမယ် – လို့
မေလ ၃၁ ရက်နေ့က ကြေညာသွားပါတယ်။

ဒေဝူးက
အကြွေးဒေါ်လာသန်းပေါင်း ၇၈,၀၀၀ ကို
ပြန်မဆပ်နိုင်လို့
ကျွမ်းပြန်ကျသွားရခြင်းဖြစ်တယ်။ ဒီငွေဟာ
ငွေကြေးအကျပ်အတည်းက
သက်သာစေဖို့ဆိုပြီး အိုင်အမ်အက်ဖ်က
တောင်ကိုရီးယားနိုင်ငံကို
ချေးပေးတဲ့ငွေစုစုပေါင်းထက် ဒေါ်လာသန်း
၂၀,၀၀၀ ပိုနေပါသေးတယ်။

အခုတခါ ဟွန်ဒိုင်းကုမ္ပဏီ
အခြေယိုင်လာတော့ အစိုးရအနေနဲ့
လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ပါ။
ထိန်းညှိမှုတွေ ပြုလုပ်ပေးကြဖို့
အမျိုးမျိုးဖိအားပေးတော့မှ ဒီမိသားစုက
ပန်းပေးလက်မြှောက်သွားခြင်း ဖြစ်ပါတယ်။

မကြာမီမှာပဲ ဒီကုမ္ပဏီကြီးကို
ခုတ်ထစ်ရောင်းချရပါတော့မယ်။ ဒီအခါ
အစုတော်တော်များများဟာ
နိုင်ငံခြားသားတွေလက်ထဲ ရောက်သွားကြ
မှာပါ။

ဟွန်ဒိုင်းအနေနဲ့
မြောက်ကိုရီးယားနိုင်ငံထဲ
ရင်းနှီးမြှုပ်နှံထားတာကလည်း
အတော်များပါတယ်။ အမေရိကန်ကသာ
ဟွန်ဒိုင်းအစုရှယ်ယာ အများအပြားကို
၀ယ်ယူလိုက်ရင် ပြဿနာတက်လာစရာ
ရှိပါတယ်။ မြောက်ကိုရီးယားက
အမေရိကန်တွေကို ရင်းနှီးမြှုပ်နှံခွင့်မပြုဖို့
ဥပဒေထုတ်ထားလို့ ဖြစ်ပါတယ်။

ဆိုရိုးစကားတခုမှာ
'ငရဲနဲ့ခြောက် – ဘုံနဲ့မြှောက်'
ဆိုတာရှိပါတယ်။ 'ဈေးကွက်စီးပွားရေး'
ခေတ်ကာလမှာတော့ ကြော်ငြာတွေက

## တိုတိုထွာထွာ

လွှမ်းမိုးနေပြီး 'ဘုံခန်း' ကိုသာ အမွှမ်းတင်နေကြပါတယ်။ ဒေဝူးနဲ့ဟွန်ဒိုင်းတို့ရဲ့ ကြီးကျယ်ခမ်းနားမှုကိုသာ မိတ်ဆက်ပေး ခံနေရပါတယ်။
အတွင်းပိုင်းအကျပ်အတည်းကို မမြင်ကြပါဘူး။ တကယ်က ဒေဝူးနဲ့ဟွန်ဒိုင်း ရင်ဆိုင် ကြရတဲ့ အဖြစ်မျိုးဟာ အရင်းရှင်ကမ္ဘာမှာ တလျှောက်လုံး ရှိလာခဲ့ကြတာပါ။ အီးယူမှာ၊ ဂျပန်မှာသာမက အမေရိကမှာပါ ဖြစ်ဆဲဖြစ်လတ္တံ့ ကိစ္စတွေပါ။
'ငရဲ ' ရှိနေသေးတာကိုလည်း မြင်တတ်ဖို့လိုပါတယ်။
အနှစ်သာရကိုလည်း သဘောပေါက်ကြရပါမယ်။

## ကမ္ဘာ့အားကစားလောကမှ ဩဇာအကြီးဆုံးလူ ၅၀

*အားကစားလောကတွင် အင်အားချိန်ခွင်လျှာ ပြောင်းနေသည်။ ရူးပတ်မားဒေါ့ခ်* **(Rupert Murdoch)** *သည် ဤအပြောင်းအလဲကို အထင်ရှားစေဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ သူသည်အားကစားသမားမဟုတ်၊ အုပ်ချုပ်သူလည်းမဟုတ်၊ သို့သော် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း သူသည်အားကစားလောက၏ ဩဇာအကြီးဆုံး ပုဂ္ဂိုလ် ဖြစ်လာသည်။ အတ္တလန္တိတ်သမုဒ္ဒရာ တဖက်တချက်နှင့် အာရှတိုက်၊ ဩစတြေးလျနိုင်ငံတို့၌ အားကစားကို ကြည့်ရှုမှုနှင့် ငွေကြေး သုံးစွဲမှုတို့ကို အကြီးအကျယ် ပြောင်းလဲသွားစေခဲ့သည်။ ကမ္ဘာနှင့်ချီသော ဩဇာအကြောင်းကို ပြောရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဘလက်တာနှင့် အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဆာမာရန့်ချ်တို့ပင် သူ့ကိုမမီကြပေ။*

ဒါကတော့ ၂၀၀၀ ခုနှစ်၊ မတ်လ ၂၇ ရက်ထုတ် ဂါးဒီးယန်းသတင်းစာမှ ကောက်နုတ်ချက် ဖြစ်ပါတယ်။
ဒီသတင်းစာက 'စဉ်'ပေးထားတဲ့ စာရင်းထဲမှာ အားကစားဝါသနာရှင်များ၊ စာဖတ်သူများ အထိအတွေ့များတဲ့ နံမည်တချို့ ထုတ်နုတ်ပြပါမယ်။

၁။ ရူးပတ်မားဒေါ့ခ် – မီဒီယာသူဌေးကြီး။
၂။ ဆက်ဘလက်တာ – ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ။
၃။ ဟွမ်အန်တိုနီယိုဆာမာရန့်ချ် – နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ။
၄။ လီယိုကာ့ခ် – ဂျာမဏီမှ မီဒီယာသူဌေးကြီး။
၅။ တက်တာနာ – စီအင်န်အင်န် **(CNN)** သတင်းဌာနကို တည်ထောင်သူ တဦးလည်းဖြစ်၊ **(AOL)** တိုင်းဝါနာမီဒီယာလုပ်ငန်းကြီး၏ ဒုဥက္ကဋ္ဌလည်းဖြစ်တယ်။
၆။ ဖီလ်နိုက် – နိုက်ကီ **(NIKE)** ခေါ် ကမ္ဘာ့အကြီးဆုံး အားကစားအသုံးအဆောင် ပစ္စည်းကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ။
၇။ လဲနက်ဂျိုဟန်ဆင် – ဥရောပ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ။
၁၅။ ဆီလ်ဗီယိုဘာလူစကိုနီ – အီတလီနိုင်ငံ အေစီမီလန်အသင်း ဥက္ကဋ္ဌ။
၁၇။ ချားလ်စ်ဖရု – ကမ္ဘာနှင့်အဝှမ်း ကိုကာကိုလာမှ ကြီးမှူးကျင်းပသော အားကစားပွဲများ၏ တာဝန်ခံ။
၂၄။ ရောဘတ်ဒရေးဖတ်စ် – အက်ဒီဒတ်စ်ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ။
၄၀။ ဖရင့်ဘက်ကင်ဘောဝါး – ဂျာမဏီဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ။
၄၄။ မိုက်ကယ်ဂျော်ဒန် – ယခင်အမေရိကန်ကြေးစား ဘတ်စကက်ဘောသမား၊ ယခုအသင်းပိုင်ရှင်။
၄၆။ ဒွန်ကင်း – လက်ဝှေ့ပွဲစီစဉ်သူ။
၄၈။ တိုက်ဂါးဝုဒ်စ် – ဂေါက်သီးရိုက်သမား။
၄၉။ ယီးန်ဂျူးပွန့် – ဥရောပဘောလုံးလောကမှ ကမ္ဘာကျော် ဘော့စမန်အမှုကို နိုင်အောင်လိုက်ပေးသူရှေ့နေ။

ဒီစာရင်းကြည့်လိုက်ရင်ကိုပဲ ဘယ်လိုပုဂ္ဂိုလ်တွေက အားကစားလောကကို ချုပ်ကိုင်ထားနိုင်သလဲဆိုတာ ပုံပေါ်ပါတယ်။ နံပါတ်တစ် အဆင့်ရထားတဲ့ ပုဂ္ဂိုလ်ဟာ ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံး ကြေးစား ကလပ်သင်း မန်ချက်စတာယူနိုက်တက် အသင်းကိုတောင် ငွေနဲ့ပေါက်ဝယ်ထားလိုက်နိုင်သူပါ။ ငွေက အားကစားကို ရှေ့ဆောင်နေပါတယ်။

မကြာခင်ကပဲ သက္ကရာဇ် ၂၀၀၆ ခုနှစ်၊ ကမ္ဘာ့ဖလားပြိုင်ပွဲအိမ်ရှင်အဖြစ် ဂျာမဏီကို ရွေးချယ်လိုက်ပါတယ်။ အများစုက ရမယ်ထင်ထားတဲ့ တောင်အာဖရိကနိုင်ငံ ၁ မဲနဲ့ အရေးနိမ့်သွားပါတယ်။ တောင်အာဖရိကနိုင်ငံကို မဲပေးဖို့လုပ်ထားတဲ့ အိုရှင်းနီးယားနိုင်ငံတွေ ကိုယ်စားပြု ကိုယ်စားလှယ်က မဲမပေးဘဲ ရှောင်ထွက်သွားပါတယ်။ ခြိမ်းခြောက်ခံရလို့လို့ ဆိုပါတယ်။

ဆောင်းရာသီ အိုလံပစ်အိမ်ရှင်အဖြစ် ဆော့လိတ်စီးတီး **(Salt Lake City )** မြို့ အရွေးခံရအောင် လာဘ်ငွေယူပြီး မဲပေးခဲ့တဲ့ အိုလံပစ်ကော်မတီဝင်တွေကို အရေးယူလိုက်ရပါတယ်။

ယခုကျင်းပတော့မယ့် သက္ကရာဇ် ၂၀၀၀ အိုလံပစ်အိမ်ရှင်ဖြစ်ဖို့ ပီကင်းနဲ့ ဆစ်ဒနီ ယှဉ်ပြိုင်ပွဲမှာလည်း ပြဿနာပေါ်ခဲ့ပါသေးတယ်။

ချုပ်လိုက်ရင် အားကစားမှာလည်း လာဘ်ထိုးတာ၊ ခြိမ်းခြောက်တာတွေ ရှိနေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ကမ္ဘာ့စီးပွားရေးတင်မက အားကစားမှာပါ ဖွံ့ဖြိုးစတိုင်းပြည်တွေအပေါ် အခွင့်အရေးယူနေတာ တွေ့နိုင်ပါတယ်။

"ရှုံးသည်နိုင်သည်ထက် – ပါဝင်ယှဉ်ပြိုင်ခြင်းသာအဓိက" ဆိုတဲ့ အိုလံပစ်ဆောင်ပုဒ်ဟာ အိမ်ရှင်နိုင်ငံအဖြစ်

## တိုတိုထွာထွာ

ကျင်းပခွင့် ရရေးမှာပါ အကျုံးဝင် နေသလားမသိ၊ ဆင်းရဲနိုင်ငံများသာ လိုက်နာရမည့် ဆောင်ပုဒ်လို ဖြစ်နေပါတယ်။ အိုလံပစ်သိက္ခာကို ငွေနဲ့ဝယ်လို့ရနေပြီ ဆိုတဲ့သဘောပါ။

အားကစားမှာ အဆင့်အတန်း ရှိခဲ့ဖူးတဲ့ ဗမာပြည်ရဲ့ အခြေအနေကကော –

– အရှေ့တောင်အာရှ အဆင့်မှာတောင် မြက်စားလိုက်နေရတာ ကြာပါပြီ။

– ဗမာ့အားကစားအပေါ်   သြဇာရှိသူ ဘယ်နှယောက် ရှိပါသလဲ။ (ချုပ်လိုက်ရင် – တယောက်ပဲတွေ့ပါတယ်)

– အားကစားရှေ့ရေးကကော –

ဗမာပြည်မှာ မားဒေါ့လို သူကြွယ်ကြီးများ ပေါ်ထွန်းနေပါပြီ၊ သိန်းရာချီလှူသူပင် ရှိလာပါပြီ။ လိုအပ်သည်များ ညွှန်ကြားလိုက်ရင် ထပ်လည်းလှူကြရဦးမှာပါ။ ရှေ့ရေးကိုတော့  စောင့်ကြည့်ရပါလိမ့်မယ်။

ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အဆင့်မှာတော့ အစွမ်းပြခဲ့ပါပြီ။   ။

# မာတိကာ


● မြန်မာ့နည်းမြန်မာ့ဟန်ဖက်ဆစ်ဝါဒ ၁

● နယ်ချဲ့ဆန့်ကျင်ရေး ၃

● စစ်အုပ်စုရဲ့နိုင်ငံခြားရေးဝါဒ ၁၀

● ဖက်ဆစ်စနစ်အကြောင်း ၁၆

● ဗမာပြည်ဆိုင်ရာသတင်း ( ၂ ) ပုဒ် ၂၀

● ထိုးသားများများရအောင်လုပ်နေတဲ့ဒိုင်ချုပ် ၂၅

● အနောက်မိုးကုပ်စက်ဝိုင်းဆီက ၃၀

● အဘိဓမ္မာပို့ချချက် ၃၃

● ဘောဂဗေဒဟောပြောချက် ၃၈

● နိုင်ငံတကာရေးရာတိုတိုထွာထွာ ၄၂



ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနမှထုတ်ဝေသည်